မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၅၂ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
( ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့်**

၁။ ဤအမိန့်ကို **ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့်** ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း**ဆိုသည်မှာ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေနှင့် အခြားသက်ဆိုင်သောဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးဦး အတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက် ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့်ဆောင်ရွက်သည့် ကူးသန်း ရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ရေး ကောင်တာ၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြား အဖွဲ့အစည်းများလည်း ပါဝင်သည် -

(၁) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေရှိ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းအဓိပ္ပာယ် ဖော်ပြချက်တွင်ပါရှိသော ဆောင်ရွက်ချက်များအားလုံး၊

(၂) ငွေကြေးဆိုင်ရာအငှားချခြင်း၊

(၃) အာမခံသေတ္တာများလက်ခံထိန်းသိမ်းခြင်း၊ ငွေသားကိုလုံခြုံစွာ ထိန်းသိမ်းခြင်းနှင့် အခြား ပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်များ စီမံခန့်ခွဲပေးခြင်း။

(ခ) **ရုပ်ဒြပ်အရတည်ရှိခြင်း**ဆိုသည်မှာ စိတ်ပါဝင်စားစွာ ဆောင်ရွက်သည့် စီမံခန့်ခွဲမှုအဖွဲ့သည် နိုင်ငံတစ်နိုင်ငံအတွင်း သတ်သတ်မှတ်မှတ်တည်ရှိခြင်းကို ဆိုသည်။ နိုင်ငံသားကိုယ်စားလှယ် သို့မဟုတ် အောက်ခြေဝန်ထမ်းများသာ ခန့်ထားခြင်းသည် ရုပ်ဒြပ်အရ တည်ရှိခြင်းမဟုတ်ပေ၊

(ဂ) **ဥပဒေရေးရာပုဂ္ဂိုလ် (Legal Person)** ဆိုသည်မှာ လူပုဂ္ဂိုလ်မှအပ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အမြဲတမ်းဆက်သွယ်ဆောင်ရွက်သည့် လုပ်ငန်းထူထောင်ထားရှိသော သို့မဟုတ် ငွေကြေးပစ္စည်းပိုင်ဆိုင်သော အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ ဖက်စပ်လုပ်ငန်း၊ အစုအဖွဲ့များ၊ ဖောင်ဒေးရှင်းအဖွဲ့အစည်းများ၊ အစုစပ်လုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ လူစုအဖွဲ့အစည်းများနှင့် အခြားအလားတူအသင်းအဖွဲ့များလည်း ပါဝင်သည်။

(ဃ) **ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု (Legal Arrangements)** ဆိုသည်မှာ ယုံကြည်လက်ခံမှုဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ သို့မဟုတ် အခြားအလားတူ ဥပဒေရေးရာ စီမံဆောင်ရွက်မှုများကို ဆိုသည်။

(င) **အကျိုးခံစားခွင့်ရှိသူပိုင်ရှင်**ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၌ ဖော်ပြထားသော အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီ ဖြစ်သည်။ ယင်းစကားရပ်တွင် လွှဲပြောင်းဆောင်ရွက်မှုပြုလုပ်သည့် ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် လူပုဂ္ဂိုလ်ကို ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်သော လူပုဂ္ဂိုလ်လည်း ပါဝင်စေရမည်။ ယင်းစကားရပ်၌ ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဆောင်ရွက်ချက်တစ်ခုကို အဆုံးစွန်ထိရောက်သော ထိန်းချုပ်မှုပြုလုပ်သူများလည်း ပါဝင်သည်။

(စ) **အဆုံးစွန်ထိရောက်သောထိန်းချုပ်မှု**ဆိုသည်မှာ ပိုင်ဆိုင်မှု/ထိန်းချုပ်မှုကို တိုက်ရိုက်ဆောင်ရွက်ခြင်း မရှိသော်လည်း ပိုင်ဆိုင်မှုကွင်းဆက်အဆင့်ဆင့် သို့မဟုတ် ထိန်းချုပ်မှုအဆင့်ဆင့်ဖြင့် ပိုင်ဆိုင်ခြင်း/ထိန်းချုပ်ခြင်းအခြေအနေကို ခေါ်ဆိုသည်။

(ဆ) **ဆက်သွယ်ဆောင်ရွက်သူ**ဆိုသည်မှာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၌ ဖော်ပြထားသော အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီဖြစ်သည်။ ယင်းစကားရပ်တွင် သတင်းပို့ အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းအရ ပတ်သက်ဆက်နွှယ်သူများလည်း ပါဝင်သည်။

(ဇ) **ပစ္စည်း**ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၌ ဖော်ပြထားသော အဓိပ္ပာယ်ဖော်ပြချက်နှင့် အညီဖြစ်သည်။ ယင်းစကားရပ်တွင် မည်သည့်နည်းလမ်းဖြင့် ရရှိထားသည်ဖြစ်စေ ထိတွေ့ကိုင်တွယ်၍မရသော သို့မဟုတ် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော မည်သည့်ပစ္စည်းမဆိုနှင့် ဘဏ်ချေးငွေ၊ ခရီးသွားချက်လက်မှတ်၊ ဘဏ်ချက်လက်မှတ်၊ ငွေပေးအမိန့်၊ အစုရှယ်ယာ၊ ငွေချေးသက်သေခံလက်မှတ်၊ ငွေချေးစာချုပ်၊ ဘဏ်ငွေလွှဲလက်မှတ်၊ ငွေလွှဲစာတမ်းနှင့် ငွေကြေး သို့မဟုတ် ရရန်ပိုင်ခွင့်များပေါ်မှ ရရှိလာသည့် အတိုး၊ အမြတ်ငွေ၊ အခြားဝင်ငွေနှင့် တိုးမြင့်လာသည့် တန်ဖိုးများအပါအဝင် ငွေကြေး သို့မဟုတ် ရရန်ပိုင်ခွင့်များအပေါ် ရပိုင်ခွင့် သို့မဟုတ် အကျိုးခံစားခွင့် အတွက် အထောက်အထားဖြစ်သည့် (အီလက်ထရောနစ် သို့မဟုတ် ဒီဂျစ်တယ်ပုံစံအပါအဝင်) မည်သည့်ဥပဒေဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် စာချုပ်မျိုးမဆိုတို့ ပါဝင်သည်။

(ဈ) **တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ**ဆိုသည်မှာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၌ ဖော်ပြထားသော အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီဖြစ်သည်။ ယင်းစကားရပ်၌ ပစ္စည်းမှဖြစ်စေ၊ ပစ္စည်း၏တစ်စိတ်တစ်ပိုင်း သို့မဟုတ် ပစ္စည်းတစ်ခုလုံးကို အခြားပစ္စည်းတစ်မျိုးမျိုးသို့ ပြောင်းလဲခြင်းကြောင့်ဖြစ်စေ ရရှိသည့်အကျိုးအမြတ်များမှ ရလဒ်အဖြစ်ပေါ်ပေါက်လာသည့်ဝင်ငွေ သို့မဟုတ် အခြားအကျိုးခံစားခွင့်များအပါအဝင် စီးပွားရေးအရအကျိုးအမြတ်များ ပါဝင်သည်။

(ည) **လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ**ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၌ ဖော်ပြထားသော အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီဖြစ်သည်။ ယင်းစကားရပ်၌ ကိုင်ဆောင်သူက လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများလည်းပါဝင်သည်။ ကိုင်ဆောင်သူက လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများတွင် ကိုင်ဆောင်နိုင်သည့် ငွေကြေးဆိုင်ရာစာချုပ်စာတမ်းများဖြစ်သည့် ခရီးသွားချက်လက်မှတ်၊ ကိုင်ဆောင်သူက လွှဲပြောင်းနိုင်သည့်ပုံစံဖြင့် ရှိသည်ဖြစ်စေ၊ ကန့်သတ်ချက်မထားဘဲ မှန်ကန်ကြောင်း ထောက်ခံချက်ပေးထားသည် ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံသူအမည် ဖြည့်စွက်၍ဖြစ်စေ၊ လွှဲပြောင်းပေးလိုက်ပါက ရပိုင်ခွင့်ရှိသွားစေသည့် ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်နှင့် ငွေပေးအမိန့်တို့အပါအဝင် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ၊ ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်နှင့် ငွေပေးအမိန့်တို့ အပါအဝင် ရယူမည့်သူ၏အမည်ကို ချန်လှပ်၍ လက်မှတ်ရေးထိုးထားသည့် မပြည့်စုံသည့်စာချုပ်စာတမ်းများစသည်တို့ ပါဝင်သည်။

(ဋ) **ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့်ငွေလွှဲခြင်း**ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၌ ဖော်ပြထားသော အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီ ဖြစ်သည်။ ယင်းစကားရပ်၌ ကနဦးလွှဲပြောင်းပေးသူနှင့် အကျိုးခံစားခွင့်ရှိသူသည် တစ်ဦးတည်းဖြစ်စေ၊ တစ်ဦးစီဖြစ်စေ အကျိုးခံစားခွင့်ရှိသည့် ငွေကြေးအဖွဲ့အစည်းတစ်ခုရှိ အကျိုးခံစားခွင့်ရှိသူတစ်ဦးအား ငွေကြေးများကို ရရှိနိုင်ရန်အတွက် ကနဦးလွှဲပြောင်းပေးသူကိုယ်စား အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးအဖွဲ့အစည်းမှတစ်ဆင့် လွှဲပြောင်းခြင်းတို့ပါဝင်သည်။ ယင်းစကားရပ်တွင် နယ်စပ်ဖြတ်ကျော် သို့မဟုတ် ပြည်တွင်းကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်းတို့ ပါဝင်သည်။

(ဌ) **နယ်စပ်ဖြတ်ကျော်ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်း**ဆိုသည်မှာ နိုင်ငံတစ်ခုစီတွင်တည်ရှိနေသော လွှဲပြောင်းပေးသည့် ငွေကြေးအဖွဲ့အစည်းနှင့် လက်ခံရယူသည့်/အကျိုးခံစားခွင့်ရှိသည့် ငွေကြေးအဖွဲ့အစည်းတို့အကြား ကြေးနန်းဖြင့် ငွေလွှဲခြင်းကိုဆိုလိုသည်။ ယင်းစကားရပ်တွင် ကြေးနန်းဖြင့် အဆင့်ဆင့်လွှဲပြောင်းမှု၌ပါဝင်နေသည့် ငွေကြေးအဖွဲ့အစည်းများအနက် တစ်ခုသည် အခြားနိုင်ငံတွင် တည်ရှိနေခြင်းလည်း ပါဝင်သည်။

(ဍ) **ပြည်တွင်းကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်း**ဆိုသည်မှာ နိုင်ငံတစ်ခုတည်းအတွင်း တည်ရှိနေသော လွှဲပြောင်းပေးသည့် ငွေကြေးအဖွဲ့အစည်းနှင့် လက်ခံရယူသည့်/အကျိုးခံစားခွင့်ရှိသည့် ငွေကြေးအဖွဲ့အစည်းတို့အကြား ကြေးနန်းဖြင့် ငွေလွှဲခြင်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ငွေလွှဲပေးရန် အကြောင်းကြားချက်ကို အသုံးပြုသည့်စနစ်သည် အခြားနိုင်ငံတွင် တည်ရှိနိုင်သော်လည်း ကြေးနန်းဖြင့် အဆင့်ဆင့်လွှဲပြောင်းမှုများသည် နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်းတွင်သာ ဖြစ်သည်။

(ဎ) **ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း**ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၌ ဖော်ပြထားသော အဓိပ္ပာယ်ဖော်ပြချက်နှင့် အညီဖြစ်သည်။ ယင်းလုပ်ငန်းများတွင် ရှေ့နေ၊ နိုတြီပဗ္ဗလစ်၊ အခြားလွတ်လပ်စွာလုပ်ကိုင်သည့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းနှင့် စာရင်းကိုင်လုပ်ငန်းများပါဝင်ပြီး ယင်းစကားရပ်တွင် တစ်ဦးတည်းလုပ်ငန်းဆောင်ရွက်သူများ၊ ပူးပေါင်းလုပ်ကိုင်သူများ၊ ကျွမ်းကျင်မှုဆိုင်ရာအဖွဲ့အစည်းများတွင် ခန့်ထားသည့် ပညာရှင်များ ပါဝင်သည်။

၃။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၃) ၌ ဖော်ပြထားသော သက်ဆိုင်သည့် ပြစ်မှုများတွင် အောက်ပါပြစ်မှုများပါ ပါဝင်သည် -

(က) အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု၊

(ခ) လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု၊

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တရားမဝင် ကုန်ကူးမှု၊

(ဃ) လက်နက် တရားမဝင်မှောင်ခိုမှု၊

(င) ခိုးရာပါပစ္စည်းနှင့် အခြားသောကုန်စည်များ တရားမဝင်ကုန်ကူးမှု၊

(စ) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊

(ဆ) လိမ်လည်မှု၊

(ဇ) ငွေကြေးအတု ပြုလုပ်မှု၊

(ဈ) ကုန်ပစ္စည်းအတုပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု၊

(ည) လူသတ်မှု၊ လူ့ခန္ဓာကိုယ်ကို အပြင်းအထန် နာကျင်စေမှု၊

(ဋ) ပြန်ပေးဆွဲမှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် ဓားစာခံဖမ်းဆီးမှု၊

(ဌ) လုယက်မှု သို့မဟုတ် ခိုးယူမှု၊

(ဍ) မှောင်ခိုမှု (အခွန်အကောက်များအပါအဝင်)၊

(ဎ) ခြိမ်းခြောက်တောင်းယူမှု၊

(ဏ) အတုပြုလုပ်မှု၊

(တ) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်သည်ဟု သိရှိလျက်နှင့်ဖြစ်စေ၊ သိရှိရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ ဇာစ်မြစ်ကို အသွင်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ ဤအမိန့်နှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင်ပါဝင်သူ တစ်ဦးတစ်ယောက်အား ယင်း၏ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှု မကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန် ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့် ပစ္စည်းကို ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ထ) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်ကြောင်း သိရှိသည့် သို့မဟုတ် သိရှိရန် အကြောင်းရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက်လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့် ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းသော် လည်းကောင်းပြုခြင်း၊

( ဒ ) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်ကြောင်း မိမိလက်ဝယ်လက်ခံရရှိသည့်အချိန်တွင် သိရှိသော သို့မဟုတ် သိရှိရန် အကြောင်းရှိသော ငွေကြေးနှင့် ပစ္စည်းကိုရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

( ဓ ) အထက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန် အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း၊ ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်း ဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်း၊

( န ) အထက်ပါ ပြစ်မှုတစ်ရပ်ရပ်တွင်ပါဝင်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ပြစ်မှုတစ်ခုခုကို ကျူးလွန်သည့်၊ ကျူးလွန်ရန် အားထုတ်သည့် သို့မဟုတ် ကျူးလွန်ရန် ကြံစည်သည့် ရာဇဝတ်ဂိုဏ်း၏ အဖွဲ့ဝင်ဖြစ်ခြင်း၊

( ပ ) လူတစ်ဦးတစ်ယောက်ကို ငွေကြေးခဝါချမှုပြစ်မှုကို ကျူးလွန်ရန် လှုံ့ဆော်ခြင်း၊ ကြံရွယ်ခြင်း သို့မဟုတ် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူအများကိုဖြစ်စေ ငွေကြေးခဝါချမှုကျူးလွန်ရန် တမင်ရည်ရွယ်၍ ပံ့ပိုးကူညီခြင်း၊

( ဖ ) ပြည်ပမှ ပြစ်မှုအဖြစ်သတ်မှတ်ထားသော ပြစ်မှုတစ်ခုကိုကျူးလွန်၍ မြန်မာနိုင်ငံတွင် ငွေကြေးနှင့် ပစ္စည်းအား ခဝါချခြင်းနှင့် အထက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းသည် မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ပြစ်မှုအဖြစ်မှတ်ယူရမည်။

၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၅) ၌ ဖော်ပြထားသော ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့သည် ယင်း၏လုပ်ငန်းတာဝန်များကို အောက်ပါသီးခြားလွတ်လပ်၍ ကိုယ်ပိုင်အုပ်ချုပ်မှု ပုံစံဖြင့် ဆောင်ရွက်ရမည် -

(က) သတင်းပို့ချက်များအား လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် သတင်းအချက်အလက်များအား ပေးပို့ခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများအား ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ခွင့် အပါအဝင် မိမိ၏လုပ်ငန်းတာဝန်များအား လွတ်လပ်စွာဆောင်ရွက်နိုင်မည့် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်ရှိရမည်။

( ခ ) အခြားသောပြည်တွင်းအာဏာပိုင်များ သို့မဟုတ် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်း အချက်အလက်ဖလှယ်ရန် လွတ်လပ်စွာစီစဉ်ဆောင်ရွက်ခြင်း သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ခြင်း ပြုလုပ်ခွင့်ရှိရမည်။

( ဂ ) အကယ်၍ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် တည်ဆဲအာဏာပိုင် အဖွဲ့အစည်း တစ်ရပ်ရပ်၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ပါက ယင်းအာဏာပိုင်အဖွဲ့အစည်းနှင့် မတူကွဲပြားသည့် သီးခြားအဓိကလုပ်ငန်းတာဝန်များ သတ်မှတ်ထားရှိရမည်။

(ဃ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကို ထိပါးစေမည့် နိုင်ငံရေး၊ အစိုးရ သို့မဟုတ် အဖွဲ့အစည်း၏ မလျော်ဩဇာ သက်ရောက်မှု သို့မဟုတ် စွက်ဖက်မှုမှ ကင်းလွတ်ပြီး မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော အရင်းအမြစ်များအား ရယူခွင့်နှင့် ထိရောက်စွာ အသုံးပြုခွင့်များရှိရမည်။

၅။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၅) ၌ ဖော်ပြထားသော ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များတွင် အောက်ပါတို့ပါဝင်သည် -

(က) သတင်းပို့အဖွဲ့အစည်းများကပေးပို့သော သံသယဖြစ်ဖွယ်လွှဲပြောင်းမှု သတင်းပို့ချက်များ၊ ငွေကြေးခဝါချမှုများ၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် သက်ဆိုင်သောသတင်းအချက်အလက်များနှင့် အခြားသောသတင်းအချက်အလက်များကို လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်း၊

(ခ) လက်ခံရရှိသည့် သတင်းအချက်အလက်အမျိုးအစားနှင့် ပမာဏ၊ အသုံးပြုရန်မျှော်မှန်းသည့် သတင်းအချက်အလက်တို့အပေါ်အခြေပြု၍ အမှုတစ်မှုချင်းနှင့် သီးခြားပစ်မှတ်များ၊ ဆောင်ရွက်မှုများ သို့မဟုတ် လွှဲပြောင်းချက်များ သို့မဟုတ် သင့်လျော်သည့် ရွေးချယ်ထားသော သတင်းအချက်အလက်များကို အဓိကထားသည့် သမားရိုးကျခွဲခြမ်းစိတ်ဖြာခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဦးတည်ရာများနှင့် ပုံစံများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မဟာဗျူဟာမြောက် ခွဲခြမ်းစိတ်ဖြာခြင်း။

၆။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၆) ၌ ဖော်ပြထားသော စိစစ်ရေးအဖွဲ့သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် ပေါင်းစပ်၍ စုံစမ်းစိစစ်မှုများဆောင်ရွက်နိုင်သည်။

၇။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် စိစစ်ရေးအဖွဲ့နှင့် ပေါင်းစပ်၍ အောက်ပါတာဝန်များကို ဆောင်ရွက်နိုင်သည် -

(က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က ပေးပို့သည့် စိစစ်ချက်ရလဒ်အရဖြစ်စေ၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှုခင်းများကို စုံစမ်းစစ်ဆေးစဉ် တစ်ပြိုင်တည်း ဆောင်ရွက်သည့် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းရလဒ်အရ ဖြစ်စေ၊ အခြားသော သတင်းအရင်းအမြစ်များအရဖြစ်စေ စိစစ်တွေ့ရှိသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများကို စုံစမ်းစစ်ဆေးခြင်း၊

(ခ) အောက်ဖော်ပြပါကိစ္စရပ်များနှင့်ပတ်သက်၍ ကြားဖြတ်ဆောင်ရွက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အထူးစုံစမ်းစစ်ဆေးရေးနည်းလမ်းများ ဆောင်ရွက်နိုင်သည် -

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းကို စုံစမ်းဖော်ထုတ်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(၂) ခံဝန်ချက် စီစဉ်ခြင်း၊

(၃) သက်သေခံပစ္စည်းအား ချိပ်ပိတ်ခြင်းနှင့် အခြားနည်းလမ်း တစ်ခုခုဖြင့် စီမံခန့်ခွဲမှုနှင့် ဆက်နွှယ်ပတ်သက်မှု မပြုလုပ်ရန် တားမြစ်ပိတ်ပင်ခြင်း၊

(၄) သတင်းပို့အဖွဲ့အစည်းများထံမှ ငွေရေးကြေးရေးနှင့် စပ်ဆိုင်သောမှတ်တမ်းများကို တောင်းခံရယူခြင်း၊

(၅) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ရှိသည့် ပစ္စည်းများအား နိုင်ငံတော်က ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ပြန်လည်ရယူခြင်း ဆောင်ရွက်သည့်အခါတွင် ထိခိုက်ဟန့်တားမှု မဖြစ်စေရန် တားဆီးကာကွယ်ဆောင်ရွက်ခြင်း။

၈။ ဗဟိုအဖွဲ့သည် စိစစ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ တောင်းဆိုချက်အရ တစ်ကြိမ်လျှင် (၃) လ ထက်မပိုသော အောက်ပါတာဝန်များကို ဆောင်ရွက်ရန် အမိန့်ညွှန်ကြားချက် ထုတ်ပြန်နိုင်သည် -

(က) အသွင်ယူစုံစမ်းခြင်း၊

(ခ) သယ်ယူ ပို့ဆောင်မှု ထိန်းချုပ်ခြင်း၊

(ဂ) ဘဏ်ငွေစာရင်းများအား ကြည့်ရှုစစ်ဆေးခွင့်နှင့် ထိန်းချုပ်ခွင့်၊

(ဃ) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခွင့်၊

(င) တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ် ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင်ထားရှိခြင်း သို့မဟုတ် ကြားဖြတ်နားထောင်ရယူခွင့်၊

(စ) လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန် ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခွင့်၊

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ နိုတြီများနှင့် ပုဂ္ဂလိကစာချုပ်များ သို့မဟုတ် ဘဏ်၊ ငွေရေးကြေးရေးနှင့် စီးပွားရေးဆိုင်ရာမှတ်တမ်းများကို သိမ်းဆည်းရယူခွင့်။

၉။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်းသည့် ငွေကြေးနှင့် ပစ္စည်းများဆိုင်ရာ သတင်းအချက်အလက်ပေးသည့် မျက်မြင်သက်သေများ၊ သတင်းပေးသူများ၊ လှုပ်ရှားတက်ကြွသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အောက်ပါအတိုင်း အကာအကွယ်ပေးရမည် -

(က) မျက်မြင်သက်သေ၏ တရားရုံးတွင် ထွက်ဆိုသည့် သက်သေခံချက်များကို ထုတ်ဖော်ပြောကြားခြင်း မပြုရန် သို့မဟုတ် ကန့်သတ်ထားရန်နှင့် တရားရုံး၏မှတ်တမ်းတွင်ထားရှိခြင်း မပြုရန်၊

(ခ) မျက်မြင်သက်သေသည် မည်သူမည်ဝါဖြစ်ကြောင်း ကိုယ်ရေးအချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မပြုရန် သို့မဟုတ် ကန့်သတ်ထားရန်၊

(ဂ) မျက်မြင်သက်သေ၏ သဘောတူညီချက်မပါဘဲ သက်သေကို တရားစီရင်ရာတွင် သက်သေထွက်ဆိုရန်အတွက် ဆင့်ခေါ်ခြင်း မပြုရန်၊

(ဃ) မျက်မြင်သက်သေ၏ သက်သေခံချက်ကို မည်သည့်စီရင်ချက် သို့မဟုတ် အကြောင်းခြင်းရာအရ ဆုံးဖြတ်ချက်တို့တွင် အသုံးမပြုရန်။

၁၀။ သတင်းပို့အဖွဲ့အစည်းတစ်ရပ်ရပ်သည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့် စာရင်းများ သို့မဟုတ် မမှန်ကန်သည့်အမည်ကို အသုံးပြုထားသည့်စာရင်းများကို လက်ခံဆောင်ရွက်ခြင်းမပြုရ။

၁၁။ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကသတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်လျှင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ရမည်။

၁၂။ သတင်းပို့အဖွဲ့အစည်းများသည် -

(က) လက်ရှိဖြစ်သော၊ ရှိနှင့်ပြီးဖြစ်သော သို့မဟုတ် အသစ်ဖြစ်သော ငွေစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ် အခြေပြု၍ သင့်လျော်သည့် အချိန်တိုင်းတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသော ဆောင်ရွက်မှုများသည် ပုံမှန် ဟုတ် မဟုတ် ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ် ရှိ မရှိ ကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှု အန္တရာယ်အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်ခြင်း၊

(၃) အထက်အပိုဒ်ခွဲငယ် (၂) အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ အန္တရာယ်အဆင့်မြင့်မားသည့် ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှရပ်စဲခြင်း၊

(၄) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ခြင်းနှင့် ရိုးရှင်းစွာ ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ရေးအာဏာပိုင်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ခ) အထက်အပိုဒ် ၁၂ (က) ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအချိန်အခါနှင့် အခြေအနေများတွင် ဆောင်ရွက်ရမည် -

(၁) ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှု တစ်ရပ်မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်းတစ်ခု ဖွင့်လှစ်ပေးခြင်း မပြုမီ သို့မဟုတ် ဆက်ဆံဆောင်ရွက်မှုတစ်ရပ် မထူထောင်မီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့် လုပ်ငန်းဆက်ဆံဆောင်ရွက်မှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးနှင့်ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ ဆက်နွယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ အမေရိကန်ဒေါ်လာ ၁၅၀၀၀ (မည်သည့်ငွေကြေးဖြင့်ဖြစ်စေ ယင်းနှင့်ညီမျှသော ပမာဏ) နှင့်အထက် သို့မဟုတ် ဗဟိုအဖွဲ့ကအခါအားလျော်စွာ သတ်မှတ်သည့်ပမာဏ သတင်းပို့ရန် သတ်မှတ်သည့် ပမာဏ သို့မဟုတ် ယင်းထက်ပိုသော ပမာဏဖြစ်သည့်အခါ အဆိုပါဆက်သွယ်ဆောင်ရွက်သူအတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာငွေကြေး လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်သွယ်ဆောင်ရွက်သူအတွက် ဆောင်ရွက်ပေးခြင်း မပြုမီ၊

(၄) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိလျှင်၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်သည်ဟု သံသယရှိလျှင်။

(ဂ) အပိုဒ် ၁၂ (ခ) တွင် ရည်ညွှန်းထားသည့် ဆက်နွယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့် တန်ဖိုးပမာဏကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါပမာဏကိုသိရှိလျှင် သိရှိခြင်း သို့မဟုတ် အဆိုပါ တန်ဖိုးပမာဏသည် သတ်မှတ်ပမာဏသို့ ရောက်ရှိလျှင်ရောက်ရှိခြင်း အထက်အပိုဒ် ၁၂ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြု ဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

(ဃ) အထက်အပိုဒ် ၁၂ (က) အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) လွတ်လပ်၍ ယုံကြည်အားထားရသော ဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်း၊

(၂) စီးပွားရေးဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာ သတင်းအချက် အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ကို ဖော်ထုတ်ခြင်းနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ ကိုယ်ရေး အချက်အလက်များကို သင့်လျော်သည့် နည်းလမ်းအားလုံးအသုံးပြု၍ အတည်ပြုခြင်း၊ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုပုံစံ သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုတို့ကို နားလည်သိရှိခြင်း၊

(၄) ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူ ကိုယ်စားဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ် မဟုတ် စိစစ်ခြင်းနှင့် ယင်း၏ မှတ်ပုံတင်ကို မှန်ကန်ကြောင်းအတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏အမည်၊ တရားဝင်ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းများသတ်မှတ်ခြင်း။

၁၃။ ငွေကြေးခဝါချသည်ဟု သံသယရှိသည့်ပြစ်မှုများနှင့် အကြမ်းဖက်အဖွဲ့အစည်းအား ငွေကြေးထောက်ပံ့သည့်ပြစ်မှုများအား စုံစမ်းစစ်ဆေးရာတွင် ဥပဒေအရ အရေးယူဆောင်ရွက်မည့် သက်ဆိုင်သည့်အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှ သက်ဆိုင်သည့် သတင်းအချက်အလက်များအားလုံးကို တောင်းယူခွင့်ရှိသည်။

၁၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈)၊ ပုဒ်မ ၁၉ (ဃ) အရ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များပြုလုပ်ရာတွင် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်းကို သိရှိနိုင်ရန် အောက်ပါသတင်းအချက်အလက်များကို အခြေခံနိုင်သည် -

(က) ဥပဒေရေးရာပုဂ္ဂိုလ်ဖြစ်လျှင် -

(၁) လူပုဂ္ဂိုလ်ကို အတည်ပြုခြင်း၊ ပိုင်ရှင်သည် အများအပြားဖြစ်နိုင်ပြီး လူပုဂ္ဂိုလ်များမရှိလျှင် ပိုင်ဆိုင်မှုကိုအဆုံးစွန်ထိန်းချုပ်နိုင်သည့် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုကို ဖော်ထုတ်ခြင်း၊

(၂) အထက်အပိုဒ်အပေါ် သံသယဖြစ်လျှင် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်သည် ပိုင်ဆိုင်မှုကိုထိန်းချုပ်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း သို့မဟုတ် ပိုင်ဆိုင်မှုကို ထိန်းချုပ်သည့် ပုဂ္ဂိုလ်မဟုတ်ကြောင်း အခြားနည်းလမ်းများကို အသုံးပြု၍ ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုဆိုင်ရာ ထိန်းချုပ်ခြင်းကို ဖော်ထုတ်ခြင်း၊

(၃) အထက်ဖော်ပြပါ အပိုဒ်ခွဲငယ် (၁) နှင့် (၂) တို့အရ လူပုဂ္ဂိုလ်ကို သတ်မှတ်ဖော်နိုင်ခြင်းမရှိလျှင် အကြီးတန်းစီမံခန့်ခွဲမှုအရာရှိ တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာ လူပုဂ္ဂိုလ်ကိုအတည်ပြုမှု ဖော်ထုတ်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အတည်ပြုမှုနှင့် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုကို လုပ်ဆောင်ရမည်။

(ခ) ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုဖြစ်လျှင် -

(၁) ယုံကြည်အပ်နှံမှုများနှင့်ပတ်သက်၍ ထူထောင်သူ၊ ယုံကြည်အပ်နှံခြင်းခံရသူ၊ ကာကွယ်စောင့်ရှောက်သူ၊ အကျိုးခံစားခွင့်ရှိသူများ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ အတန်းအစားတို့ကို အတည်ပြုခြင်းနှင့် ယုံကြည်အပ်နှံမှုအပေါ် ထိန်းချုပ်မှု သို့မဟုတ် ပိုင်ဆိုင်မှုအဆင့်ဆင့်အပါအဝင် အဆုံးစွန်ထိရောက်စွာ ထိန်းချုပ်သည့် မည်သည့်လူပုဂ္ဂိုလ်ကိုမဆို ဖော်ထုတ်ခြင်း၊

(၂) အခြားသော ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုပုံစံများဖြစ်လျှင် တူညီသော သို့မဟုတ် အလားတူ ရာထူးတာဝန်ရှိသည့် ပုဂ္ဂိုလ်များကို အတည်ပြုခြင်း။

၁၅။ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအပေါ် သံသယဖြစ်၍လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူက သတိပြုမိသည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်အခါတွင် လည်းကောင်း၊ အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပေးပို့ရမည်။

၁၆။ သတင်းပို့အဖွဲ့အစည်းများသည် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးအား ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် နိုင်ငံတကာတွင် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့် စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပြည်ပတွင် ဩဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍ -

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကို ဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများက အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) ပါ အရေးယူ ဆောင်ရွက်မှုများကိုကျင့်သုံးခြင်း။

၁၇။ ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် နိုင်ငံတကာတွင် ဩဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈) ပုဒ်မ ၂၂ ၌ ဖော်ပြထားသည့် အချက်များအပြင် ယင်းဥပဒေ၌ ဖော်ပြထားသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကိုလည်း ဆောင်ရွက်ရမည်။ ထို့အပြင် ယင်းဆောင်ရွက်ချက်များကို ယင်းဩဇာတိက္ကမရှိသူများနှင့် ဆက်နွှယ်သူများနှင့် ၎င်းတို့၏မိသားစုဝင်များအပေါ် ဆောင်ရွက်ရမည်။

၁၈။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များကိုဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် အရေးယူဆောင်ရွက်ခြင်းတို့ကို အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများအပေါ် တွင်မက လက်ရှိဈေးကွက်၌ရှိပြီးဖြစ်သော ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့် ယင်းတို့ဖြန့်ဖြူးသည့် စနစ်များအပေါ် တွင်ပါ ဆောင်ရွက်ရမည်။ အန္တရာယ်များကိုဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့် ယင်းတို့ ဖြန့်ဖြူးသည့်စနစ်များ ဈေးကွက်အတွင်း စတင်မဖြန့်ဖြူးခင် ဆောင်ရွက်ရမည်။

၁၉။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အလားတူအခြားဆက်ဆံဆောင်ရွက်မှုများ မပြုလုပ်မီ အပိုဒ် ၁၂ ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရမည် -

(က) မိမိနှင့် စီးပွားဆက်ဆံဆောင်ရွက်သော နိုင်ငံရပ်ခြားမှအဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းသဘောသဘာဝကို နားလည်သဘောပေါက်စေရန်၊ အများပြည်သူသိရှိနိုင်သည့် သတင်းအချက်အလက်များပေါ်မူတည်၍ ဆုံးဖြတ်ထားသည့် ၎င်း၏ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရမှု သို့မဟုတ် အရေးယူခြင်းခံခဲ့ရမှု ရှိ မရှိကို ဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်မှုရှိသော သတင်းအချက်အလက်များနှင့် ကြီးကြပ်မှုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရယူခြင်း၊

(ခ) အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

(ဂ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှုအရည်အသွေးကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားအသီးသီးကို ရှင်းလင်းစွာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်း၊

( င ) ပေးချေမှုအတွက် တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လက်ခံဆောင်ရွက်သည့် ဘဏ်၏ ဆက်သွယ်ဆောင်ရွက်သူများက မိမိတို့၏ ငွေစာရင်းများကို တိုက်ရိုက်ရယူအသုံးပြုကြောင်းနှင့် အဆိုပါလက်ခံဆောင်ရွက်သည့်ဘဏ်အနေဖြင့် မိမိကတောင်းဆိုသည့်အခါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်နိုင်စွမ်းရှိကြောင်း ကျေနပ်လက်ခံမှုရှိသည်အထိ ဆောင်ရွက်ထားရှိခြင်း။

၂၀။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈) ပုဒ်မ ၂၈ (ဃ) (၂) အရ သတင်းအချက်အလက်ဖလှယ်ရာတွင် လုပ်ငန်းအုပ်စုအလိုက် လိုက်နာကျင့်သုံးခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်များနှင့်ပတ်သက်သည့် လုပ်ငန်းများအတွက် ဘဏ်ခွဲများနှင့် လက်အောက်ခံလုပ်ငန်းခွဲများမှ ဆက်သွယ်ဆောင်ရွက်သူ အမည်၊ ဘဏ်စာရင်း၊ ဆောင်ရွက်သည့် သတင်းအချက်အလက်များပံ့ပိုးပေးရမည်။

၂၁။ ၎င်းတို့၏ ပြည်ပရှိဘဏ်ခွဲများ သို့မဟုတ် ၎င်းတို့အများစုပိုင်ဆိုင်သည့် လက်အောက်ခံဘဏ်ခွဲငယ်များသည် သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့် ပြဋ္ဌာန်းချက်များသည် မိမိနိုင်ငံထက်လျော့နည်းနေလျှင် မိမိနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ အကယ်၍ သက်ဆိုင်ရာနိုင်ငံသည် မိမိနိုင်ငံ၏ဥပဒေနှင့် ပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်မှုကို ခွင့်မပြုလျှင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များကို စီမံခန့်ခွဲနိုင်မည့် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ပြီး မိမိနိုင်ငံ၏ ကြီးကြပ်ရေးအာဏာပိုင်များထံ သတင်းပို့ရမည်။

၂၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈) ပုဒ်မ ၃၁ (က) အရ ဖော်ထုတ်သတ်မှတ်ထားသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့် အချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံများမှ ဆက်သွယ်ဆောင်ရွက်သူများနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် အားနည်းသည့်နိုင်ငံများ၊ ဒေသများမှ ဘဏ္ဍာရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ဥပဒေရေးရာပုဂ္ဂိုလ်တို့နှင့် စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အန္တရာယ်အဆင့်မြင့်မားလျှင် မြင့်မားသည့်အလျောက် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လိုအပ်ပါက အန္တရာယ်အဆင့်အလိုက် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၊ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ သို့မဟုတ် အလားတူ ဒေသတွင်းအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများက တောင်းဆိုလာသည့်အခါ အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရမည်၊

(ခ) ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၊ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ သို့မဟုတ် အလားတူ ဒေသတွင်းအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် ကြီးကြပ်ရေးအာဏာပိုင်များ သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ တို့က ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အဆင့် မြင့်မားသည်ဟု သတ်မှတ်ဖော်ထုတ်ထားသည့်နိုင်ငံများ သို့မဟုတ် ဒေသများနှင့် ဆက်နွှယ်သည့် ဘဏ္ဍာရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ဥပဒေရေးရာပုဂ္ဂိုလ်တို့နှင့် စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အန္တရာယ်အဆင့်မြင့်မားလျှင် မြင့်မားသည့်အလျောက် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က သတင်းပို့အဖွဲ့အစည်းများအား ညွှန်ကြားရမည်။

၂၃။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၈) ပုဒ်မ ၃၆ (ခ) အရ ကြီးကြပ်ရေးအာဏာပိုင်က သတင်းပို့အဖွဲ့အစည်းများတွင် ရှိနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် အကဲဖြတ်ခြင်းကိုဆောင်ရွက်ရာတွင် ပုံမှန်အစီအစဉ်ချမှတ်၍သော်လည်းကောင်း၊ သတင်းပို့အဖွဲ့အစည်း သို့မဟုတ် အုပ်စုအဖွဲ့အစည်းများ၌ ထူးခြားဖြစ်စဉ်ဖြစ်သည့်အချိန်များတွင်လည်းကောင်း၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတိုးတက်ပြောင်းလဲသည့်အချိန်များတွင်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၂၄။ ကြီးကြပ်စစ်ဆေးမှုများကို သတင်းပို့အဖွဲ့အစည်းများ စည်းကမ်းလိုက်နာမှုပေါ် မူတည်၍ သတ်မှတ်ထားသော အန္တရာယ်ရှိမှုအခြေခံကြီးကြပ်စစ်ဆေးမှုကို ကြီးကြပ်ရေးအာဏာပိုင်က ပုံမှန်ကာလများသတ်မှတ်၍ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ရုံးတွင်းစစ်ဆေးခြင်း ဆောင်ရွက်ရမည်။

၂၅။ အခြားဥပဒေများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိပါက ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့သည် သတင်းပို့အဖွဲ့အစည်းများကို မှတ်ပုံတင်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ခွင့်ပြုချက်ပေးခြင်းတို့တွင်လည်းကောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် သို့မဟုတ် အဖွဲ့အစည်း၏ရှယ်ယာများကို အကျိုးခံစားခွင့်ရှိသူတို့အပါအဝင် သတင်းပို့အဖွဲ့အစည်းများ၏စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် ပြစ်မှုကျူးလွန်သူ သို့မဟုတ် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပိုင်ဆိုင်ခြင်း ထိန်းချုပ်ခြင်းအပါအဝင် ဆောင်ရွက်ခြင်းတို့မှ ကာကွယ်နိုင်ရန်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခြားကိုက်ညီသင့်လျော်မှု၊ ပိုင်ဆိုင်မှုဆိုင်ရာ လိုအပ်ချက်များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

၂၆။ ကြီးကြပ်ရေးအာဏာပိုင်သည် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများ၏ ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါအရေးယူဆောင်ရွက်မှုတစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့် သတိပေးခြင်း၊ ရာထူးမှ ရပ်ဆိုင်းခြင်း၊

(ခ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့် ချို့ဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများ တင်ပြစေခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် မှတ်ပုံတင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း အပါအဝင် စီမံခန့်ခွဲခြင်းနည်းလမ်းအရ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(င) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ ငွေဒဏ် အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၁,၀၀၀ အထိ ချမှတ်ခြင်း။

၂၇။ (က) သတင်းပို့အဖွဲ့အစည်းမှ ဒါရိုက်တာ၊ လုပ်ဖော်ကိုင်ဖက်၊ အဓိကတာဝန်ရှိသူအရာရှိနှင့် ဝန်ထမ်းများစသည့် တာဝန်ရှိသူများနှင့် ယင်းတို့နှင့် ဆက်သွယ်ဆောင်ရွက်သူ မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းချက်များမှအပ သတင်းပို့ချက် သို့မဟုတ် အခြားသော သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ တင်ပြနေသည် သို့မဟုတ် တင်ပြခဲ့သည်ဟုလည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စစ်ဆေးနေသည် သို့မဟုတ် စစ်ဆေးခံပြီး ဖြစ်သည်ဟု မည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားခြင်း မပြုရ၊

(ခ) အထက်အပိုဒ်ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တာဝန်အရ ထုတ်ဖော်ပြောကြားချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၈။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၁၀) ပုဒ်မ ၄၂ အရ အကောက်ခွန်ဦးစီးဌာနက ရရှိထားသည့် သတင်းအချက်အလက်များကို ပေးပို့ရာတွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနတို့အပြင် လူဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်းအခွန်များ ဦးစီးဌာနအပါအဝင် အခြားသက်ဆိုင်သည့် အာဏာပိုင်အဖွဲ့အစည်းတို့က တောင်းခံလာပါကပေးပို့နိုင်သည်။

၂၉။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၁၂) အရ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် သတင်းဖလှယ်ရန်အချက်ကို အခြားဥပဒေများတွင် ဖော်ပြထားခြင်း မရှိပါက အောက်ပါတို့ကိုဆောင်ရွက်နိုင်သည် -

(က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ပတ်သက်သည့် ရည်ရွယ်ချက်များအတွက် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းဖလှယ်နိုင်သည်။

(ခ) သတင်းဖလှယ်ရာတွင် ပြည်ပမိတ်ဖက်အဖွဲ့အစည်း၏ လိုအပ်ချက်အတိုင်း သတင်းအချက်အလက် စုဆောင်းဖလှယ်ရမည်။

(ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများကိုယ်စား စုံစမ်းပေးရမည်။ ပြည်ပမိတ်ဖက် အဖွဲ့အစည်းများက စုံစမ်းစစ်ဆေးမှုကို ၎င်းတို့ကိုယ်တိုင် မိမိနိုင်ငံအတွင်း၌ ဆောင်ရွက်လိုလျှင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က ပူးပေါင်းစုံစမ်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ပူးပေါင်းစုံစမ်းရာတွင် တာဝန်ရှိမှုတန်းတူဖြစ်ပြီး လိုအပ်လျှင် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို ဖလှယ်နိုင်သည် -

(၁) ပြည်တွင်းစည်းမျဉ်းစည်းကမ်း ကြီးကြပ်ရေးဆိုင်ရာ အချက်အလက်များနှင့် ငွေကြေးကဏ္ဍများရှိ အထွေထွေသတင်းအချက်အလက်များ၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စီးပွားရေး ဆောင်ရွက်ချက်များ၊ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၊ စီမံခန့်ခွဲမှုနှင့်ကိုက်ညီသင့်လျော်သည့် ဆောင်ရွက်ချက်ဆိုင်ရာသတင်းများ၊

(၃) ပြည်တွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏မူဝါဒများ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်များ၊ စာရင်းများနှင့် လွှဲပြောင်းမှုသတင်းနမူနာပုံစံများ။

(င) သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် ဆက်နွယ်နေသော မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ထောက်လှမ်းချက်နှင့် ယင်းတို့ကိုစုံစမ်းနိုင်ရန်အတွက် ပြည်တွင်း၌ သတင်းဖလှယ်နိုင်သကဲ့သို့ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း သတင်းဖလှယ်နိုင်သည်။

(စ) သတင်းဖလှယ်ရာတွင် မိမိတို့ရရှိထားသော လုပ်ပိုင်ခွင့်များအားလုံးကို အသုံးပြုနိုင်သည်။

(ဆ) သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များသည် ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် ဆက်နွယ်နေသော မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာ မိတ်ဖက်မဟုတ်သည့် အဖွဲ့အစည်းများနှင့်လည်း သတင်းအချက်အလက် ဖလှယ်နိုင်သည်။

၃၀။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုများကို မိမိတို့ ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်သည့်အခါ သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်း မဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြား သတင်းအချက်အလက်များကို တင်ပြရမည်။

၃၁။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် စာရင်းကိုင်များ၊ စာရင်းစစ်များ အနေဖြင့် မိမိတို့ဆက်သွယ်ဆောင်ရွက်သူများ၏ ဥပဒေရေးရာရပ်တည်ချက်ကို စိစစ်သည့်ကိစ္စရပ် သို့မဟုတ် တရားရေး၊ စီမံခန့်ခွဲရေး၊ ခုံသမာဓိ သို့မဟုတ် စေ့စပ်ဖျန်ဖြေမှုဆိုင်ရာ စစ်ဆေးစီရင်မှုများတွင် အဆိုပါ ဆက်သွယ်ဆောင်ရွက်သူအား ခုခံကာကွယ်ပေးခြင်း သို့မဟုတ် ၎င်း၏တရားဝင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းကိစ္စရပ်များအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေး သို့မဟုတ် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထူးအခွင့်အရေးနှင့်သက်ဆိုင်သည့် အခြေအနေများတွင် ရရှိသည့်သတင်းအချက်အလက်များဖြစ်ပါက သံသယဖြစ်ဖွယ် သတင်းပို့ချက်ဖြင့် သတင်းပို့ရန် လိုအပ်ခြင်း မရှိစေရ။

၃၂။ တရားစွဲအဖွဲ့အစည်းသည် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၁၅) ပုဒ်မ ၆၁ နှင့်အညီ ဆောင်ရွက်ရမည်။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းများဖြစ်ပေါ်စေသော သို့မဟုတ် ရရှိစေသောပြစ်မှုသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအခန်း (၃) ပုဒ်မ ၅ နှင့် ဤအမိန့် အပိုဒ် (၃) တွင်ဖော်ပြထားသည့် ငွေကြေးခဝါချမှုဆိုင်ရာပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းနှင့်ပတ်သက်ပါက ယင်းငွေကြေးနှင့် ပစ္စည်းများသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း တရားမဝင် သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကြောင့် သက်သေပြရန်လိုအပ်ခြင်းမရှိစေရ။

၃၃။ မည်သူမဆို ဤအမိန့်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အပြစ်ပေးခြင်းခံရမည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ** တွင် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက် ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

**အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (NTFC)**

**အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီတွင် အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန **အစား** ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

**အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ကော်မတီဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၄) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၈) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၄) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၅) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဝန်ကြီးချုပ်ကတာဝန်ပေးအပ်သောဝန်ကြီးတစ်ဦး<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၇) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း<br>
အတွင်းရေးမှူး<br>
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်<br>
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

### မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊<br>
ညွှန်ကြားရေးမှူးချုပ်၊<br>
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"35.(a) any such instrument not being an instrument chargeable with a duty of ten Kyats only, or a bill of exchange or promissory note, shall, subject to all just exception, be admitted in evidence on payment of the duty with which the same is chargeable, or in the case of an instrument insufficiently stamped or the amount required to make up such duty, together with a penalty of five hundred Kyats, or when three times the amount of the proper duty or deficient portion thereof exceeds five hundred Kyats, of a sum equal to three times such duty or portion;"

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"40.(1)(b) if he is of the opinion that such instrument is chargeable with duty and is not duly stamped, he shall require the payment of the proper duty or the amount required to make up the same, together with a penalty of five hundred Kyats; or if he thinks fit, an amount not exceeding three times the amount of the proper duty or of the deficient portion thereof, whether such amount exceeds or falls short of five hundred Kyats;"

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင်ပါရှိသော "Kyat" ဆိုသည့်စကားရပ်ကို "Kyats" ဟုလည်းကောင်း၊ နောက်ဆက်တွဲဇယား (၁) တွင်ပါရှိသော "Kyat" ဆိုသည့်စကားရပ်ကို ငွေပမာဏဖော်ပြချက်၏ နောက်သို့ပြောင်းရွှေ့၍ "Kyats" ဟုလည်းကောင်း အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## အမိန့်ကြော်ငြာစာအမှတ် (၉၇၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မအူပင်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်နွေဦးခင် (တ/၃၄၅၅) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၀၃၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

### ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၁၈/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သော တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၇၀) ဒေါ်နန်းခမ်းအုံ **အစား** တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၃၉) ဦးသိန်းထွန်း ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်အမှတ် ၈/၂၀၁၉ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာဥပဒေနှင့်အညီ ဦးဝင်းမဟော် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၈/မကန (နိုင်) ၂၅၈၅၇၄] ကို တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

### သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|---|
| (က) | ဦးမြင့်နိုင် | ကော်မရှင်အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးသန်းငွေ | ကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ဂ) | ဦးဆွေတင့်လွင် | ကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဃ) | ဦးခင်မောင်ဦး | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (င) | ဦးရဲရင့်လွင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |

၂။ သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော သတင်းများ၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသောသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်၊

(ခ) လိုအပ်ပါက အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ တာဝန်ယူပြုလုပ်ပေးရန်၊

(ဂ) သတင်းထုတ်ပြန်ချက် (Press Release) များ ထုတ်ပြန်ပေးရန်၊

(ဃ) သတင်းမီဒီယာ၊ ဂျာနယ်၊ စာစောင်များ၏ ရေးသားဖော်ပြချက်များပေါ် မူတည်ပြီး လိုအပ်သလို ဆောင်ရွက်ရန်။

၃။ သတင်းထုတ်ပြန်ရေးအဖွဲ့သည် သတင်းရယူလိုသည့် မီဒီယာများ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း နေ့လယ် ၁၄း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လာရောက်သတင်းရယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

### တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် မဲရုံသုံးပစ္စည်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူပြုပစ္စည်းများဝယ်ယူရေးနှင့် ရုံးလုပ်ငန်းသုံး စက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၂၁၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယှဉ်တွဲပါအတိုင်း ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(၁) ဦးဝင်းနိုင်　　ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၂) ဦးကျော်မြင့်　　အဖွဲ့ဝင် (၅)၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၁၁/၂၀၁၉)

(က) ကုမ္ပဏီတွင်ပါဝင်သော Professional Engineen Senior Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများကို စိစစ်ခြင်း၊

(ခ) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရားလက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စိစစ်ခြင်း၊

(ဂ) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေများကို စိစစ်ခြင်း၊

(ဃ) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့သော လုပ်ငန်းအတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊

(င) ယခင်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများ၏ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ ရှိ မရှိ စိစစ်ခြင်း၊

(စ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၁၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

၁။　စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြ မြို့နယ်၊ ပိုးလောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၄၉၈-က/ဦးတိုကြီးကွင်း၊ မြေအမျိုးအစား-လယ်မြေ၊ ဦးပိုင်အမှတ် ($၇^{၂၁}$၊ $၇^{၂၂}$၊ $၇^{၂၃}$၊ $၇^{၂၄}$၊ $၇^{၂၅}$၊ ၉၊ $၁၅^{၁}$၊ $၁၈^{၂}$) ရှိ **မြေဧရိယာ ၂၈. ၂၈ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၃၈၄/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။　စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂၈. ၂၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၁၄/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်၊ ကင်းပုံကျေးရွာအုပ်စု၊ ကမ်းသာယာကျေးရွာ၊ ကွင်းအမှတ်/အမည် (၂၈၆/သာခွေးချိုင်ကွင်း)၊ မြေအမျိုးအစား-မြေလွတ်၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၃. ၅၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်စွဲပါ စာအမှတ်၊ ၇၉၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၅၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၁၅/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ (၈) ရပ်ကွက်၊ လပွတ္တာမြို့မ၊ ကွင်းအမှတ်/အမည် - ၅၈၃-ခ/ရှမ်းစုတောင်ကွင်း၊ မြေအမျိုးအစား-R၊ ဦးပိုင်အမှတ် (၂၃-က/၂) ရှိ **မြေဧရိယာ ၂. ၈၈ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၇/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၈၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၁၆/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်၊ ဘူတာပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (ရပ် ၅ W/ရေကျော်တောင်ကွင်း)၊ မြေအမျိုးအစား-လယ်မြေ/အခြားမြေ၊ ဦးပိုင်အမှတ် (၈၈/၁) ရှိ **မြေဧရိယာ ၁. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ စာအမှတ်၊ ၆၉၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၁၇/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၃-ဒီ/ ရှမ်းရွာတောင်ကွင်း)၊ မြေအမျိုးအစား - R2၊ ဦးပိုင်အမှတ် (၄၄ᵃ/၁)၊ **မြေဧရိယာ ၀. ၈၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၄၆၁/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၈၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၁၈/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံတည်ဆောက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂/မြို့သစ်အရှေ့ကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ် (၁၁၊ ၁၈) ရှိ **မြေဧရိယာ ၀. ၈၄၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၄၆၀/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၈၄၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၁၉/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ သဲကြီးတိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၁/ သဲဖြူစုကွင်း)၊ မြေအမျိုးအစား - R၊ ဦးပိုင်အမှတ် (ခ/၄)၊ **မြေဧရိယာ ၀. ၅၉၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၅၉၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၂၀/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ဈေး (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃၆/ဈေးရပ်ကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ် (၁၄ᵃ) ရှိ **မြေဧရိယာ ၀. ၅၅၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၈၉/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၅၅၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၂၁/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၆၉၆/ပေါက်ခေါင်းမြောက်ကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၇၀) ရှိ **မြေဧရိယာ ၀. ၃၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၄၅၉/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၃၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၂၂/၂၀၁၉)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ မြေသိမ်းအမိန့်ကြော်ငြာစာနှင့် ၁၉၉၄ ခုနှစ်၊ မေလ ၁၀ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာတို့ဖြင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်လုပ်ငန်း၊ မှန်စက်ရုံ (အလယ်မန်သဲထုတ်လုပ်ရေးစခန်း) သို့ လွှဲပြောင်းပေးခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အလယ်မန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၀/OSS/အလယ်မန်ကွင်း)၊ ဦးပိုင်အမှတ် ($N^{၁၂၆}$)၊ **စုစုပေါင်းမြေဧရိယာ ၁၉၅. ၃၄ ဧက** အနက်မှ **မြေဧရိယာ ၀. ၂၂ ဧက** ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၅၅၄/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်လုပ်ငန်း၊ မှန်စက်ရုံ (အလယ်မန်သဲထုတ်လုပ်ရေးစခန်း) က စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၂၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေသိမ်း/မြေလွှဲအမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သော **စုစုပေါင်းမြေဧရိယာ ၁၉၅. ၃၄ ဧက** အနက် ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၁၉၅. ၁၂ ဧက** ကို စက်မှုဝန်ကြီးဌာန မြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ စက်မှုဝန်ကြီးဌာနမြေအဖြစ် အသုံးပြုရန်အမိန့်ပြင်ဆင်သတ်မှတ်သည့် **မြေဧရိယာ ၁၉၅. ၁၂ ဧက** ကို စက်မှုဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၂၃/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးရပ်ကွက်၊ ကွင်းအမှတ်/အမည် (၄၇၄ က ကျီးချောင်း/ကတုတ်ဘုရားကြီးကွင်း)၊ မြေအမျိုးအစား - လယ်မြေ၊ ဦးပိုင်အမှတ် (၈/၃) ရှိ **မြေဧရိယာ ၀. ၂၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၈၆/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၂၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၂၄/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ သာဇီရပ်ကွက်၊ ကွင်းအမှတ်/အမည် (၄/သာဇီကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ် (၃၇ᵃ) ရှိ **မြေဧရိယာ ၀. ၁၅၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၃၉၂/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၅၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၂၅/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့ သီရိဟေမာရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃-က/သမာဝါဏိဇ္ဇကွင်း)၊ မြေအမျိုးအစား (-)၊ ဦးပိုင်အမှတ် (၈၁)၊ **မြေဧရိယာ ၀. ၁၁၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၁၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၂၆/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၆-ခ/ရုံးလမ်းကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ် (က/၃အတွင်း) ရှိ **မြေဧရိယာ ၀. ၀၉၈ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၇၀၃/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၉၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၂၇/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၄/ဗောဓိကုန်းကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ် (၇၈) ရှိ **မြေဧရိယာ ၀. ၀၃၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၇၀၅/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၃၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၂၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ် (၆) ရပ်ကွက်၊ ကွင်းအမှတ်/အမည် - ၁၁၉၃/ဝန်းဘော်ဒတ်ကွင်း၊ ဦးပိုင်အမှတ် (၃၄၊ ၃၅၊ ၃၆၊ ၃၇၊ N - ၃၂) တို့ရှိ **ရွှေဥမင်ဝိမုတ္တိသုခတောရရိပ်သာကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၉. ၆၉ ဧကအနက်မှ **၀. ၂၄ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ -၃၄ နှင့်အညီ **ဦးကျော်စိုး [၉/မရတ (နိုင်) ၀၁၂၃၂၂]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၂၉/၂၀၁၉)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချိုရပ်ကွက်၊ အကွက်အမှတ်/အမည် - ၂၄/ဆန်းချိုတိုးချဲ့မြို့ကွက်သစ်၊ ဦးပိုင်အမှတ် (၉၅၆) ရှိ **အနောက်ရွှေဘုံသာကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၀. ၂၃ ဧကအနက်မှ **၀. ၀၂၈ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးသန်းအေး [၆/ထဝန (နိုင်) ၀၀၃၁၆၀]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၃၀/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၉၅/ဆင်ခြေဘုန်းအကွက်)၊ ဦးပိုင်အမှတ် (၂၉၂^၁) ရှိ **မြတ်ရတနာဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၀. ၂၂၂ ဧကအနက်မှ **၀. ၀၁၄ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **ဦးအောင်ကိုကို [၁၀/မလမ (နိုင်) ၁၅၄၅၅၀]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၃၁/၂၀၁၉)

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ အမှတ် (၉) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၃/ထီးလှိုင်၊ ဦးပိုင်အမှတ် (ထ-၁/၅၂) ရှိ **မြေဧရိယာ ၀. ၁၇၀ ဧက** အား **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၃၂/၂၀၁၉)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆၆/စစ်တပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၁၆၄/၄၁၅)၊ မြေဧရိယာ **၂. ၀၀ ဧက** အား **လွိုင်ကော်ခရိုင်မီးသတ်ဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၃၃/၂၀၁၉)

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၅၃၃/တောင်ရှည့်)၊ ဦးပိုင်အမှတ် (၁၉)၊ မြေဧရိယာ ၀. ၉၁၈ ဧကနှင့် ဦးပိုင်အမှတ် (၅၈)၊ မြေဧရိယာ ၀. ၉၁၈ ဧက **စုစုပေါင်းမြေဧရိယာ ၁. ၈၃၆ ဧက** ရှိမြေအား **စက်မှုဝန်ကြီးဌာန၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **စက်မှုဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စက်မှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၃၄/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့၊ မြို့မ (၂) ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၆/ရုံးကြီးရပ်)၊ ဦးပိုင်အမှတ် (L.၁၀. င)၊ **မြေဧရိယာ ၀. ၀၅၅ ဧက** ရှိမြေအား ပြည်ထဲရေးဝန်ကြီးဌာန၊ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မော်လိုက်မြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၃၅/၂၀၁၉)

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၁/ကွက်သစ်)၊ ဦးပိုင်အမှတ် (၁၄)၊ **မြေဧရိယာ ၀. ၇၇၀ ဧက** ရှိမြေအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ **ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၃၆/၂၀၁၉)

၁။ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့၊ အမှတ် (၇) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၈၃၁/အင်ပုကွင်း)၊ ဦးပိုင်အမှတ် (၂၁/၄)၊ **မြေဧရိယာ ၀. ၁၅ ဧက** အား **ဒက္ခိဏခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (လယ်ဝေး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၃၇/၂၀၁၉)

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့၊ အုန်းတော (၁) ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၂၇၁၆-က/ဗိမ္မာန်တောရမြောက်)၊ ဦးပိုင်အမှတ် (၁၄၃/၁၄၆၂)၊ **မြေဧရိယာ ၀. ၃၉၆ ဧက** ရှိမြေအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ **မကွေးခရိုင်လူမှုဖူလုံရေးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ စာပေပညာဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ပါမောက္ခ/ဌာနမှူး (စာပေ) ရာထူးနေရာသို့ အဆိုပါတက္ကသိုလ်၊ စာပေပညာဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ တွဲဖက်ပါမောက္ခ (စာပေ) ဒေါက်တာကျော်မင်း အား တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ ပုဒ်မ ၈၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **စာချုပ်စာတမ်းများ မှတ်ပုံတင်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကို ဆိုသည်။

(ခ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

(ဂ) **နောက်ဆက်တွဲ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ဖော်ပြထားသည့် နောက်ဆက်တွဲကို ဆိုသည်။

(ဃ) **မှတ်ပုံတင်ခ**ဆိုသည်မှာ ဥပဒေပုဒ်မ ၆၈ အရ နိုင်ငံတော်ပြန်တမ်းတွင် သတ်မှတ်ကြေညာထားသော အခကြေးငွေနှုန်းထားအတိုင်း စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် တင်ပြသူက ပေးဆောင်ရမည့် အခကြေးငွေကို ဆိုသည်။

(င) **မှတ်ပုံတင်စာအုပ်**ဆိုသည်မှာ ဥပဒေအရ မှတ်ပုံတင်ပေးသော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်းများနှင့်သက်ဆိုင်သည့် အချက်အလက်များကို မှတ်တမ်းတင်ရန် အသုံးပြုသောစာအုပ် အပိုင်းမှစ၍ စာအုပ်တစ်အုပ် သို့တည်းမဟုတ် စာအုပ်တစ်အုပ်၏ အပိုင်းအဖြစ် ပြုလုပ်ရန် တွဲထားသည့် စက္ကူချုပ်အရေအတွက်များကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ် မှတ်တမ်းများ (Electronic Records) လည်း ပါဝင်သည်။

(စ) **မှတ်တမ်းတင်ခြင်း**ဆိုသည်မှာ မှတ်ပုံတင်ပေးရန် တင်ပြလာသည့် စာချုပ်စာတမ်းများကို သက်ဆိုင်ရာ မှတ်ပုံတင်စာအုပ်အမျိုးအစားတစ်မျိုးမျိုးတွင် ရေးသွင်းခြင်း၊ တွဲကပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်း (Electronic Record) အဖြစ် ပြုလုပ်ခြင်း၊ သိမ်းဆည်းခြင်းတို့လည်း ပါဝင်သည်။

## အခန်း (၂)
## စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများ ဖွင့်လှစ်ခြင်းနှင့် နယ်နိမိတ်သတ်မှတ်ခြင်း

၃။ ဥပဒေပုဒ်မ ၉ နှင့်အညီ ဖွင့်လှစ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများ၏ တာဝန်ယူဆောင်ရွက်ရမည့် နယ်နိမိတ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၏ အုပ်ချုပ်မှုနယ်နိမိတ်အတိုင်း ဖြစ်သည်။

၄။ ဥပဒေပုဒ်မ ၁၀ နှင့်အညီ စုစည်း၍ ဖွင့်လှစ်ထားသော မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများ၏ တာဝန်ယူဆောင်ရွက်ရမည့် နယ်နိမိတ်သည် ယင်းမြို့နယ်များ၏ အုပ်ချုပ်မှုနယ်နိမိတ်အတိုင်းဖြစ်သည်။

၅။ ဥပဒေပုဒ်မ ၁၁ နှင့်အညီ ဖွင့်လှစ်ထားသော မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ တာဝန်ယူဆောင်ရွက်ရမည့် နယ်နိမိတ်သည် ယင်းမြို့နယ်၏ အုပ်ချုပ်မှုနယ်နိမိတ်အတိုင်းဖြစ်သည်။

၆။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေ၊ နည်းဥပဒေများတို့နှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေအပေါ် မူတည်၍ ဥပဒေပုဒ်မ ၁၁ တွင် ပါရှိသည့် မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများကို ဖွင့်လှစ်ပေးရမည်။

၇။ ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်တစ်ခုခုတွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးဖွင့်လှစ်နိုင်ခြင်း မရှိသေးမီ အချိန်ကာလအတွင်း ယင်းမြို့နယ်အတွက် စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းအား တွဲဖက်ဆောင်ရွက်ရမည့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သတ်မှတ်ပေးရမည်။

## အခန်း (၃)
## စာချုပ်စာတမ်းများမှတ်ပုံတင်ပေးရန် တင်ပြမှုကို လက်ခံဆောင်ရွက်ခြင်း

၈။ စာချုပ်စာတမ်းတစ်ခုကို မှတ်ပုံတင်ပေးရန် တင်ပြခွင့်ရှိသူသည် ပုံစံ (၁) လျှောက်လွှာတွင် ရုံးခွန်အက်ဥပဒေအရ ထိုက်သင့်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ပြီး ကိုယ်တိုင်လက်မှတ်ရေးထိုး၍ မှတ်ပုံတင်လိုသည့် စာချုပ်စာတမ်းမူရင်းနှင့်အတူ တင်ပြလျှောက်ထားရမည်။

၉။ စာချုပ်စာတမ်းတစ်ခုကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် စာချုပ်စာတမ်းပါ အကြောင်းအရာများနှင့်သက်ဆိုင်သည့် အထောက်အထားများကို သိသာထင်ရှားအောင် ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရန် တာဝန်ရှိသည်။

၁၀။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပေးရန် တင်ပြလာသော စာချုပ်စာတမ်းများကို ဥပဒေပုဒ်မ ၁၆၊ ၁၇၊ ၁၈၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ (က)၊ ၂၄၊ ၂၅၊ ၂၆၊ ၃၂ (ဂ)၊ ၃၂ (ဃ)၊ ၃၉ ပါ ပြဋ္ဌာန်းချက်များအနက် စာချုပ်စာတမ်းအမျိုးအစားအလိုက် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ မရှိကို သေချာစွာ စစ်ဆေးရမည်။

၁၁။ ဥပဒေပုဒ်မ ၂၀ နှင့်အညီ စာချုပ်စာတမ်းနှင့် ပူးတွဲတင်ပြသည့် သက်သေခံမြေပုံနှစ်ခုနှင့် မြေရာဇဝင်သည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသည့်နေ့မှ တစ်နှစ်အတွင်း တင်ပြသော သက်သေခံ မြေပုံနှစ်ခုနှင့် မြေရာဇဝင် ဖြစ်ရမည်။

၁၂။ ဥပဒေပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသော စာချုပ်စာတမ်း မှတ်ပုံတင်ရန် တင်ပြရမည့် အချိန်ကာလကို စိစစ်ရာတွင် ယင်းအချိန်ကာလ ကုန်ဆုံးသည့်နေ့ရက်သည် ရုံးပိတ်ရက်ဖြစ်ပါက အဆိုပါရုံးပိတ်ရက် ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော ရုံးဖွင့်ရက်ကို မှတ်ပုံတင်ရန် ခွင့်ပြုသည့် ကာလအဖြစ် မှတ်ယူရမည်။

၁၃။ နိုင်ငံတော်ပြင်ပတွင် ချုပ်ဆိုသည့် စာချုပ်စာတမ်းများ နိုင်ငံတော်အတွင်းသို့ ရောက်ရှိသည့်နေ့ရက်ကို စစ်ဆေးနိုင်ရန် ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် လုံလောက်သော အထောက်အထား တင်ပြရမည်။

၁၄။ ဥပဒေပုဒ်မ ၂၂ အရ နှစ်ဦးထက်ပိုသော စာချုပ်ချုပ်ဆိုသူများ၏ နောက်ဆုံးလက်မှတ်ရေးထိုးသည့် နေ့ရက်ကို စိစစ်ရာတွင် စာချုပ်စာတမ်းပါ ချုပ်ဆိုသူတို့၏ လက်မှတ်များအနက် ရက်စွဲဖော်ပြပါရှိသည့် လက်မှတ်များကိုသာ စိစစ်ဆောင်ရွက်ရမည်။

၁၅။ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းချုပ်ဆိုသူတို့သည် ဥပဒေပုဒ်မ ၃၁ (က) အရ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ ဖြောင့်ဆိုတင်ပြခြင်းကို ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း ၁၂၀ အတွင်းသာ ဆောင်ရွက်ခွင့်ရှိသည်။

၁၆။ ဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဃ) နှင့်အညီ အခွန်တံဆိပ်ခေါင်း လုံလောက်စွာ ထမ်းဆောင်ထားခြင်းမရှိသော စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးခြင်းမပြုဘဲ ငြင်းပယ်ရမည်။ ယင်းစာချုပ်စာတမ်းကို မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၃၃ အရ သိမ်းချုပ်နိုင်ရန် သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးပို့ရမည်။

၁၇။ နည်းဥပဒေ ၁၆ အရ ငြင်းပယ်ထားသည့် စာချုပ်စာတမ်းအား မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးလျှင် စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် တင်ပြခွင့်ရှိသူသည် ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ပေးရန် အယူခံလျှောက်ထားနိုင်သည်။

၁၈။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် တင်ပြလာသူများနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၃၀၊ ၃၁၊ ၃၂ (က)၊ ၃၂ (ခ)၊ ၃၂ (င)၊ ၃၃ (က)၊ ၃၄ (ခ)၊ ၃၈၊ ၄၃၊ ၄၅၊ ၄၆ ပါ ပြဋ္ဌာန်းချက်များအနက် စာချုပ်စာတမ်းအမျိုးအစားအလိုက် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိကို သေချာစွာ စစ်ဆေးရမည်။

၁၉။ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် တင်ပြသူသည် အောက်ပါအထောက်အထားများကို ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည် -

(က) စာချုပ်စာတမ်းမှတ်ပုံတင်သူတို့ ကိုင်ဆောင်ထားသည့် နိုင်ငံသားဖြစ်ကြောင်း သက်သေခံလက်မှတ် အထောက်အထားများ၊

(ခ) တရားရုံး ဒီကရီ သို့မဟုတ် အမိန့်အရ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များက တင်ပြခြင်းဖြစ်လျှင် တရားရုံး ဒီကရီ သို့မဟုတ် အမိန့်တာဝန်ခံ မိတ္တူ၊

(ဂ) အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူတို့၏ ကိုယ်စား ကိုယ်စားပြုသူက တင်ပြခြင်းဖြစ်လျှင် ကိုယ်စားပြုသူဖြစ်ကြောင်း အထောက်အထား၊

(ဃ) ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ကိုယ်စား ဆောင်ရွက်ခြင်းဖြစ်လျှင် ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ မှတ်ပုံတင်ကတ်နှင့် ကိုယ်စား ဆောင်ရွက်ခွင့်ပြုကြောင်း ဆုံးဖြတ်သည့် အစည်းအဝေးမှတ်တမ်း၊ အစိုးရဌာန၊ အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ တာဝန်ပေးအပ်ခွင့်ရှိသူက တာဝန်ပေးအပ်သည့် အထောက်အထားမူရင်း၊

(င) ကိုယ်စားလှယ်လွှဲစာရရှိထားသူမှ ဆောင်ရွက်ခြင်းဖြစ်လျှင် ကိုယ်စားလှယ်လွှဲစာ မူရင်းနှင့် ကိုယ်စားလှယ်လွှဲအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာကို မရုပ်သိမ်းသေးကြောင်း အထောက်အထား။

၂၀။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက နည်းဥပဒေ ၁၈ အရ စစ်ဆေးသည့်အခါတွင် မှတ်ပုံတင်ပေးရန် တင်ပြသူနှင့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူများကို သာမန်အားဖြင့် နှုတ်ဖြင့်သာ စစ်ဆေးရမည်။ သို့ရာတွင် လိုအပ်သည့်အခါ စာရွက်စာတမ်း အထောက်အထားများကိုလည်း ကြည့်ရှုစစ်ဆေးနိုင်သည်။

၂၁။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လိုအပ်သည်ဟု ယူဆပါက စစ်ဆေးမေးမြန်းခံရသူတို့မှ တင်ပြသည့် ထွက်ဆိုတင်ပြချက်နှင့် သက်ဆိုင်သည့် အထောက်အထားကို လက်ခံစစ်ဆေးနိုင်သည်။

၂၂။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၁၀ နှင့် နည်းဥပဒေ ၁၈ တို့နှင့်အညီ စစ်ဆေးရာတွင် ဥပဒေပုဒ်မ ၂၁၊ ၂၂၊ ၂၄၊ ၂၅၊ ၂၆ ပါ ပြဋ္ဌာန်းချက်တို့မှတစ်ပါး ကျန်စစ်ဆေးရမည့်အချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးခြင်း မပြုဘဲ မှတ်ပုံတင်စာအုပ်အမှတ် (၂) တွင် မှတ်တမ်းတင်ပြီး ငြင်းပယ်ရမည်။

၂၃။ မှတ်ပုံတင်ပေးရန် တင်ပြလာသော စာချုပ်စာတမ်းသည် ဥပဒေပုဒ်မ ၂၅၊ ၂၆ တို့ပါ ပြဋ္ဌာန်းချက်များ အရ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ဆောင်ရွက်ခွင့်ရှိသည့် နယ်နိမိတ်အတွင်း မကျရောက်သည့်အတွက် ငြင်းပယ်ခြင်းဖြစ်ပါက ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင် အရာရှိသည် -

(က) စာချုပ်စာတမ်း၌ ငြင်းပယ်ကြောင်း ထပ်ဆင့်ရေးမှတ်ချက် ရေးသားခြင်းနှင့် မှတ်ပုံတင်စာအုပ် အမှတ် (၂) တွင် ရေးသွင်းခြင်းမပြုဘဲ ထိုကဲ့သို့ ငြင်းပယ်ခြင်းများကို မှတ်တမ်းတင်သည့်စာအုပ် ဖွင့်လှစ်၍ မှတ်တမ်းရေးသွင်းရမည်။

(ခ) ဥပဒေပုဒ်မ ၂၅ သို့မဟုတ် ၂၆ နှင့် မညီညွတ်သဖြင့် ပြန်လည်ပေးအပ်ကြောင်းကို မှတ်တမ်း စာအုပ်တွင် ရေးသားပြီးနောက် မှတ်ပုံတင်ပေးရန် တင်ပြသူထံ စာချုပ်စာတမ်းကို ပြန်ပေးရမည်။

၂၄။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) အရ တင်ပြလာသည့် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရာတွင် ထပ်ဆင့်ရေးမှတ်ချက်ရေးသားထားသည့် စာချုပ်စာတမ်း၏မိတ္တူကို စာဖြင့် တင်ပြရမည်။

၂၅။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၂၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) အရ စစ်ဆေးပြီးလျှင် -

(က) မှတ်ပုံတင်ပေးရန် ခွင့်ပြုပါက စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးရန် တင်ပြသူက ပေးဆောင်ရမည့် ဒဏ်ကြေးကို သတ်မှတ်၍ မှတ်ပုံတင်ပေးရန် အမိန့်ချမှတ်ရမည်။

(ခ) မှတ်ပုံတင်ပေးရန် ငြင်းပယ်ပါက ငြင်းပယ်သည့် ဥပဒေပုဒ်မနှင့် အကြောင်းအရာတို့ကို စာချုပ်စာတမ်းနှင့် မှတ်ပုံတင်စာအုပ်အမှတ် (၂) တွင် မှတ်တမ်းတင်ရေးသားပြီး စာချုပ်စာတမ်းကို သက်ဆိုင်သူသို့ ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ရမည်။

၂၆။ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် တင်ပြသူသည် နည်းဥပဒေ ၂၅၊ နည်းဥပဒေခွဲ (က) ပါ အမိန့်ကို ရရှိလျှင် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပေးရန် တင်ပြခြင်းကို ဆက်လက်ဆောင်ရွက်နိုင်ပြီး နည်းဥပဒေ ၂၅၊ နည်းဥပဒေခွဲ (ခ) ပါ အမိန့်ရရှိလျှင် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတရားရုံးတွင် စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးစေလိုမှုဖြင့် လျှောက်ထားနိုင်သည်။

၂၇။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းစစ်ဆေးရာတွင် ဥပဒေပုဒ်မ ၂၁၊ ၂၂၊ ၂၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် မညီညွတ်သည့်အချက်ကို တွေ့ရှိရသော်လည်း နည်းဥပဒေ ၂၂ အရ ငြင်းပယ်ရမည့် စာချုပ်စာတမ်းဖြစ်လျှင် နည်းဥပဒေ ၂၄ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်ခြင်းမပြုဘဲ မှတ်ပုံတင်စာအုပ်အမှတ် (၂) တွင် မှတ်တမ်းတင်ပြီး ငြင်းပယ်ရမည်။

၂၈။ နည်းဥပဒေ ၁၀ နှင့် နည်းဥပဒေ ၁၈ တို့အရ စစ်ဆေးရာတွင် ညီညွတ်မှုရှိကြောင်း တွေ့ရှိရပါက စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးရန် လက်ခံရမည်။ ယင်းသို့ လက်ခံပြီးပါက ဤနည်းဥပဒေများ အခန်း (၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၄)

## သေတမ်းစာများ အပ်နှံမှုကို လက်ခံခြင်းနှင့် ကိတ္တိမသားသမီးမွေးစားခြင်းစာချုပ်ကို မှတ်ပုံတင်ပေးခြင်း

၂၉။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၃၈ နှင့် ၃၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည့်စုံစွာဆောင်ရွက်ပြီး အပ်နှံလာသည့် သေတမ်းစာများကိုသာ စိစစ်လက်ခံဆောင်ရွက်ပေးရမည်။

၃၀။ ချိပ်ပိတ်၍ အပ်နှံလာသည့် သေတမ်းစာအိတ်ပေါ်တွင် သေတမ်းစာ ရေးသားသူ သို့မဟုတ် ကိုယ်စားလှယ်၊ သက်သေတို့သည် ယင်းတို့၏ အမည်များနှင့်ပူးတွဲ၍ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာတို့ကို အပြည့်အစုံရေးသားပြီး လက်မှတ်ရေးထိုးရမည်။

၃၁။ ဥပဒေပုဒ်မ ၃၉ အရ သေတမ်းစာထည့်သွင်းချိပ်ပိတ်သည့် စာအိတ်တွင် ဖော်ပြပါရှိသည့် ရေးသားဖော်ပြထားသူများက အမှန်လာရောက် ဆောင်ရွက်ခြင်း ရှိ မရှိ ကိုသာ စိစစ်ရမည်။

၃၂။ ဥပဒေပုဒ်မ ၄၀ အရ ချိပ်ပိတ်ထားသော သေတမ်းစာအိတ်ပါ ဖော်ပြချက်များကို စိစစ်ရာတွင် စာအိတ်ပေါ်ရှိ ချိပ်ပိတ်ရာ၌ တံဆိပ်ခတ်နှိပ်ထားပါက ယင်းချိပ်တံဆိပ်တုံးတွင်ပါရှိသော အက္ခရာ သို့မဟုတ် အမှတ်အသားများကိုလည်း မှတ်ပုံတင်စာအုပ် အမှတ် (၅) တွင် မှတ်တမ်းတင် ရေးသွင်းရမည်။

၃၃။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၄၀ အရ မှတ်ပုံတင်စာအုပ်အမှတ် (၅) တွင် မှတ်တမ်းတင်ရေးသားရမည့် အချက်အသီးသီးကို အပြည့်အစုံရေးသား၍ လက်မှတ်ရေးထိုး ရက်စွဲတပ်ရမည်။

၃၄။ သေတမ်းစာကို အပ်နှံသူထံ ဥပဒေပုဒ်မ ၄၁ အရ ပြန်လည်ထုတ်ပေးရခြင်းမရှိလျှင်သော်လည်းကောင်း၊ ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) အရ တရားရုံးက တင်ပြရန်အကြောင်းကြားခြင်းမရှိလျှင်သော်လည်းကောင်း ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) နှင့်အညီ မှတ်ပုံတင်အရာရှိထံ သေတမ်းစာဖွင့်လှစ်ရန် လျှောက်ထားသည့်အချိန်ထိ လုံခြုံမှုအာမခံသေတ္တာ၌ သိမ်းဆည်းထားရှိရမည်။

၃၅။　ဥပဒေပုဒ်မ ၄၀ အရ ထိန်းသိမ်းထားရှိသော သေတမ်းစာတွင်ပါရှိသည့် ရေးသားထားချက်များ၊ သေတမ်းစာအရ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိနှင့် မသက်ဆိုင်စေရ။

၃၆။　ချိပ်ပိတ်၍ အပ်နှံထားသည့် သေတမ်းစာကို ဥပဒေပုဒ်မ ၄၁ အရ ပြန်လည်ထုတ်ပေးသည့်အခါ မှတ်ပုံတင်စာအုပ်အမှတ် (၅)၊ မှတ်ချက်စာတိုင်တွင် ပြန်လည်ထုတ်ပေးကြောင်းနှင့် လက်ခံရရှိကြောင်း ရေးသား၍ ထုတ်ယူသူနှင့် ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၃၇။　သေတမ်းစာနှင့်သက်ဆိုင်သူများသည် ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ ချိပ်ပိတ်သေတမ်းစာကို ဖွင့်လှစ်ပေးပါရန် လျှောက်ထားသည့်အခါ သေတမ်းစာရေးသားသူ အမှန်တကယ်ကွယ်လွန်ကြောင်း အထောက်အထား တင်ပြရမည်။

၃၈။　ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ) အရ ဖွင့်လှစ်ရသည့်အခါ ဖွင့်လှစ်သည့် အကြောင်းအရာကို မှတ်ပုံတင်စာအုပ်အမှတ် (၅) တွင် ပြည့်စုံစွာ မှတ်တမ်းတင်၍ လက်မှတ်ရေးထိုးရမည်။

၃၉။　ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ဃ) နှင့်အညီ ချိပ်ပိတ်သေတမ်းစာကိုဖွင့်၍ သေတမ်းစာပါ အကြောင်းအရာများကို မှတ်ပုံတင်စာအုပ်အမှတ် (၃) ၌ မှတ်တမ်းတင်ရာတွင် သေတမ်းစာ ဖွင့်လှစ်ရသည့် အကြောင်းအရင်း ဖော်ပြချက်များကို တစ်ပါတည်း မှတ်တမ်းတင်ထားရှိရမည်။

၄၀။　နည်းဥပဒေ ၃၉ အရ မှတ်တမ်းတင်ချိန်တွင် သေတမ်းစာနှင့်သက်ဆိုင်သူများက သေတမ်းစာမိတ္တူကို ရယူလိုကြောင်း လျှောက်ထားလာပါက သတ်မှတ်သည့်အခကြေးငွေများ ပေးဆောင်စေပြီး မိတ္တူမှန်တစ်စောင် ထုတ်ပေးရမည်။

၄၁။　ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ) အရ ချိပ်ပိတ်သေတမ်းစာကိုဖွင့်၍ တရားရုံးသို့ တင်ပြရာတွင် သေတမ်းစာ စာအိတ်ကိုဖွင့်လှစ်ခ၊ လက်ခံရေးကူးခများကို သက်ဆိုင်သူများက ပေးသွင်းပြီးမှသာ သေတမ်းစာ မူရင်းကို တရားရုံးသို့ တင်ပြရမည်။

၄၂။　ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်ပေးရန် တင်ပြလာသော သေတမ်းစာနှင့် ဥပဒေပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်ပေးရန် တင်ပြလာသော ကိတ္တိမသားသမီးမွေးစားခြင်းစာချုပ်များကို အခြားစာချုပ်စာတမ်းများနည်းတူ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရန် အချက်များကိုစစ်ဆေးပြီး ညီညွတ်မှုရှိပါက လက်ခံမှတ်ပုံတင်ပေးရမည်။

## **အခန်း (၅)**
## **မှတ်ပုံတင်ပေးသည့် စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေးမှတ်ချက်များ ရေးသားခြင်း**

၄၃။　ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ရန် စိစစ်လက်ခံပြီးသည့် စာချုပ်စာတမ်းပါ စာမျက်နှာအားလုံး (စာရွက်၏ကျောဘက်အပါအဝင်) ၏ လက်ယာဘက်အပေါ်ထောင့်တွင် စာမျက်နှာအမှတ်များကို အစဉ်အတိုင်း မင်နီဖြင့်ရေးသား၍ လက်မှတ်တိုရေးထိုးရမည်။

၄၄။　ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပေးရန် တင်ပြလာသော စာချုပ်စာတမ်းကို နည်းဥပဒေ ၁၀၊ ၁၈ တို့နှင့်အညီစိစစ်သည့်အခါ စိစစ်တွေ့ရှိရသော အကြောင်းအရာများကို ထပ်ဆင့်ရေးမှတ်ချက်အဖြစ် သက်ဆိုင်ရာစာချုပ်စာတမ်းတွင် မင်နီဖြင့်ရေးသားပြီး မင်နက်ဖြင့် လက်မှတ်ရေးထိုးရမည်။

၄၅။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၃၈ အရ အပ်နှံလာသည့် ချိပ်ပိတ်သေတမ်းစာမှတစ်ပါး မှတ်ပုံတင်ရန် စိစစ်လက်ခံပြီးသည့် စာချုပ်စာတမ်းများတွင်-

(က) ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ မှတ်ပုံတင်ပေးရန် တင်ပြကြောင်း ရေးသားရမည့် ထပ်ဆင့်ရေးမှတ်ချက်ကို စာချုပ်စာတမ်း၏ ပထမစာရွက် ကျောဘက်တွင် နောက်ဆက်တွဲ (၁) ပါအတိုင်း ရေးမှတ်ရမည်။

(ခ) မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၊ ဇယား (၁) အရ တံဆိပ်ခေါင်းခွန်ကို ပြည့်စုံစွာ ထမ်းဆောင်ပြီးဖြစ်ကြောင်း၊ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေအရ လက်ခံကြောင်းနှင့်ကျသင့်သည့် မှတ်ပုံတင်ခ ရငွေပေါင်းတို့ကို ထပ်ဆင့်ရေးမှတ်ရမည်။ ထပ်ဆင့်ရေးမှတ်ချက်ကို နောက်ဆက်တွဲ (၂) ပါအတိုင်း ရေးမှတ်ရမည်။

(ဂ) ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) အရ ချမှတ်သည့်ဒဏ်ကြေးငွေရှိပါက ယင်းဒဏ်ကြေးငွေကို နောက်ဆက်တွဲ (၂) တွင် မှတ်ပုံတင်ခရငွေပေါင်းနှင့် တစ်ပါတည်းရေးသားဖော်ပြရမည်။

၄၆။ မှတ်ပုံတင်ရန် စိစစ်လက်ခံပြီးသည့် စာချုပ်စာတမ်းများတွင် နည်းဥပဒေ ၁၈ အရ စစ်ဆေးတွေ့ရှိချက်များကို ထပ်ဆင့်ရေးမှတ်ချက်အဖြစ် အောက်ပါအတိုင်း ဆက်လက်ရေးသားဆောင်ရွက်ရမည် -

(က) ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ ရေးမှတ်ရမည့် ထပ်ဆင့်ရေးမှတ်ချက်ကို နောက်ဆက်တွဲ (၃) ပါအတိုင်း ရေးသားရမည်။

(ခ) ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ ရေးမှတ်ရမည့် ထပ်ဆင့်ရေးမှတ်ချက်ကို နောက်ဆက်တွဲ (၄) ပါအတိုင်း ရေးသားရမည်။

၄၇။ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် တင်ပြသူ၊ ချုပ်ဆိုသူ၊ ချုပ်ဆိုသူတို့၏ ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်နှင့်သက်သေများသည် နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေ ၄၆၊ နည်းဥပဒေခွဲ (က) တို့အရ စာချုပ်စာတမ်း၌ ရေးသားထားသည့် ထပ်ဆင့်ရေးမှတ်ချက်များနှင့်ကပ်၍ လက်မှတ်ရေးထိုးရမည့် အပြင် လက်ဝဲဘက်လက်မ၏ လက်ဗွေကို နှိပ်ယူရမည်။ လက်ဝဲဘက်လက်မ မရှိလျှင် လက်ယာဘက်လက်မ၏ လက်ဗွေကို နှိပ်ယူရမည်။ လက်ဗွေရယူရန် လက်မနှစ်ဖက်လုံးမပါရှိပါက လက်ဗွေမယူသည့် အကြောင်းကို ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ချက်ဖြင့် ဖော်ပြရမည်။

၄၈။ လက်ဗွေနှိပ်မှတ် မှတ်ပုံတင်သည့်စာအုပ်တွင် လက်ဗွေနှိပ်မှတ်များကို မှတ်တမ်းတင်ပြီး ယင်းလက်ဗွေနှိပ်မှတ်အသီးသီး၏ အမှတ်စဉ်ကို စာချုပ်စာတမ်း၌ နှိပ်ယူထားသည့် လက်ဗွေနှိပ်မှတ်နှင့်ယှဉ်၍ ရေးသားရမည်။

၄၉။ စာချုပ်စာတမ်းတွင် လိုအပ်သော ထပ်ဆင့်ရေးမှတ်ချက်များရေးမှတ်ရန် နေရာမလုံလောက်လျှင် စာရွက်သား ကောင်းမွန်သည့် စက္ကူလွတ်ကို သက်ဆိုင်ရာစာချုပ်စာတမ်း၏ နောက်ဆုံးစာမျက်နှာတွင် ခိုင်ခံ့အောင်တွဲကပ်ပြီး ယင်းစက္ကူ၏ ညာဘက်ထိပ်ဆုံး၌ စာမျက်နှာအမှတ်ကို အစဉ်အလိုက်ရေးသား၍ မှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုး ရက်စွဲတပ်ရမည်။ ယင်းစာမျက်နှာတွင် ထပ်ဆင့်ရေးမှတ်ချက်များကို ရေးသားနိုင်သည်။

၅၀။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်း၏ ပထမစာမျက်နှာ၌ ထပ်ဆင့်ရေးမှတ်ချက်ရေးသားထားသော စာမျက်နှာအမှတ်များကို ကြည့်ရှုနိုင်ရန် **ထပ်ဆင့်ရေးမှတ်ချက်များကိုစာမျက်နှာ ----- တွင်ကြည့်ပါ** ဟု စာချုပ်စာတမ်းပါ စာသားများကို မထိခိုက်စေဘဲ ရေးသား၍ ရက်စွဲတပ်ပြီး လက်မှတ်ရေးထိုးရမည်။

၅၁။ နည်းဥပဒေ ၁၃ အရ နိုင်ငံအတွင်းသို့ စာချုပ်စာတမ်းရောက်ရှိသည့်နေ့ရက်နှင့်သက်ဆိုင်သည့် အထောက်အထားများအရ စစ်ဆေးတွေ့ရှိသည့်အချက်ကိုလည်း စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေးမှတ်ချက်အဖြစ် ရေးမှတ်၍ ရက်စွဲတပ်ပြီး လက်မှတ်ရေးထိုးရမည်။

၅၂။ ဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ မှတ်တမ်းတင်ထားရှိသော ထွက်ဆိုချက်များကို စာအုပ်ဖွင့်လှစ်၍ သီးခြားထိန်းသိမ်းထားပြီး ထိန်းသိမ်းထားသည့် အမှတ်စဉ်ကို စာချုပ်တွင် ရေးသားဖော်ပြနိုင်သည်။ လိုအပ်လျှင် ထွက်ဆိုချက်များ၏ အကျဉ်းချုပ်ကို စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေးမှတ်ချက်အဖြစ် ရေးသားနိုင်သည်။ ယင်းထပ်ဆင့်ရေးမှတ်ချက်တွင် စစ်ဆေးမေးမြန်းခံရသူတို့ကို လက်မှတ်ရေးထိုးစေ၍ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ရက်စွဲတပ်ပြီး လက်မှတ်ရေးထိုးရမည်။

၅၃။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် တစ်ပြေးညီဖြစ်စေရန် ဥပဒေ၊ ဤနည်းဥပဒေများအရ ရေးသားရမည့် ထပ်ဆင့်ရေးမှတ်ချက်များကို တံဆိပ်တုံးပြုလုပ်သုံးစွဲနိုင်သည်။

## အခန်း (၆)

## မှတ်ပုံတင်သည့် စာချုပ်စာတမ်းများကို မှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်း

၅၄။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးနှင့် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် မှတ်ပုံတင်ထားသည့် စာချုပ်စာတမ်းများ မှတ်တမ်းတင်ထားရှိခြင်းကို နည်းဥပဒေ ၅၅ ပါ သက်ဆိုင်ရာ မှတ်ပုံတင်စာအုပ်အမျိုးအစားများဖြင့် မှတ်တမ်းတင်ခြင်းကိုဖြစ်စေ၊ အီလက်ထရောနစ်မှတ်တမ်း (electronic record) အဖြစ်မှတ်တမ်းတင်ခြင်းကိုဖြစ်စေ၊ ယင်းနည်းလမ်း ၂ ရပ်ကို အသုံးပြု၍ မှတ်တမ်းတင်ခြင်းကိုဖြစ်စေ သင့်လျော်သည့်နည်းလမ်းများကို အသုံးပြု၍ ဆောင်ရွက်ရမည်။

၅၅။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးနှင့် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် မှတ်ပုံတင်ထားသည့် စာချုပ်စာတမ်းများကို မှတ်တမ်းတင်ရေးသွင်းနိုင်ရန် မှတ်ပုံတင်စာအုပ်များကို အောက်ပါအတိုင်း အမျိုးအစားခွဲခြား၍ ဖွင့်လှစ်ထားရှိရမည် -

(က) မှတ်ပုံတင်စာအုပ်အမှတ် (၁)
မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများ မှတ်ပုံတင်စာအုပ်
ယင်းစာအုပ်ကို နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (ခ) ပါ ပုံစံတစ်ရပ်ရပ်ဖြင့် ဖွင့်လှစ်၍ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပါ စာချုပ်စာတမ်းများနှင့် ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဇ) ပါ စာချုပ်စာတမ်းများကို မှတ်တမ်းတင်ထားရှိရမည်။

(ခ) မှတ်ပုံတင်စာအုပ်အမှတ် (၁) နောက်ဆက်တွဲ
တရားမရုံးနှင့် အခြားရုံးတို့က ပေးပို့သည့် စာချုပ်စာတမ်းများ မှတ်ပုံတင်စာအုပ်
ယင်းစာအုပ်ကို နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (ခ) ပုံစံအတိုင်း ဖွင့်လှစ်၍ ဥပဒေပုဒ်မ ၈၃ အရ ပေးပို့လာသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်သက်ဆိုင်သည့် ရောင်းချကြောင်း သက်သေခံလက်မှတ်နှင့် သက်သေခံလက်မှတ်မိတ္တူ၊ တရားရုံး၊ အခွန်အရာရှိ သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပေးပို့လာသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်သက်ဆိုင်သည့် တရားရုံးအမိန့် သို့မဟုတ် ဒီကရီမိတ္တူများ၊ စာချုပ်စာတမ်းနှင့် မှတ်တမ်းမိတ္တူများ၊ မြေပုံမိတ္တူများကို မှတ်တမ်းတင်ထားရှိရမည်။

(ဂ) မှတ်ပုံတင်စာအုပ်အမှတ် (၂)
စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးရန် ငြင်းပယ်ကြောင်း မှတ်ပုံတင်စာအုပ်
ယင်းစာအုပ်ကို ပုံစံ (၃) ဖြင့် ဖွင့်လှစ်၍ စာချုပ်စာတမ်းအား မှတ်ပုံတင်ပေးရန် ငြင်းပယ်သည့် ဥပဒေပုဒ်မနှင့် အကြောင်းအရာများကို ရေးသားမှတ်တမ်းတင်ထားရှိရမည်။

(ဃ) မှတ်ပုံတင်စာအုပ်အမှတ် (၃)
သေတမ်းစာများ မှတ်ပုံတင်စာအုပ်
ယင်းစာအုပ်ကို နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (ခ) ပါ ပုံစံတစ်ရပ်ရပ်ဖြင့် ဖွင့်လှစ်၍ ဥပဒေပုဒ်မ ၄၄ အရ မှတ်ပုံတင်ပေးသော သေတမ်းစာများကို မှတ်တမ်းတင်ထားရှိရမည်။

(င) မှတ်ပုံတင်စာအုပ်အမှတ် (၄)
အထွေထွေ စာချုပ်စာတမ်းများ မှတ်ပုံတင်စာအုပ်
ယင်းစာအုပ်ကို နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (ခ) ပါ ပုံစံတစ်ရပ်ရပ်ဖြင့် ဖွင့်လှစ်၍ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ)၊ (စ)၊ (ဆ)၊ (ဈ)၊ (ည) ပါ စာချုပ်စာတမ်းများကို မှတ်တမ်းတင်ထားရှိရမည်။

(စ) မှတ်ပုံတင်စာအုပ်အမှတ် (၅)
ချိပ်ပိတ်သေတမ်းစာများ မှတ်ပုံတင်ပေးသည့်စာအုပ်
ယင်းစာအုပ်ကို ပုံစံ (၄) ဖြင့် ဖွင့်လှစ်၍ ဥပဒေပုဒ်မ ၄၀ အရ ချိပ်ပိတ်အပ်နှံလာသော သေတမ်းစာများကို မှတ်တမ်းတင်ထားရှိရမည်။

(ဆ) မှတ်ပုံတင်စာအုပ်အမှတ် (၆)
မှန်ကြောင်းသက်သေခံ လက်မှတ်ရေးထိုးပေးသည့် ကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်စာအုပ်၊
ယင်းစာအုပ်ကို ပုံစံ (၅) ဖြင့် ဖွင့်လှစ်၍ နည်းဥပဒေ ၁၀၉၊ ၁၁၀ နှင့်အညီ မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပေးသည့် ကိုယ်စားလှယ်လွှဲစာများကို မှတ်တမ်းတင်ထားရှိရမည်။

(ဇ) မှတ်ပုံတင်စာအုပ်အမှတ် (၇)
လက်ဗွေနှိပ်မှတ် မှတ်ပုံတင်သည့် စာအုပ်
ယင်းစာအုပ်ကို ပုံစံ (၆) ဖြင့် ဖွင့်လှစ်၍ စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးရန် တင်ပြသည့် စာချုပ်ချုပ်ဆိုသူ၊ ချုပ်ဆိုသူ၏ ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲစာရရှိသူနှင့် သက်သေတို့၏ လက်ဗွေနှိပ်မှတ်များကို မှတ်တမ်းတင်ထားရှိရမည်။

၅၆။ နည်းဥပဒေ ၅၅၊ နည်းဥပဒေခွဲ (က)၊ (ခ)၊ (ဃ) နှင့် (င) တို့ပါ မှတ်ပုံတင်စာအုပ်များကို အောက်ဖော်ပြပါ ပုံစံနှင့် အရွယ်အစားတစ်မျိုးမျိုးဖြင့် ဖွင့်လှစ်ဆောင်ရွက်နိုင်သည် -

(က) လက်ရေးဖြင့် ရေးသားရမည့် မှတ်ပုံတင်စာအုပ်အမှတ် (၁)၊ (၃)၊ (၄) စာအုပ်များသည် စက္ကူချပ်ကြီး စာရွက်ရေ ၁၅၀ ပါရှိစေရမည်။ ပုံစံ (၂) ပါ အတိုင်း ဖြစ်ရမည်။

(ခ) ပုံနှိပ်ထားသော စာချုပ်စာတမ်းများကို မှတ်ပုံတင်ရန် စာရွက်၏ စာမျက်နှာကို အပြည့်မထားဘဲ စာအုပ်ချုပ်ရိုးမှ ၁. ၅ လက်မခန့်ရှိသည့် စာရွက်ဖြတ်ပိုင်း ပထမစာမျက်နှာ၏ထိပ်တွင် အမှတ်တပ်ထားပြီး၊ ဒုတိယစာမျက်နှာ (စာမျက်နှာ၏ကျောဘက်) တွင် အမှတ်တပ်ထားခြင်းမရှိသော စာအုပ်ဖြစ်သည်။ စာရွက်ရေ ၁၀၀ ပါရှိစေရမည်။

၅၇။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးနှင့် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအသီးသီးတွင် မှတ်ပုံတင်စာအုပ်များကို ဦးစီးဌာနမှ ထုတ်ပေးသော ပုံစံဖြင့် အသုံးပြုရမည်။

၅၈။ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) ပါ အတိုင်း ဖွင့်လှစ်ထားသည့် မှတ်ပုံတင်စာအုပ်များတွင် သက်ဆိုင်သူများအားလုံး သို့မဟုတ် ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်များက စာချုပ်ကို သဘောတူပြုလုပ်ကြောင်း ဝန်ခံပြီးလျှင် လိုအပ်သော ထပ်ဆင့်ရေးမှတ်ချက်များ ဆောင်ရွက်ပြီးဖြစ်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ စာအုပ်အမျိုးအစားတွင် လက်ရေးဖြင့် ရေးကူးရမည်။

၅၉။ မှတ်ပုံတင်စာအုပ်၏ လက်ဝဲဘက်ကွက်လပ်တွင် ထပ်ဆင့်ရေးမှတ်ချက်များ တံဆိပ်ခေါင်းတန်ဖိုးများကို မင်နီဖြင့် ရေးကူးရမည်။ လက်မှတ်မိတ္တူများကို ရေးကူးပြီး လက်ဗွေနှိပ်မှတ် အမှတ်စဉ်ကိုပါ ထည့်သွင်းဖော်ပြရမည်။

၆၀။ မှတ်ပုံတင်စာအုပ်၏ အလယ်ကွက်လပ်တွင် စာချုပ်စာတမ်းပါ စကားရပ်အားလုံးကို မင်နက်ဖြင့် ရေးကူးရမည်။ စာချုပ်စာတမ်းအသီးသီးတွင် ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူ သို့မဟုတ် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူက ရေးသားသည့် အချက်အလက်များပါရှိလျှင် အလယ်ကွက်လပ်တွင် မင်နီဖြင့် ကူးရေးရမည်။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ လက်မှတ်ရေးထိုးမှုကို

မင်နီဖြင့် "ပုံ/×××" ဟု ထည့်သွင်းရေးကူးရမည်။ လက်ယာဘက် ကွက်လပ်တွင် အောက်ပါအချက်အလက်များကို မင်နီဖြင့် ရေးမှတ်ရမည် -

(က) စာချုပ်စာတမ်းပါ ရေးသားဖော်ပြချက်များကို မှတ်တမ်းတင်သည့် မှတ်ပုံတင်စာအုပ်တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း၊ ပယ်ဖျက်ခြင်း စသည်များအတွက် မှတ်ချက်ရေးသားရန် ယင်းမှတ်ချက်ကို "မူလအမှား"၊ ရေးကူးသူ၏ မှားယွင်းရေးသားမှုအား "ရေးကူးသူအမှား" စသည်ဖြင့် ရေးသား၍ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိမှ သက်သေခံလက်မှတ်တို ရေးထိုးရမည်။

(ခ) သက်တမ်းကာလ ၂၄ လထက် ကျော်လွန်ပြီးနောက် လာရောက်ထုတ်ယူခြင်းမပြုသည့် သေတမ်းစာမဟုတ်သည့် စာချုပ်စာတမ်းများကို ဖျက်ဆီးခြင်းအတွက် မှတ်သားခြင်း။

၆၁။ မည်သည့် မှတ်ပုံတင်စာအုပ်တွင်မဆို ရေးကူးမှု မှားယွင်းခြင်းအတွက် ပြင်ဆင်ရန် လိုအပ်လျှင် ခဲဖျက်၊ ဖျက်ဆေးတို့ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းနှင့်ဖြစ်စေ ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုဘဲ မင်ဖြင့်ပြင်ဆင်၍ ထိုပြင်ဆင်ပေးခြင်းအတွက် ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက လက်မှတ်တို ရေးထိုးရမည်။

၆၂။ မူရင်းစာချုပ်စာတမ်း၏ စာသားများပါ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ဟူသမျှကို မှတ်ပုံတင်စာအုပ်တွင် ရေးကူးသောအခါ မင်နက်ဖြင့် ရေးကူးရမည်။ ထပ်ဆင့်ရေးမှတ်ချက်များရှိ စာကြောင်းများကြားတွင် ရေးသွင်းချက်နှင့် အမှားပြင်ဆင်ချက်များကို မင်နီဖြင့် ရေးကူးရမည်။

၆၃။ ရေးကူးသူ၏ မှားယွင်းမှုကြောင့် ဖြည့်စွက်ရေးခြင်းနှင့် ပြင်ဆင်ခြင်းတို့အတွက် မှတ်ပုံတင်စာအုပ်တွင် ပြင်ဆင်ပေးရန်လိုအပ်ပါက ကနဦး ရေးသားချက်သည် မင်နက်ဖြစ်လျှင် မင်နီဖြင့်လည်းကောင်း၊ မင်နီဖြစ်လျှင် မင်နက်ဖြင့်လည်းကောင်း ပြင်ဆင်ရမည်။

၆၄။ စာချုပ်စာတမ်းပါ စာသားများကို မူရင်းအတိုင်း မှန်ကန်ပြည့်စုံစွာ ရေးကူးရမည်။ ရေးကူးပြီးသောအခါ ရေးကူးချက်များ မှန်ကန်မှု ရှိ မရှိကို အခြားဝန်ထမ်းတစ်ဦးက စစ်ဆေးပြီး မှန်ကန်ပါက စာချုပ်စာတမ်းပါ စာသားများ၏အောက်ရှိ နေရာလွတ်တွင် "ရေးကူးသူ"၊ "တိုက်ဆိုင်စစ်ဆေးသူ"၊ "မိတ္တူမှန်" စသည်ဖြင့် ဖော်ပြပြီး သက်ဆိုင်ရာဝန်ထမ်းများနှင့် ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုးရမည်။

၆၅။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပေးရန် တင်ပြခြင်းကို လက်ခံထားရှိပြီးဖြစ်သည့် စာချုပ်စာတမ်းများကို နည်းဥပဒေ ၆၄ ပါအတိုင်း ဆောင်ရွက်ပြီးစီးသည့်အခါ နောက်ဆက်တွဲ (၅) ပါအတိုင်း ထပ်ဆင့်ရေးမှတ်ချက်ကို ရေးသား၍ စာချုပ်စာတမ်းအမှတ်ကို ရေးသားပြီး လက်မှတ်ရေးထိုးရမည်။

၆၆။ မှတ်ပုံတင်ပေးရန် တင်ပြလာသော စာချုပ်စာတမ်းများအား နည်းဥပဒေ ၆၅ အရ ပြည့်စုံစွာ ဆောင်ရွက်ပြီးစီးသည့်အခါ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်မှု ပြီးစီးသည်ဟု သတ်မှတ်ရမည်။

၆၇။ မှတ်ပုံတင်စာအုပ်အသီးသီးတွင် မှတ်ပုံတင်သည့် စာချုပ်စာတမ်းများ၏ စာချုပ်အမှတ်များကို ပြက္ခဒိန်နှစ် စတင်သည့် နေ့ရက်မှစ၍ ပြက္ခဒိန်နှစ်ကုန်ဆုံးသည့်နေ့ရက်ထိ အမှတ်စဉ်အလိုက် ရေးထိုးရမည်။ နောက်ပြက္ခဒိန်နှစ် စတင်သည့်အခါ အမှတ်စဉ်အသစ် ရေးထိုးရမည်။ မှတ်ပုံတင်စာအုပ်အသစ် ဖွင့်လှစ်ခြင်းနှင့် မှတ်ပုံတင်စာအုပ်ပိတ်သိမ်းခြင်းတို့အတွက် အဖွင့်ရေးသားချက်နှင့် အပိတ်ရေးသားချက်တို့ကို နောက်ဆက်တွဲ (၆) ပါအတိုင်း ရေးသားဆောင်ရွက်ရမည်။

၆၈။ ပြက္ခဒိန်နှစ် ကုန်ဆုံးသော်လည်း မှတ်ပုံတင်စာအုပ်တစ်အုပ်၌ မှတ်တမ်းတင်နိုင်သည့် စာမျက်နှာများ ကျန်ရှိလျှင် ယင်းနှစ်အတွက် နောက်ဆုံးမှတ်တမ်းတင်ထားသည့် စာမျက်နှာတွင် စာချုပ်စာတမ်းပါ

မူလစာသားများကို မထိခိုက်စေဘဲ ------ **ခုနှစ်အတွက် စာချုပ်အမှတ် (----------) မှ (----------) ထိ စာချုပ်ပေါင်း (----------) မှတ်တမ်းတင်ထားသည်** ဟု ရေးသားပြီး မှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုး ရမည်။

၆၉။ မှတ်ပုံတင်ရန် တင်ပြလာသော စာချုပ်စာတမ်းတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ သက်သေခံမြေပုံ မိတ္တူပါရှိလျှင် ၎င်းသက်သေခံမြေပုံမိတ္တူကို မှတ်ပုံတင်စာအုပ်၌ စာချုပ်ရေးကူးပြီးနောက် စာမျက်နှာ (စာအုပ်ချုပ်ရိုးဘက်) ၏ အတွင်းဘက် ကွက်လပ်တွင် ကော်ကပ်ထားရမည်။ ၎င်းသက်သေခံ မြေပုံ၏ ကော်ကပ်သည့်ဘက်အစပ်တွင် နှစ်ဖက်စလုံးမိအောင်ဖြတ်၍ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ လက်မှတ်နှင့် ရုံးတံဆိပ်ကို ရေးထိုးရိုက်နှိပ်ထားရမည်။

၇၀။ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (ခ) ပါအတိုင်း ဖွင့်လှစ်ထားသည့် မှတ်ပုံတင်စာအုပ်များတွင် လိုအပ် သည့် ထပ်ဆင့်ရေးမှတ်ချက်များ ရေးသားပြီးဖြစ်သော မှတ်ပုံတင်ပေးမည့် စာချုပ်စာတမ်း၏မိတ္တူကို အောက်ပါအတိုင်း တွဲကပ်၍ မှတ်တမ်းတင်ရမည် -

(က) မှတ်ပုံတင်ပေးရန် တင်ပြထားသည့် စာချုပ်စာတမ်း၏မိတ္တူကို မှတ်ပုံတင်စာအုပ်ရှိ အမှတ်စဉ် ရေးမှတ်ထားသော လက်ခံစာရွက် (ကော်လံဖြတ်ပိုင်း) များတွင် ယင်းလက်ခံစာရွက်အောက်ဘက် (အမှတ်စဉ်တပ်မထားသောဘက်) ၌ ကော်နှင့် ကပ်ရမည်။

(ခ) မှတ်ပုံတင်စာအုပ်၏ လက်ခံစာရွက်နှင့် စာချုပ်စာတမ်းမိတ္တူနှစ်ဖက်စလုံး၌ ဖြတ်မိအောင် ရုံးတံဆိပ်ဝိုင်း ရိုက်နှိပ်ခြင်းနှင့် ရက်စွဲတပ်၍ လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) တွဲကပ်သည့် စာချုပ်စာတမ်း၏ နောက်ဆုံးစာမျက်နှာအောက်ဘက်တွင် ရေးကူးသူနှင့် တိုက်ရိုက် စစ်ဆေးသူတို့က လက်မှတ်ရေးထိုးရမည့်ပြင် ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက မိတ္တူမှန်ဟုဖော်ပြပြီး ရက်စွဲတပ်၍ လက်မှတ်ရေးထိုးရမည်။

၇၁။ မှတ်ပုံတင်စာအုပ်အမှတ် (၁) နောက်ဆက်တွဲတွင် ဥပဒေပုဒ်မ ၈၃ အရ ပေးပို့လာသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် ရောင်းချကြောင်း သက်သေခံလက်မှတ်နှင့် သက်သေခံ လက်မှတ်မိတ္တူ၊ တရားရုံး၊ အခွန်အရာရှိ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပေးပို့ လာသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်သက်ဆိုင်သည့် တရားရုံးအမိန့် သို့မဟုတ် ဒီကရီမိတ္တူများ၊ စာချုပ်စာတမ်းနှင့် မှတ်တမ်းမိတ္တူများ၊ မြေပုံမိတ္တူများကို မှတ်တမ်းတင်ထားရှိရမည်။

၇၂။ နည်းဥပဒေ ၇၁ အရ မှတ်တမ်းတင်ရာတွင် မှတ်တမ်း၊ မြေပုံများနှင့် စာချုပ်စာတမ်းတို့ကို မှတ်ပုံတင် စာအုပ်ရှိ လက်ခံစာရွက်တွင် စာရွက်တစ်ရွက်ချင်းကော်ဖြင့် ကပ်ရမည်။ စာအုပ်၏ လက်ခံစာရွက်နှင့် စာချုပ် စာတမ်းမိတ္တူကို နှစ်ဖက်စလုံး ဖြတ်မိအောင် မှတ်ပုံတင်အရာရှိက **----------------- နေ့ရက်တွင် ----------ရုံးမှ ----------- ပေးပို့သည်ကို လက်ခံရရှိသည်** ဟု မှတ်ချက်ရေး၍ ရက်စွဲတပ်လက်မှတ်ရေးထိုး ရမည်။ စာရွက်နှစ်ဖက်စလုံး ဖြတ်မိအောင် ရုံးတံဆိပ်ကိုလည်း ရိုက်နှိပ်ရမည်။

၇၃။ မှတ်ပုံတင်စာအုပ်အမှတ် (၁) နောက်ဆက်တွဲတွင် မှတ်တမ်းတင်ထားရှိသော စာချုပ်မိတ္တူများအတွက် အမှတ်စဉ်များကိုလည်း နည်းဥပဒေ ၆၇ ပါအတိုင်း ဆောင်ရွက်ရမည်။

၇၄။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၂၂ အရ ငြင်းပယ်သည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စာချုပ်စာတမ်းကို မှတ်ပုံတင်ရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်သည့်နေ့၌ပင် မည်သည့်အတွက် ကြောင့် ငြင်းပယ်ကြောင်းကို မှတ်ပုံတင်စာအုပ်အမှတ် (၂) တွင် မှတ်တမ်းတင်ပြီး ငြင်းပယ်ခံရသည့် စာချုပ်စာတမ်းတွင်လည်း ငြင်းပယ်ကြောင်း ရေးသားရမည်။

(ခ) ငြင်းပယ်သည့်အကြောင်းကို ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၇၅။ မှတ်ပုံတင်စာအုပ်အမှတ် (၅) တွင် ချိပ်ပိတ်အပ်နှံလာသော သေတမ်းစာများကို မှတ်တမ်းတင်ရာ၌ ယင်းစာအုပ်၏ စာတိုင်ပါ အကြောင်းအရာများကို ပြည့်စုံစွာ ရေးသွင်းရမည်။

၇၆။ မှတ်ပုံတင်စာအုပ်အမှတ် (၆) တွင် ကိုယ်စားလှယ်လွှဲစာအမှတ်၊ မှန်ကန်ကြောင်းဝန်ခံလက်မှတ် ရေးထိုးသည့် နေ့စွဲ၊ ချုပ်ဆိုသည့်နေ့စွဲ၊ ကိုယ်စားလှယ်လွှဲအပ်သူ၊ ကိုယ်စားလှယ်၊ သက်သေတို့၏ ဆက်လက်၍ ရေးသားသောအချက်များကို မင်နက်ဖြင့် ရေးသား၍ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုးရမည်။

၇၇။ မှတ်ပုံတင်စာအုပ်အမှတ် (၇) တွင် လက်ဗွေနှိပ်မှတ်ရယူရာ၌ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လက်မအား မင်သုတ်ရာတွင် လက်မ၏ ပထမအဆစ်ကိုသာ မင်သုတ်လူးရမည်ဖြစ်၍ ဒုတိယ အဆစ်အား မင်ပေကျံခြင်းမဖြစ်အောင် သတိပြု ဆောင်ရွက်ရမည်။

(ခ) မင်နှိပ်ပြီးသော လက်မကို မှတ်ပုံတင်စာအုပ်အမှတ် (၇) ၏ စာတိုင်အမှတ် (၉) ပေါ်တွင် လက်မဘေးစောင်းမှစ၍ ထိတွေ့စေပြီး လက်မဝမ်းဘက်တစ်ပြင်လုံး ထင်ရှားစွာ ပေါ်လွင်လာစေရန် ဖြည်းညင်းသေချာစွာ လှိမ့်ယူရမည်။

(ဂ) လက်ဗွေနှိပ်မှတ် အမှတ်စဉ်ကို ပြက္ခဒိန်နှစ်အလိုက် ပေးရမည်။ နှစ်စဉ်ပြက္ခဒိန်နှစ် စတင်သည့် နေ့တွင် အစပြု၍ ပြက္ခဒိန်နှစ်ကုန်ဆုံးသည့်နေ့တွင် အဆိုပါနှစ်အတွက် လက်ဗွေအမှတ်စဉ်များ အဆုံးသတ်ရမည်။

(ဃ) လက်ဗွေများကို နှိပ်မှတ်ယူရသော မှတ်ပုံတင်စာအုပ်အမှတ် (၇) ၌ လက်ဗွေနှိပ်ယူရာတွင် လွယ်ကူ စေရေးအတွက် စာမျက်နှာတစ်ဖက်တည်းကိုသာ အသုံးပြုရမည်။

(င) ပြက္ခဒိန်နှစ် တစ်နှစ်ကုန်ဆုံးတိုင်း အဆိုပါ နှစ်အတွက် နောက်ဆုံးလက်ဗွေနှိပ်မှတ်အောက်တွင် မင်နီဖြင့် မျဉ်းသား၍ပိတ်ပြီး "------ ခုနှစ်အတွက် လက်ဗွေပေါင်း ------- နှိပ်ယူထားသည်" ဟု မှတ်ချက်ရေးသား၍ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိမှ သက်သေခံလက်မှတ်ရေးထိုး၍ ရာထူးတံဆိပ်ရိုက်နှိပ်ရမည်။ နောက်နှစ်အတွက် ရှေ့စာမျက်နှာ အသစ်မှစ၍ အမှတ်စဉ် အသစ်ပေးပြီး လက်ဗွေနှိပ်မှတ်များ ရယူရမည်။

၇၈။ မှတ်ပုံတင်စာအုပ်အမှတ် (၇) တွင် လက်ဗွေနှိပ်မှတ် အမှတ်စဉ်၊ လက်ဗွေနှိပ်မှတ်ရယူသည့် နေ့ရက်၊ မှတ်ပုံတင်စာအုပ်အမှတ်၊ အတွဲအမှတ်၊ စာမျက်နှာ၊ လက်ဗွေနှိပ်မှတ်နှိပ်သူအမည်၊ အမျိုးသားမှတ်ပုံတင် အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် Passport အမှတ်တို့ကို ပြည့်စုံစွာရေးသား၍ လက်ဗွေနှိပ်မှတ်နှိပ်စေပြီး ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက လက်မှတ်တိုရေးထိုး၍ မှန်ကန်ကြောင်း သက်သေခံရမည်။

၇၉။ မှတ်ပုံတင်စာအုပ်အမှတ် (၇) အသစ်ဖွင့်လှစ်ခြင်းအတွက် အဖွင့်ရေးသားချက်အဖြစ် **"ဤမှတ်ပုံတင် စာအမှတ် (၇)၊ အတွဲအမှတ် ( ) ၌ ------ ခုနှစ်အတွက် လက်ဗွေနှိပ်မှတ်အမှတ်စဉ် ( ) မှစ၍ မှတ်တမ်း တင်သည်"** ဟုလည်းကောင်း၊ မှတ်ပုံတင်စာအုပ်ပိတ်သိမ်းခြင်းအတွက် အပိတ်ရေးသားချက်အဖြစ် **"ဤအတွဲ အမှတ် ( ) ၌ စာမျက်နှာ --------- မှ ------- ထိ လက်ဗွေနှိပ်မှတ်ပေါင်း --------- ကို မှတ်တမ်းတင် ထားပြီး ----------- ခုနှစ်၏ လက်ဗွေနှိပ်မှတ် အမှတ်စဉ် ---------- ကို နောက်ဆုံးမှတ်တမ်းတင်၍ ဤအတွဲကို ------------ နေ့တွင် ပိတ်သိမ်းသည်"** ဟုလည်းကောင်း ရေးသားပြီး မှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုးရမည်။

၈၀။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးနှင့် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် မှတ်ပုံတင်စာအုပ် များ ဖွင့်လှစ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို လွယ်ကူလျင်မြန်မှုရှိစေရန်နှင့် တစ်ပြေးညီဖြစ်စေရေးတို့ အတွက် ဦးစီးဌာနသည် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၈၁။ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး သို့မဟုတ် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် မှတ်ပုံတင်စာအုပ်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်စာအုပ်များစာရင်း အတွဲ (၁)၊ မှတ်ပုံတင်စာအုပ်များစာရင်းအတွဲ (၂) တို့ဖြင့် စာရင်းပြုစု ထားရှိရမည်။

၈၂။ မှတ်ပုံတင်စာအုပ်များစာရင်းအတွဲ (၁) တွင် အောက်ပါ မှတ်ပုံတင်စာအုပ်နှင့် စာရွက်စာတမ်းများကို စာရင်းပြုစုထားရှိရမည် -

(က) မှတ်ပုံတင်စာအုပ်အမှတ် (၁)၊ မှတ်ပုံတင်စာအုပ်အမှတ် (၁) နောက်ဆက်တွဲများ၊ မှတ်ပုံတင်စာအုပ်အမှတ် (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ ပုဒ်မ ၁၈ (ခ) အရ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားသည့် မြန်မာဘာသာပြန်ဆိုချက်များ၊

(ခ) ဥပဒေပုဒ်မ ၆၃ အရ ချမှတ်သည့် အမိန့်များ။

၈၃။ မှတ်ပုံတင်စာအုပ်များစာရင်းအတွဲ (၂) တွင် အောက်ပါစာအုပ်နှင့် စာရွက်စာတမ်းများကို စာရင်းပြုစုထားရှိရမည် -

(က) မှတ်ပုံတင်ပေးရန် တင်ပြသည့် စာချုပ်စာတမ်းနှင့် အခကြေးငွေများရရှိကြောင်း ပြေစာစာအုပ်၊

(ခ) အထွေထွေရငွေများအတွက် ပြေစာစာအုပ်၊

(ဂ) ဥပဒေပုဒ်မ ၂၉ နှင့် ၃၆ တို့အရ စာချုပ်ချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်ဆောင်ရွက်ခြင်း မှတ်တမ်းစာအုပ်။

၈၄။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အလုပ်လွှဲပြောင်းလက်ခံသည့်အခါ နည်းဥပဒေ ၈၁ အရ ဖွင့်လှစ်ထားရှိသည့် စာအုပ်များကို စိစစ်၍ အလုပ်လွှဲပြောင်းလက်ခံသည့် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၇)

## မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းကိစ္စရပ်များအတွက် အယူခံဝင်ရောက်ခြင်း

၈၅။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မည်သည့်စာချုပ်စာတမ်းကိုမဆို ဥပဒေပုဒ်မ ၂၁၊ ၂၂၊ ၂၄၊ ၂၅၊ ၂၆ တို့နှင့် မညီညွတ်၍ ငြင်းပယ်ခြင်းမှတစ်ပါး နည်းဥပဒေ ၁၀၊ ၁၈ ပါ သက်ဆိုင်ရာစစ်ဆေးရမည့် အချက်များကို စစ်ဆေးရာတွင် အချက်တစ်ရပ်ရပ်နှင့်မညီညွတ်ကြောင်း တွေ့ရှိရပါက ယင်းမညီညွတ်သည့် ဥပဒေပုဒ်မနှင့် ပုဒ်မပါ အချက်များကို စာချုပ်စာတမ်းပေါ်တွင် ထပ်ဆင့်ရေးမှတ်ချက်ပြည့်စုံစွာရေးသား၍ ငြင်းပယ်ကြောင်း အမိန့်ချမှတ်ရမည်။

၈၆။ နည်းဥပဒေ ၈၅ ပါ ငြင်းပယ်သည့် အကြောင်းအရာဖော်ပြချက်ကို မှတ်ပုံတင်စာအုပ်အမှတ် (၂) တွင် ရေးသွင်း၍ လက်မှတ်ရေးထိုးရမည်။ ယင်းငြင်းပယ်ကြောင်းရေးသွင်းချက် မိတ္တူတစ်စောင်ကို ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံတင်ပြပြီး မှတ်ပုံတင်သွင်းသူသို့လည်း မိတ္တူတစ်စောင် ထုတ်ပေးရမည်။

၈၇။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပေးရန် ငြင်းပယ်သည့် စာချုပ်စာတမ်းကို ထုတ်ပေးရန်အမိန့်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၈၈။ ဥပဒေပုဒ်မ ၆၀ (က) အရ အယူခံဝင်ရောက်သူသည် ငြင်းပယ်ကြောင်း လက်ခံတစ်စောင်၊ မူရင်းစာချုပ်နှင့်အတူ စာဖြင့်ရေးသားပြီး လက်မှတ်ရေးထိုးထားသည့် အယူခံလျှောက်ထားချက်ကို ပူးတွဲ၍ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၈၉။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၈၈ အရ လျှောက်ထားလာသော အယူခံလျှောက်ထားချက်ကို စစ်ဆေးရာတွင် ဥပဒေပုဒ်မ ၇ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏

ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်အပေါ် အယူခံလျှောက်ထားခြင်းဖြစ်ပါက မိမိကိုယ်တိုင် စစ်ဆေးရမည်ဖြစ်ပြီး ဥပဒေပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်အပေါ် အယူခံလျှောက်ထားခြင်းဖြစ်ပါက သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးကို တာဝန်ပေးအပ်၍ စစ်ဆေးစေရမည်။

၉၀။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စစ်ဆေးတွေ့ရှိချက်များကို စိစစ်၍ အတည်ပြုသည့်အမိန့် သို့မဟုတ် ပြင်ဆင်သည့်အမိန့်ကို ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိနှင့် အယူခံသူတို့ထံ ပေးပို့ရမည်။

၉၁။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၉၀ အရ ချမှတ်ဆောင်ရွက် ခဲ့သည့် အမိန့်များကို လစဉ်အချုပ်ပြုလုပ်၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၉၂။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၁၇ အရ တင်ပြလာသော အယူခံလျှောက်ထားချက်ကို လက်ခံရရှိလျှင် နည်းဥပဒေ ၁၀ နှင့် ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန် လက်ခံပါက မှတ်ပုံတင်ပေးရန် ခွင့်ပြုသည့်အမိန့် သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်လျှင် ငြင်းပယ်ကြောင်းအမိန့်ကို ချမှတ်ရမည်။

## အခန်း (၈)
## ပြင်ပသို့ သွားရောက်မှတ်ပုံတင်ခြင်း

၉၃။ ဥပဒေပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၆ (က) တို့အရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မလာရောက်နိုင်သည့် အတွက် စာချုပ်စာတမ်းချုပ်ဆိုသူနေထိုင်ရာသို့ လာရောက်၍ မှတ်ပုံတင်ပေးရန် ပုံစံ (၇) ဖြင့် လျှောက်ထား ရမည်။

၉၄။ ဥပဒေပုဒ်မ ၂၉ အရ အထူးကိစ္စရပ်အနေဖြင့် စာချုပ်စာတမ်းချုပ်ဆိုသူနေထိုင်ရာအိမ်သို့ လာရောက်၍ မှတ်ပုံတင်ပေးရန် လျှောက်ထားလာခြင်းဖြစ်ပါက -

(က) ပုံစံ (၇) တွင် မည်သည့် အထူးကိစ္စရပ်ကြောင့် စာချုပ်စာတမ်းချုပ်ဆိုသူနေထိုင်ရာအိမ်သို့ လာရောက်၍ မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းဖြစ်သည်ကို အထောက်အထားပြည့်စုံစွာ ဖော်ပြပြီး ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်ကို စိစစ်၍ စာချုပ်စာတမ်းချုပ်ဆိုသူနေထိုင်ရာသို့ မိမိကိုယ်တိုင် သွားရောက်ဆောင်ရွက်နိုင်သည်။ ကော်မရှင်ခန့်စာ ထုတ်ဆင့်၍ မိမိကိုယ်စားလည်း ဆောင်ရွက်စေနိုင်သည်။

၉၅။ ဥပဒေပုဒ်မ ၃၆ အရ စာချုပ်စာတမ်းချုပ်ဆိုသူနေထိုင်ရာသို့ လာရောက်၍ မှတ်ပုံတင်ပေးရန် လျှောက်ထားလာခြင်းဖြစ်ပါက -

(က) စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသို့ လာရောက်ရန် အခက်အခဲရှိသည့် ကျန်းမာရေးချို့တဲ့နေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများဖြစ်လျှင် ဆရာဝန်၏ဆေးထောက်ခံချက် ပူးတွဲတင်ပြရမည်။

(ခ) အကျဉ်း သို့မဟုတ် အချုပ်ချထားခြင်းခံရသူဖြစ်လျှင် သက်ဆိုင်ရာဌာနမှ တာဝန်ခံအရာရှိ၏ အကျဉ်းကျခံနေရသူ သို့မဟုတ် အချုပ်ကျခံနေသူ မှန်ကန်ကြောင်းနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း လုပ်ငန်းဆောင်ရွက်ပါက ခွင့်ပြုနိုင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

(ဂ) တရားရုံးတော်သို့ လာရောက်ခြင်းမှ တည်ဆဲဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့် ပုဂ္ဂိုလ်များဖြစ်လျှင် တရားရုံး၌ ထားရှိသည့် ကင်းလွတ်ခွင့်ရသူစာရင်းတွင် ပါဝင်ကြောင်း အထောက်အထားတို့ကို ပူးတွဲတင်ပြရမည်။

၉၆။ စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်၍ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှောက်ထားသူကို သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေရမည်။ အခကြေးငွေပေးသွင်းခြင်းမပြုမီ စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်ဆောင်ရွက်ခြင်း မပြုရ။

၉၇။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ ကိုယ်တိုင်သွားရောက်ဆောင်ရွက်ရာတွင် စစ်ဆေးတွေ့ရှိမှုအခြေအနေကို နောက်ဆက်တွဲ (၈) ပါအတိုင်း ထပ်ဆင့်ရေးမှတ်ချက်အဖြစ် ရေးသားဖော်ပြရမည်။

၉၈။ ဥပဒေပုဒ်မ ၇ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်၍ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို မိမိကိုယ်စား သွားရောက်ဆောင်ရွက်ရန် လိုအပ်လျှင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ ဒုတိယဦးစီးမှူးအဆင့်ထက် မနိမ့်သော ဝန်ထမ်းကို ပုံစံ (၈) ဖြင့် ကော်မရှင်ခန့်စာထုတ်ဆင့်၍ ခန့်အပ်တာဝန်ပေးရမည်။

၉၉။ ဥပဒေပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မိမိကိုယ်စား သွားရောက်ဆောင်ရွက်ရန် လိုအပ်လျှင် စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် ဝန်ထမ်းကို ပုံစံ (၈) ဖြင့် ကော်မရှင်ခန့်စာ ထုတ်ဆင့်၍ ခန့်အပ်တာဝန်ပေးရမည်။

၁၀၀။ နည်းဥပဒေ ၉၈ နှင့် ၉၉ တို့အရ ကော်မရှင်ခန့်စာထုတ်ဆင့်ခြင်းကို နောက်ဆက်တွဲ (၇) ပါအတိုင်း ထပ်ဆင့်ရေးမှတ်ချက်အဖြစ် စာချုပ်စာတမ်း၏ နောက်ကျောတွင် မင်နီဖြင့် ရေးသားပြီး ကော်မရှင်ခန့်စာထုတ်ပေးသူ မှတ်ပုံတင်အရာရှိက ရက်စွဲတပ်၍ လက်မှတ်ရေးထိုးရမည်။

၁၀၁။ ကော်မရှင်ခန့်စာ ထုတ်ဆင့်ခြင်းခံရသူက ကော်မရှင်ခန့်စာအရ ဆောင်ရွက်ပြီးသည့်အခါ စာချုပ်စာတမ်းပေါ်တွင် မိမိ၏ စစ်ဆေးတွေ့ရှိမှုအခြေအနေကို နောက်ဆက်တွဲ (၈) ပါ အတိုင်း ထပ်ဆင့်ရေးမှတ်၍ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

၁၀၂။ စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးသည့်အခါ ဥပဒေပုဒ်မ ၈၁ အရ ကင်းလွတ်ခွင့်ပြုသည့်အချက်ပါရှိလျှင် ယင်းကင်းလွတ်ခွင့်ပြုသည့်အချက်ကို သက်ဆိုင်ရာ စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေး မှတ်ချက်ရေးသားပြီး ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုးရမည်။

၁၀၃။ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ဥပဒေပုဒ်မ ၈၂ နှင့်အညီ လိုအပ်ချက်ကို အကြောင်းကြားမေးမြန်းချက်အပေါ် သက်ဆိုင်ရာအရာရှိက ရုံးစာဖြင့် စာချုပ်စာတမ်းပါ အချက်အလက်များ၊ လက်မှတ်များမှန်ကန်ကြောင်းနှင့် စာချုပ်ကို မှတ်ပုံတင်ပေးရန် တင်ပြသည်မှာ မှန်ကန်ကြောင်း ပြန်ကြားလာလျှင် ယင်းအချက်များကို စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေး မှတ်ချက်ရေးသားပြီး လက်မှတ်ရေးထိုးရမည်။

၁၀၄။ နည်းဥပဒေ ၉၄၊ ၉၇၊ ၉၈ နှင့် ၉၉ တို့အရ စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်၍ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို ပုံစံ (၉) ဖြင့် ရေးမှတ်ရမည်။

## အခန်း (၉)
## ကိုယ်စားလှယ်လွှဲစာများ မှတ်ပုံတင်ခြင်း

၁၀၅။ မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးသည့် ကိုယ်စားလှယ်လွှဲစာကို ကိုယ်စားလှယ်လွှဲအပ်သူ နေထိုင်ရာအရပ်ရှိ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး သို့မဟုတ် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပေးရန် တင်ပြရမည်။

၁၀၆။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ကိုယ်စားလှယ်လွှဲစာကို မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးရာတွင် ကိုယ်စားလှယ်လွှဲအပ်သူနှင့် သက်သေတို့ မှန်ကန်ပြည့်စုံသည့် ကိုယ်စားလှယ်လွှဲစာများကိုသာ လက်ခံဆောင်ရွက်ပေးရမည်။

၁၀၇။ နည်းဥပဒေ ၁၀၆ အရ လက်ခံပြီးသည့်အခါ ကိုယ်စားလှယ်လွှဲအပ်သူနှင့် သက်သေတို့၏ လက်မှတ်များဘေးတွင် ယင်းတို့၏လက်ဗွေများကို နှိပ်ယူပြီး မှတ်ပုံတင်စာအုပ်အမှတ် (၇) တွင်လည်း လက်ဗွေနှိပ်မှတ်ရယူထားရမည်။ မှတ်ပုံတင်စာအုပ်အမှတ် (၇) ရှိ လက်ဗွေနှိပ်မှတ်အသီးသီး၏အမှတ်ကို ကိုယ်စားလှယ်လွှဲစာရှိ လက်ဗွေနှိပ်မှတ်နှင့်ယှဉ်၍ ရေးသားရမည်။

၁၀၈။ နည်းဥပဒေ ၁၀၇ အရ ပြည့်စုံစွာ ဆောင်ရွက်ပြီးစီးသော မှန်ကန်ကြောင်းသက်သေခံလက်မှတ်ရေးထိုးသည့် ကိုယ်စားလှယ်လွှဲစာတွင် နောက်ဆက်တွဲ (၉) ပါ အတိုင်း မှန်ကန်ကြောင်း ထပ်ဆင့်ရေးမှတ်ချက်ရေးသား၍ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ မှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုးရမည်။

၁၀၉။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ တင်ပြရန် မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးသည့် ကိုယ်စားလှယ်လွှဲစာများကို မှတ်ပုံတင်စာအုပ်အမှတ် (၆) တွင် မှတ်တမ်းတင်ရမည်။

၁၁၀။ ကိုယ်စားလှယ်လွှဲစာတွင် ပါဝင်သော အကြောင်းအရာများ၌ စာချုပ်စာတမ်းမှတ်ပုံတင်ရန် ကိစ္စရပ်ဖော်ပြပါရှိသည့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့က လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာများကိုလည်း နည်းဥပဒေ ၁၀၉ နှင့်အညီ ဆောင်ရွက်ရမည်။

၁၁၁။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှန်ကန်ကြောင်းသက်သေခံလက်မှတ်ရေးထိုးသည့် ကိုယ်စားလှယ်လွှဲစာများမှတစ်ပါး အခြားကိစ္စအတွက် အသုံးပြုရန် လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာများကို မှတ်ပုံတင်ပေးရန် တင်ပြလာလျှင် ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ည) ပါ စာချုပ်စာတမ်းများကဲ့သို့ စစ်ဆေးရန် အချက်များကို စစ်ဆေးပြီး ညီညွတ်မှုရှိပါက မှတ်ပုံတင်ပေးရမည်။ ယင်းကိုယ်စားလှယ်လွှဲစာများကို မှတ်ပုံတင်စာအုပ်အမှတ် (၄) တွင် မှတ်တမ်းတင်ထားရမည်။

၁၁၂။ နည်းဥပဒေ ၁၀၉ သို့မဟုတ် နည်းဥပဒေ ၁၁၀ နှင့်အညီ မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးသည့် ကိုယ်စားလှယ်လွှဲစာကို သက်ဆိုင်သူက ပြန်လည် ရုပ်သိမ်းလိုသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကိုယ်စားလှယ်လွှဲသူနှင့် ကိုယ်စားလှယ်လွှဲစာရရှိသူတို့က နှစ်ဦးသဘောတူရုပ်သိမ်းခြင်းဖြစ်ပါက ရုပ်သိမ်းလိုသည့် ကိုယ်စားလှယ်လွှဲစာမူရင်း သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက ရေးကူးပေးသော မိတ္တူမှန် ပူးတွဲ၍ ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း တင်ပြစာကို သက်ဆိုင်ရာ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ ကိုယ်စားလှယ်လွှဲသူနှင့် ကိုယ်စားလှယ်လွှဲစာ ရရှိသူတို့ကိုယ်တိုင် တင်ပြရမည်။

(ခ) ကိုယ်စားလှယ်လွှဲသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲစာရရှိသူတစ်ဦးဦးက ရုပ်သိမ်းလျှင် ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကို သတင်းစာတွင်ထည့်သွင်းကြော်ငြာ၍ သတင်းစာတွင်ဖော်ပြခဲ့သော ရုပ်သိမ်းကြောင်းကြော်ငြာချက်၊ ရုပ်သိမ်းလိုသည့်ကိုယ်စားလှယ်လွှဲစာမူရင်း သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက ရေးကူးပေးသော မိတ္တူမှန်ပူးတွဲ၍ ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း တင်ပြစာကို သက်ဆိုင်ရာ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းသူကိုယ်တိုင်တင်ပြရမည်။

(ဂ) ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) နှင့် (ခ) ပါ တင်ပြစာကို လက်ခံရရှိလျှင် မှတ်ပုံတင်စာအုပ်အမှတ် (၆) ရှိ လက်ခံမှတ်တမ်းတွင် **"--------- ရက်စွဲပါ လွှဲအပ်သူ သို့မဟုတ် လက်ခံသူ သို့မဟုတ် လွှဲအပ်သူနှင့် လက်ခံသူတို့ကိုယ်တိုင်က ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း တင်ပြချက်ကို မှတ်သားသည်"** ဟု မင်နီဖြင့် ရေးသား၍ ရက်စွဲတပ်ပြီး လက်မှတ်ရေးထိုးရမည်။

## အခန်း (၁၀)

## မှတ်ပုံတင်ထားပြီးသည့် စာချုပ်စာတမ်းများကို ရှာဖွေကြည့်ရှုခြင်း၊ မိတ္တူရေးကူးခြင်းနှင့် ထုတ်ပေးခြင်း

၁၁၃။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ မှတ်ပုံတင်စာအုပ်များတွင် မှတ်တမ်းတင်ထားသည့် စာချုပ်စာတမ်းများကို ရှာဖွေကြည့်ရှုခွင့် သို့မဟုတ် မိတ္တူရေးကူးခွင့်လျှောက်ထားသူသည် ရုံးခွန်အက်ဥပဒေအရ သတ်မှတ်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ပြီး လျှောက်ထားရမည်။

၁၁၄။ နည်းဥပဒေ ၁၁၃ အရ လျှောက်ထားချက်ကို လက်ခံရရှိပါက ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ) အရ ကြော်ငြာထားသည့် အခကြေးငွေနှုန်းထားကို ပေးသွင်းစေပြီးလျှင် အောက်ပါအတိုင်း ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ပြုနိုင်သည် -

(က) မှတ်ပုံတင်စာအုပ်အမှတ် (၁) နှင့် မှတ်ပုံတင်စာအုပ်အမှတ် (၁) နောက်ဆက်တွဲတွင် မှတ်ပုံတင်ထားသော စာချုပ်စာတမ်းများကို မည်သူမဆို ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ပြုနိုင်သည်။ ထို့ပြင် မိတ္တူရေးကူးရာတွင် သက်သေခံမြေပုံ၊ မြေရာဇဝင်တွဲလျက်ရှိသည့် ရေးသွင်းချက်များကို မိတ္တူရလိုကြောင်း လျှောက်ထားသည့်အခါ သက်သေခံမြေပုံ၊ မြေရာဇဝင် လက်ခံမှုန်ကို ရေးကူးပေးနိုင်ရန် မှတ်ပုံတင်အရာရှိက သီးခြားစီမံ၍ ရေးကူးရမည်။

(ခ) မှတ်ပုံတင်စာအုပ်အမှတ် (၂) တွင် မှတ်တမ်းတင်ထားသော ရေးမှတ်ချက်များကို မည်သူမဆို ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့် ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်စာအုပ်အမှတ် (၃) တွင် မှတ်ပုံတင်ထားသော စာချုပ်များကို စာချုပ် ချုပ်ဆိုမှတ်ပုံတင်သူ သို့မဟုတ် ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်လွှဲစာရသူများကို ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ပြုနိုင်သည်။ ချုပ်ဆိုမှတ်ပုံတင်သူတို့ ကွယ်လွန်ပြီးနောက် ကွယ်လွန်ကြောင်း အထောက်အထားဖြင့် လျှောက်ထားလာပါက လျှောက်ထားသူ မည်သူမဆို ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ပြုနိုင်သည်။

(ဃ) မှတ်ပုံတင်စာအုပ်အမှတ် (၄) တွင် မှတ်ပုံတင်ထားသော စာချုပ်များကို စာချုပ်စာတမ်းချုပ်ဆို မှတ်ပုံတင်သူ သို့မဟုတ် ၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်လွှဲစာရသူများကို ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ပြုနိုင်သည်။ အခြားမည်သူမျှ ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်မရှိစေရ။ ချုပ်ဆိုမှတ်ပုံတင်သူတို့ ကွယ်လွန်ပြီးနောက် ကွယ်လွန်ကြောင်း အထောက်အထားဖြင့် လျှောက်ထားလာပါက လျှောက်ထားသူ မည်သူမဆို ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ပြုနိုင်သည်။

(င) မှတ်ပုံတင်စာအုပ်အမှတ် (၆) ရှိ ရေးသွင်းချက်များကို ကိုယ်စားလှယ်လွှဲအပ်သူ သို့မဟုတ် လွှဲအပ်ခံရသူကို ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ပြုနိုင်သည်။ ကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်း သို့မဟုတ် ဖျက်သိမ်း သို့မဟုတ် လွှဲအပ်သူ ကွယ်လွန်ပြီးဖြစ်ပါက မည်သူမျှ မိတ္တူကူးယူခွင့်မရှိစေရ။ သို့ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများက ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့်စပ်လျဉ်း၍ တရားဝင် တောင်းခံလာပါက မှတ်တမ်းတင်၍ ခွင့်ပြုရမည်။

၁၁၅။ မှတ်ပုံတင်စာအုပ်အမှတ် (၅) နှင့် အမှတ် (၇) ရှိ မှတ်တမ်းတင်ထားသည့် အကြောင်းအရာများကို မည်သူမျှ ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့် မရှိစေရ။ သို့ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများက ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် စပ်လျဉ်း၍ တရားဝင် တောင်းခံလာပါက မှတ်တမ်းတင်၍ ခွင့်ပြုရမည်။

၁၁၆။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး သို့မဟုတ် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများတွင် မှတ်တမ်းတင်ထားသော စာချုပ်စာတမ်းများကို မိတ္တူရေးကူးရန် သို့မဟုတ် ကြည့်ရှုရန် လျှောက်ထားလာသည့်အခါ စာချုပ်စာတမ်းကို ရှာဖွေရန်လိုအပ်ပါက ရှာဖွေခြင်းအတွက် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီးမှ ရှာဖွေခွင့်ပြုရမည်။

၁၁၇။ မိတ္တူရေးကူးရန် ခွင့်ပြုသည့်အခါ မှတ်ပုံတင်စာအုပ်အသီးသီးတွင် မှတ်တမ်းတင်ထားသည့် စာချုပ်စာတမ်းများကို မိတ္တူရေးကူးရန်နှင့် တိုက်ဆိုင်စစ်ဆေးရန် ဝန်ထမ်းအား တာဝန်ပေး၍ ဆောင်ရွက်စေနိုင်သည်။

၁၁၈။ မိတ္တူရေးကူးသူသည် မှတ်ပုံတင်စာအုပ်များ၌ မှတ်တမ်းတင်ထားသည့် စာချုပ်စာတမ်းပါ စကားရပ်များကို သေချာစွာ တိုက်ဆိုင်ရေးကူး၍ "ရေးကူးသူ" ဟု ရေးသားပြီး လက်မှတ်ရေးထိုးရမည်။ တိုက်ဆိုင်စစ်ဆေးသူသည် မိတ္တူရေးကူးထားသော စာချုပ်စာတမ်းကို စာအုပ်ရှိ မှတ်တမ်းရေးသွင်းချက်နှင့် တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ကြောင်း တွေ့ရှိလျှင် "တိုက်ဆိုင်စစ်ဆေးသူ" ဟု ရေးသား၍ လက်မှတ်ရေးထိုးရမည်။

၁၁၉။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၁၁၈ နှင့်အညီ ဆောင်ရွက်ပြီးသည့်အခါ မှတ်ပုံတင်စာအုပ်များတွင် မှတ်တမ်းတင်ထားသည့် စာချုပ်စာတမ်းပါ စကားရပ်များကို မှန်ကန်ခြင်း ရှိ မရှိ ထပ်မံစိစစ်ပြီး မှန်ကန်လျှင် "မိတ္တူမှန်" ဟု ရေးသားပြီး လက်မှတ်ရေးထိုး ထုတ်ပေးရမည်။

၁၂၀။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ မှတ်ပုံတင်စာအုပ်များတွင် မှတ်တမ်းတင်ထားသည့် စာချုပ်စာတမ်းကို ကြည့်ရှုရန် နည်းဥပဒေ ၁၁၃ နှင့်အညီ လျှောက်ထားလာသည့်အတွက် ကြည့်ရှုခွင့်ပြုသည့်အခါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ သို့မဟုတ် ၎င်းက တာဝန်ပေးအပ်သည့် ဝန်ထမ်းတစ်ဦးဦး၏ရှေ့တွင် ကြည့်ရှုစေရမည်။ ကြည့်ရှုသည့်အခါ မှတ်တမ်းအား ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ မိတ္တူကူးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း၊ တစ်နည်းနည်းဖြင့် ကူးယူခြင်း မပြုရ။

၁၂၁။ မှတ်ပုံတင်စာအုပ်အမှတ် (၁)၊ မှတ်ပုံတင်စာအုပ်အမှတ် (၁) နောက်ဆက်တွဲ၊ မှတ်ပုံတင်စာအုပ်အမှတ် (၂)၊ (၃)၊ (၄) နှင့် (၆) များတွင် ရေးသွင်းချက်များကို ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ပြုရန် အလို့ငှာ ရှာဖွေရန် လိုအပ်ပါက စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိကိုယ်တိုင် သို့မဟုတ် ၎င်းမှတာဝန်ပေးအပ်သည့်ဝန်ထမ်း တစ်ဦးဦးက ဆောင်ရွက်နိုင်သည်။

၁၂၂။ အီလက်ထရောနစ်မှတ်တမ်း (Electronic Record) ဖြင့် မှတ်တမ်းတင်ထိန်းသိမ်းထားသော စာချုပ်စာတမ်းများ ရှာဖွေခြင်း၊ ကြည့်ရှုခြင်းနှင့် မိတ္တူရေးကူးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ဦးစီးဌာနက ထုတ်ပြန်နိုင်သည်။

## အခန်း (၁၁)

## မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်း၊ မိတ္တူကူးယူခြင်းဆိုင်ရာ အခကြေးငွေများ

၁၂၃။ မှတ်ပုံတင်ပေးရန် တင်ပြလာသည့် စာချုပ်စာတမ်းများကို နည်းဥပဒေ ၂၈ အရ မှတ်ပုံတင်ရန် လက်ခံပြီးသည့်အချိန်တွင် ကျသင့်သည့်မှတ်ပုံတင်ခများကို ပေးသွင်းစေရမည်။

၁၂၄။ နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ချုပ်ဆိုသော စာချုပ်စာတမ်းများအတွက် မှတ်ပုံတင်ပေးရန် လျှောက်ထားသူများသည် မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပေးနိုင်ရန် လျှောက်ထားခွင့်ရှိသည်။

၁၂၅။ နည်းဥပဒေ ၁၂၄ အရ လျှောက်ထားလာလျှင် မှတ်ပုံတင်ခအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကင်းလွတ်ခွင့်ပြု မပြုကို ညွှန်ကြားရေးမှူးချုပ်က ဥပဒေပုဒ်မ ၅၈ နှင့်အညီ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ပေးရမည်။

၁၂၆။ မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးသော စာချုပ်စာတမ်းများကို ချုပ်ဆိုသူများမှ လာရောက်ထုတ်ယူမှုမရှိသဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ရက်ပေါင်း ၃၀ ထက်ကျော်လွန်၍ ထိန်းသိမ်းထားရခြင်းအတွက် အခကြေးငွေအား သတ်မှတ်နှုန်းထားဖြင့် ပေးသွင်းစေရမည်။

၁၂၇။ သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းများ၊ တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်များကို ရက်ပေါင်း ၁၂၀ ကျော်လွန်ပြီး မှတ်ပုံတင်ရန် တင်ပြလာသည့်အခါ ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ခအပြင် ထပ်မံပေးဆောင်ရမည့် ဒဏ်ကြေးငွေများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျော်လွန်သည့်ကာလမှာ ရက်ပေါင်း ၃၀ ထိဖြစ်ပါက - မှတ်ပုံတင်ခ၏ ၂ ဆ

(ခ) ရက်ပေါင်း ၃၀ ထက်ကျော်၍ ရက်ပေါင်း ၆၀ ထက်မပိုလျှင် - မှတ်ပုံတင်ခ၏ ၃ ဆ

(ဂ) ရက်ပေါင်း ၆၀ ထက်ကျော်၍ ရက်ပေါင်း ၉၀ ထက်မပိုလျှင် - မှတ်ပုံတင်ခ၏ ၆ ဆ

(ဃ) ရက်ပေါင်း ၉၀ ထက်ကျော်၍ ရက်ပေါင်း ၁၂၀ ထက်မပိုလျှင် - မှတ်ပုံတင်ခ၏ ၁၀ ဆ

၁၂၈။ မှတ်ပုံတင်ပေးရန် တင်ပြသူက မှတ်ပုံတင်ခနှင့် အထွေထွေရငွေများ ပေးသွင်းသည့်အခါ လက်ခံရရှိကြောင်း ပြေစာကို ပုံစံ (၁၀) ဖြင့် ပြန်လည် ထုတ်ပေးရမည်။

၁၂၉။ မှတ်ပုံတင်ပြီးသော စာချုပ်စာတမ်းကို ထုတ်ပေးရာတွင် စာချုပ်စာတမ်း ပြန်လည်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် လက်ခံရရှိကြောင်း သက်ဆိုင်သူအား လက်မှတ်ရေးထိုးစေ၍ နည်းဥပဒေ ၁၂၈ အရ ထုတ်ပေးသော ပြေစာကို ပြန်လည်သိမ်းယူပြီး စာချုပ်စာတမ်းကို ထုတ်ပေးရမည်။

၁၃၀။ မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုရန် လျှောက်ထားခြင်းရှိပါက ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ညွှန်ကြားရေးမှူးချုပ်ထံသို့ အဆင့်ဆင့်တင်ပြရမည့်ပြင် နှစ်ချုပ်အစီရင်ခံစာ၌လည်း သီးခြားထည့်သွင်း ဖော်ပြရမည်။

၁၃၁။ မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ပြုခြင်းရှိပါက ကင်းလွတ်ခွင့်ပြုကြောင်း ထပ်ဆင့်ရေးမှတ်ချက်ကို သက်ဆိုင်ရာစာချုပ်စာတမ်း၌ ထည့်သွင်းရေးမှတ်ရမည်။

## အခန်း (၁၂)
## မှတ်ပုံတင်စာအုပ်များနှင့် စာရွက်စာတမ်းများ သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း

၁၃၂။ ဥပဒေပုဒ်မ ၉ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် အောက်ပါမှတ်တမ်းများကို အမြဲစာတွဲဖွင့်လှစ်ထားရှိရမည် -

(က) ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက နည်းဥပဒေ ၂၅ အရ ချမှတ်သည့်အမိန့်များ၊

(ခ) ဥပဒေပုဒ်မ ၆၃ အရ ချမှတ်သည့် အမိန့်မိတ္တူများ။

၁၃၃။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးနှင့် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများရှိ အောက်ပါ မှတ်ပုံတင်စာအုပ်များနှင့် မှတ်တမ်းများကို အမြဲတမ်း ထိန်းသိမ်းထားရှိရမည် -

(က) မှတ်ပုံတင်စာအုပ်အမှတ် (၁)၊ မှတ်ပုံတင်စာအုပ်အမှတ် (၁) နောက်ဆက်တွဲ၊ မှတ်ပုံတင်စာအုပ်အမှတ် (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) ဥပဒေပုဒ်မ ၁၈ (ခ) အရ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် မြန်မာဘာသာပြန်ဆိုချက်များ၊

(ခ) ဥပဒေပုဒ်မ ၆၃ အရ ချမှတ်သည့် အမိန့်မိတ္တူများ၊

(ဂ) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဖျက်ဆီးခဲ့ပြီးဖြစ်သော စာရွက်စာတမ်းများစာရင်း၊

(ဃ) နည်းဥပဒေ ၈၁ အရ ဖွင့်လှစ်ထားရှိသည့် မှတ်ပုံတင်စာအုပ်များစာရင်းအတွဲ (၁) နှင့် အတွဲ (၂)၊

၁၃၄။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး သို့မဟုတ် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်အရသော်လည်းကောင်း မှတ်ပုံတင်ခြင်းလုပ်ငန်း မဆောင်ရွက်ရသေးသော စာချုပ်စာတမ်းများကို သီးခြားစာရင်း ပြုစုထားရှိရမည်။

၁၃၅။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး သို့မဟုတ် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာအုပ်များစာရင်းအတွဲ (၂) ၌ စာရင်းပြုစုထားရှိသည့် စာအုပ်နှင့် စာရွက်စာတမ်းများကို သုံးစွဲကုန်ဆုံးသည့်နှစ်မှ သုံးနှစ်ထိ ထိန်းသိမ်းထားရှိရမည်။

၁၃၆။ နှစ်စဉ် စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် တင်ပြလာသော လျှောက်ထားစာ၊ တောင်းခံစစ်ဆေးခဲ့သော စာရွက်စာတမ်းမိတ္တူ လက်ခံစာရင်းများ၊ အကြောင်းကြားစာ၊ နှိုးဆော်စာနှင့် သာမန်အကြောင်းကြားစာများကို တစ်နှစ်ထိန်းသိမ်းထားရှိရမည်။

၁၃၇။ ငွေစာရင်းနှင့်သက်ဆိုင်သော စာရင်းများ၊ ငွေသွင်းချလန်များကို ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းထားရှိရမည်။

၁၃၈။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဖျက်ဆီးမည့် စာရွက်စာတမ်းများစာရင်းကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံး ပြီးနောက် ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည်။

၁၃၉။ ဖျက်ဆီးရာတွင် ပါဝင်သည့် စာရွက်စာတမ်းများစာရင်းကို မှတ်သားထားရမည့်အပြင် ဖျက်ဆီးမှု မှတ်တမ်း အထောက်အထားများ ရယူထားရမည်။

၁၄၀။ သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးပြီးနောက် ၂၄ လအတွင်း ပြန်လည် ရွေးယူခြင်းမရှိသည့် စာချုပ်စာတမ်းများစာရင်းကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ လူအများမြင်သာသည့် နေရာတွင် "ပြန်လည်ရွေးယူခြင်း မရှိပါက ဖျက်ဆီးမည့်အကြောင်း" ရက်ပေါင်း ၃၀ ထိ ကြေညာ၍ ပြန်လည် ရွေးယူခြင်းမရှိပါက ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ ဖျက်ဆီးခွင့် တင်ပြတောင်းခံရမည်။

၁၄၁။ ဥပဒေပုဒ်မ ၇၉အရ ဖျက်ဆီးခွင့်ရပြီးနောက် ဖျက်ဆီးသည့်အခါ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်စာအုပ်၌ ယင်းစာချုပ်စာတမ်းရေးကူးထားသော စာမျက်နှာလက်ယာဘက်အနား ကွက်လပ်၌ ဖျက်ဆီးခဲ့သည့်အကြောင်းကို ရေးသား၍ လက်မှတ်ရေးထိုးရမည်။

(ခ) မှတ်ပုံတင်စာအုပ်အမှတ် (၆) ၌ ယင်းကိုယ်စားလှယ်လွှဲစာ ရေးသွင်းထားသော စာမျက်နှာတွင် ဖျက်ဆီးခဲ့သည့် အကြောင်းကို ရေးသား၍ လက်မှတ်ရေးထိုးရမည်။

## အခန်း (၁၃)
## မှတ်ပုံတင်ခရငွေလချုပ်စာရင်းနှင့် နှစ်ချုပ်စာရင်း

၁၄၂။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးနှင့် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများ၌ မှတ်ပုံတင်ခဲ့သော စာချုပ်စာတမ်းများ၏ တံဆိပ်ခေါင်းတန်ဖိုး၊ စာချုပ်စာတမ်းမှတ်ပုံတင်ခရငွေနှင့် အထွေထွေရငွေများကို ပုံစံ (၁၁) ဖြင့် လချုပ်စာရင်းပြုစုပြီး ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည်။

၁၄၃။ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် သုံးလပတ်စာရင်းကိုလည်း ပုံစံ (၁၁) ဖြင့် စာရင်းပြုစုပြီး ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည်။

၁၄၄။ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်မှု နှစ်ချုပ်စာရင်းပြုစုပြီး နှစ်ချုပ်အစီရင် ခံစာနှင့်အတူဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သတ်မှတ်ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြ ရမည်။

## အခန်း (၁၄)
## စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများ စစ်ဆေးခြင်း

၁၄၅။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများအား ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ သတ်မှတ်ကာလအတွင်း စစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၁၄၆။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများအား ကိုယ်တိုင်စစ်ဆေးနိုင်သည် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်၏ စုံစမ်းစစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်နိုင်သည်။ စစ်ဆေးတွေ့ရှိချက်များကို ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၁၄၇။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိနှင့် သက်ဆိုင်ရာခရိုင်၏ စုံစမ်းစစ်ဆေးရေးမှူးတို့၏ စစ်ဆေးချက်အစီရင်ခံစာတွင် ဖော်ပြပါရှိသော လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ လာမည့်ဘဏ္ဍာရေးနှစ် စစ်ဆေးချက် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

၁၄၈။ ညွှန်ကြားရေးမှူးချုပ်သည် လုပ်ငန်းလိုအပ်ချက်အရ မည်သည့်အချိန်တွင်မဆို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများကို ကိုယ်တိုင်ဖြစ်စေ၊ ဦးစီးဌာနမှအရာရှိ တစ်ဦးဦးကို တာဝန်ပေးအပ်၍ဖြစ်စေ စစ်ဆေးနိုင်သည်။

၁၄၉။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးရမည့်အချိန်ကာလ၊ စစ်ဆေးရမည့်အချက်များနှင့် လိုက်နာရမည့် အကြောင်းအရာများကို လိုအပ်သလို ညွှန်ကြားနိုင်သည်။

## အခန်း (၁၅)

## အထွေထွေ

၁၅၀။ မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့် စာချုပ်စာတမ်းများတွင် ဖော်ပြပါရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ တင်ပြလာသည့် ကန့်ကွက်ချက်များကို သီးခြားစာတွဲဖွင့်လှစ်ထားရှိပြီး ကန့်ကွက်လွှာလက်ခံရရှိသည့် ရက်စွဲ၊ ကန့်ကွက်သူတို့၏အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကန့်ကွက်သည့်ပစ္စည်း တည်ရှိရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်၊ ဦးပိုင်အမှတ်၊ မြေကွက်အမှတ်နှင့် မြေဧရိယာတို့ကို စာရင်းပြုစုထားရှိရမည်။

၁၅၁။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရန် တင်ပြလာသည့်အခါ ကန့်ကွက်ချက် ရှိ မရှိကို နည်းဥပဒေ ၁၅၀ ပါ မှတ်တမ်းဖြင့် တိုက်ဆိုင် စစ်ဆေးရမည်။

၁၅၂။ မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့် စာချုပ်စာတမ်းများတွင် ဖော်ပြပါရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ကန့်ကွက်မှုတစ်စုံတစ်ရာရှိပါက ကန့်ကွက်သူတို့ထံ ဥပဒေပုဒ်မ ၈၄ (က) အရ တားဝရမ်း တင်ပြသွားရန် အကြောင်းကြားစာပေးပို့ရမည်။

၁၅၃။ တားဝရမ်းတင်ပြရန် အကြောင်းကြားစာကို စာတိုက်မှ ပေးပို့ခြင်းဖြစ်လျှင် စာတိုက်မှရရှိသည့် လက်ခံဖြတ်ပိုင်းကို ရုံးလက်ခံစာနှင့်အတူ တွဲထားရမည်။ ကာယကံရှင်သို့ လူကိုယ်တိုင်ပေးပို့လျှင် ပေးပို့စာမှတ်ပုံတင်စာအုပ်ဖြင့် ပေးပို့ရမည်။

၁၅၄။ ကန့်ကွက်သူတင်ပြသည့် လိပ်စာအရ ပေးပို့သော်လည်း စာတိုက်မှ လိပ်စာပါသူကို ရှာဖွေမတွေ့ရှိ၍ ရုံးသို့ ပြန်လည်ပေးပို့သော စာများကို ရုံးလက်ခံစာနှင့်အတူ တွဲထားရမည်။

၁၅၅။ နည်းဥပဒေ ၁၅၃ နှင့် ၁၅၄ တို့အရ ဆောင်ရွက်ပြီး ကန့်ကွက်သူကို ရှာဖွေမတွေ့ရှိပါက ဥပဒေပုဒ်မ ၈၄ (က) ပါ ပြဋ္ဌာန်းချက်အတိုင်း မှတ်ပုံတင်ရန် တင်ပြလာသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ခြင်းလုပ်ငန်းပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၁၅၆။ နည်းဥပဒေ ၁၅၀ နှင့်အညီ မှတ်တမ်းတင်ထားရှိသည့် ကန့်ကွက်လွှာများအနက် နှစ်နှစ်ထက်ကျော်လွန်သော ကန့်ကွက်မှုများကို အရေးယူဆောင်ရွက်ခြင်း မပြုရ။

၁၅၇။ သက်ဆိုင်ရာ တရားရုံး၏ တားဝရမ်းတင်ပြနိုင်ခြင်းမရှိသော မည်သည့်ကန့်ကွက်ချက်ကိုမျှ အရေးယူ ဆောင်ရွက်ခြင်း မပြုရ။

၁၅၈။ ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးနှင့် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် ဥပဒေ၊ ဤနည်းဥပဒေများအရ အသုံးပြုရသည့် တံဆိပ်တုံးများ ထိန်းသိမ်းရန် ဝန်ထမ်းတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

၁၅၉။ သက်ဆိုင်ရာ တရားရုံး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပေးပို့လာသဖြင့် နည်းဥပဒေ ၇၁ အရ မှတ်ပုံတင်စာအုပ်အမှတ် (၁) နောက်ဆက်တွဲတွင် တွဲကပ်ထားပြီးဖြစ်သော စာချုပ်စာတမ်းမိတ္တူများနှင့် စပ်လျဉ်း၍ သက်ဆိုင်သူက မှတ်ပုံတင်ပေးရန် ထပ်မံတင်ပြလာလျှင် ယင်းစာချုပ်စာတမ်းများကို မှတ်ပုံတင် ထားပြီးဖြစ်ကြောင်း အသိပေးရမည်။ ယင်းသို့ အသိပေးသော်လည်း သက်ဆိုင်သူက မှတ်ပုံတင်ပေးရန် တင်ပြပါက ဥပဒေပုဒ်မ ၂၁ အရ စစ်ဆေးပြီး ညီညွတ်လျှင် လက်ခံမှတ်ပုံတင်ပေးရမည်။

၁၆၀။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး သို့မဟုတ် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် ကုန်အမှတ်တံဆိပ်များကို ကုန်အမှတ်တံဆိပ်အဖြစ် မဟုတ်ဘဲ ကြေညာချက်အဖြစ် မှတ်ပုံတင်ပေးရန် တင်ပြလာသည့် ကိစ္စရပ်များကိုသာ လက်ခံမှတ်ပုံတင်ပေးရမည်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်အဖြစ် ရည်ရွယ်၍ မှတ်ပုံတင်လိုသည့် ကိစ္စရပ်များဖြစ်ပါက မှတ်ပုံတင်ပေးခြင်း မပြုရ။

၁၆၁။ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး သို့မဟုတ် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများတွင် စာပေ အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုလက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ဉာဏပစ္စည်းမူပိုင်ခွင့်အဖြစ် ရရှိရန်ရည်ရွယ်၍ မှတ်ပုံတင်လိုသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးခြင်း မပြုရ။

၁၆၂။ ဥပဒေပုဒ်မ ၅ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ တစ်ဦးဦး၏ လုပ်ငန်းဆောင်ရွက်မှု၊ ဆောင်ရွက်ရန် ပျက်ကွက်မှုနှင့် မှတ်ပုံတင်စာအုပ်၌ မှတ်တမ်းတင်ခြင်း သို့မဟုတ် ရုံးလုပ်ငန်းဆောင်ရွက်ခြင်းတွင် မှားယွင်းသည့်အချက်တို့ကို ပြင်ဆင်ရန် လိုအပ်ကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးရေးမှူး၏ စိစစ်တွေ့ရှိချက်အရ သိရှိလျှင်ဖြစ်စေ ဥပဒေနှင့်အညီ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိအား ပြင်ဆင်စေရန် ညွှန်ကြား နိုင်သည်။

၁၆၃။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၅ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိနှင့် စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးဦး၏ လုပ်ငန်းဆောင်ရွက်မှု၊ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်မှုနှင့် စာချုပ်စာတမ်းကို မှတ်ပုံတင်ရာတွင် မှတ်ပုံတင်စာအုပ်၌ မှတ်တမ်းတင်ခြင်း သို့မဟုတ် ရုံးလုပ်ငန်းတွင် မှားယွင်းသည့်အချက်အားပြင်ဆင်ရန် လိုအပ်မှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ပြင်ဆင်စေရန် ညွှန်ကြားနိုင်သည်။

၁၆၄။ THE REGISTRATION ACT, (India Act 16, 1908, Vol.X) အရ မှတ်ပုံတင်ပေးခဲ့သော စာချုပ် စာတမ်းများကို ရေးကူးထားရှိသည့် မှတ်ပုံတင်စာအုပ်များ၊ ယင်းမှတ်ပုံတင်စာအုပ်တွင် ရေးကူးထားသည့် အချက်အလက်များကို ထိန်းသိမ်းခြင်း၊ ရှာဖွေခြင်းနှင့် မိတ္တူရေးကူးခြင်းတို့ကို ဥပဒေ၊ ဤနည်းဥပဒေများနှင့် အညီ ဆက်လက်ဆောင်ရွက်ရမည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

**ပုံစံ (၁)**

တံဆိပ်ခေါင်းကပ်ရန်

**သို့**

**စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ**
**စာချုပ်စာတမ်းမှတ်ပုံတင်ရုံး**
**------------------- မြို့။**

ရက်စွဲ၊ ၂၀ ခုနှစ်၊ --------------လ ( ) ရက်

အကြောင်းအရာ ။ **စာချုပ်စာတမ်းမှတ်ပုံတင်ပေးပါရန် တင်ပြလျှောက်ထားခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

| | |
|---|---|
| စာချုပ်စာတမ်းအမျိုးအစား | ---------------------------------------- |
| စာချုပ်ချုပ်ဆိုသူအမည် | ---------------------------------------- |
| မှတ်ပုံတင်အမှတ် | ---------------------------------------- |
| နေရပ်လိပ်စာ | ---------------------------------------- |
| | ---------------------------------------- |
| စာချုပ်ပါတန်ဖိုး (ရှိပါလျှင်) | ---------------------------------------- |
| ကပ်နှိပ်ထားသည့်တံဆိပ်ခေါင်းတန်ဖိုး | ---------------------------------------- |
| စာချုပ်ပါသက်သေအမည် | ---------------------------------------- |
| နေရပ်လိပ်စာ | ---------------------------------------- |

စာချုပ်နှင့်အတူ ပူးတွဲတင်ပြသည့် အထောက်အထားများ
(၁)
(၂)
(၃)
(၄)
(၅)

**တင်ပြလျှောက်ထားသူ**

| | |
|---|---|
| လက်မှတ် | ------------------------ |
| အမည် | ------------------------ |
| မှတ်ပုံတင်အမှတ် | ------------------------ |
| နေရပ်လိပ်စာ | ------------------------ |
| | ------------------------ |

**ပုံစံ (၂)**

**မှတ်ပုံတင်စာအုပ်အမှတ် (၁)၊ (၃) နှင့် (၄)**

| **လက်ဝဲဘက် ကွက်လပ်** | **အလယ် ကွက်လပ်** | **ယာဘက် ကွက်လပ်** |
|---|---|---|
| ထပ်ဆင့်ရေးမှတ်ချက်များကို ရေးကူးသည့်နေရာ<br><br>နည်းဥပဒေ ၅၉ နှင့်အညီ ဆောင်ရွက်ရန် | စာချုပ်စာတမ်းကို ရေးကူးသည့်နေရာ နည်းဥပဒေ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄ နှင့်အညီ ဆောင်ရွက်ရန် | နည်းဥပဒေ ၆၀၊ ၁၆၁ နှင့်အညီ ဆောင်ရွက်ရန် |

စက္ကူချုပ်ကြီး စာရွက်ရေ ၁၅၀ ရွက် ပါရှိစေရမည်။

**ပုံစံ (၃)**

## မှတ်ပုံတင်စာအုပ်အမှတ် (၂)

| (စာချုပ်အမျိုးအစား၊ ချုပ်ဆိုသောနေ့စွဲနှင့် ချုပ်ဆိုသူ အမည်များ) | ငြင်းပယ်ရသော အကြောင်းအချက် | မှတ်ချက် |
|---|---|---|
| စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် တင်ပြသောနေ့ရက် | တင်ပြသော စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးရန် ငြင်းပယ်သည့် ဥပဒေပုဒ်မနှင့် ပုဒ်မပါ အချက်များ ရေးသားရန်၊<br><br>စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ<br>------------------------------မြို့<br>နေ့စွဲ --------------------------- | *(၁) အယူခံဝင်ရောက်၍ ဥပဒေပုဒ်မ ၅ ပါ မှတ်ပုံတင်အရာရှိက ချမှတ်သည့် အမိန့်ကို ရေးသားရန်၊*<br>*(၂) တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကို ရေးသားရန်*<br>စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ<br>------------------------မြို့<br>နေ့စွဲ------------------- |
| တင်ပြသူအမည် | | |
| မိတ္တူတောင်းခံသော နေ့ရက် | | |
| မိတ္တူထုတ်ပေးသည့် နေ့ရက် | | |

**ပုံစံ (၄)**

## မှတ်ပုံတင်စာအုပ်အမှတ် (၅)

| အပ်နှံထားသည့် သေတမ်းစာ အမှတ်စဉ် | တင်ပြသော နေ့ရက်၊ လ၊ ခုနှစ် အချိန် နာရီ | သေတမ်းစာ ရေးသားသူ သို့မဟုတ် ကိုယ်စားလှယ် တို့၏ အမည်၊ နေရပ်လိပ်စာ | အပ်နှံသူ မှန်ကန်ကြောင်း သက်သေခံသူ တို့ အမည်များ | ချိပ်ပိတ် စာအိတ်ပေါ်ရှိ ရေးမှတ်ထားချက် မိတ္တူ | ချိပ်တံဆိပ်တွင် အမှတ်အသား ပါရှိပါက ယင်း အမှတ်အသား မိတ္တူ | ပုဒ်မ ၄၁ အရ ပြန်လည် တောင်းယူသော အမိန့် နှင့် နေ့ရက် | ပုဒ်မ ၄၂ (က) အရ စာအိတ် ဖွင့်လှစ်ရန် လျှောက်သည့်နေ့စွဲ | ချိပ်တံဆိပ် ပါစာတမ်း၏ သေတမ်းစာ ဖွင့်လှစ်သည့် နေ့စွဲ | ပုဒ်မ ၄၂ (က)၊ (ဃ) အရ သေတမ်းစာကို မှတ်ပုံတင်စာအုပ် အမှတ် ၃ တွင် ကူးရေးသည့်နေ့ရက်နှင့် ယင်း စာအုပ်ရှိ သေတမ်းစာ ရေးသွင်းချက်အမှတ်စဉ် | ပုဒ်မ ၄၂ (ဃ) အရ သေတမ်းစာ ကို တရားရုံးသို့ တင်ပြသည့် နေ့စွဲ | ကော်လံ ၅-၆ အတွက် မှတ်ပုံတင် အရာရှိ လက်မှတ်နှင့် ၇၊ ၁၁ အတွက် အရာရှိ လက်မှတ်တို/ သက်ဆိုင်သူတို့၏ လက်မှတ် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | | | | | | | | |

သေတမ်းစာအပ်နှံသည်မှစ၍ ပြန်တောင်းယူခြင်း၊ သေတမ်းစာရေးသူ သေဆုံး၍ ဖွင့်ဖောက်မှတ်တမ်းတင်ခြင်း၊ တရားရုံးသို့ ပေးပို့ခြင်းကိစ္စရပ်အားလုံး မှတ်တမ်းတင်ရမည်။

စာရွက် ၁၀၀ ပါဝင်သည်။ စာမျက်နှာ ၁ မှ ၂၀၀ ထိ ပါသည်။

**ပုံစံ (၅)**

**မှတ်ပုံတင်စာအုပ်အမှတ် (၆)**

| ကိုယ်စားလှယ်လွှဲစာ အမှတ်စဉ် | မှန်ကန်ကြောင်း သက်သေခံ လက်မှတ် ရေးထိုးသည့် နေ့ရက် | ချုပ်ဆိုသည့် နေ့ရက် | ကိုယ်စားလှယ် လွှဲအပ်သူ အမည်နှင့် နေရပ်လိပ်စာ | ကိုယ်စား လှယ်အမည် နှင့် နေရပ်လိပ်စာ | သက်သေ တို့၏ အမည်နှင့် နေရပ်လိပ်စာ | ယခုကိုယ်စား လှယ်လွှဲစာကို တင်ပြ အသုံးပြုမည့် မှတ်ပုံတင်ရုံး အမည် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| စာမျက်နှာ ၁ မှ ၂၀၀ ထိ ပါသည်။ | | | | | | ဤလွှဲစာအရ သွားရောက် မှတ်ပုံတင်ရမည့်ရုံး အမည် ထည့်၍ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ လက်မှတ်ရေးထိုး နေ့စွဲတပ်ရန် |

**ပုံစံ (၆)**

**မှတ်ပုံတင်စာအုပ်အမှတ် (၇)**

| လက်ဖွေ (သို့) လက်မှတ် အမှတ်စဉ် | လက်ဖွေ/ လက်မှတ် ရယူသောနေ့ | လက်ဖွေ/လက်မှတ်နှင့် သက်ဆိုင်သော စာချုပ်စာတမ်း၏ | | | လက်ဖွေ (သို့မဟုတ်) လက်မှတ် ပိုင်ရှင် အမည်၊ | မှတ်ပုံတင် အရာရှိ၏ လက်မှတ်တို | အမျိုးသား မှတ်ပုံတင် ကတ်ပြား အမှတ် | လက်ဖွေ နှိပ်မှတ် (သို့) လက်မှတ် |
|---|---|---|---|---|---|---|---|---|
| | | စာအုပ် အမှတ် | အတွဲ အမှတ် | စာမျက် နှာ | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

**ပုံစံ (၇)**

ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်

သို့

စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ
စာချုပ်စာတမ်းမှတ်ပုံတင်ရုံး
-------------------------မြို့။

နေ့စွဲ - ခုနှစ်၊ လ၊ ( ) ရက်

ကျွန်တော်/ ကျွန်မသည် ရုံးတော်သို့ ကိုယ်တိုင် မလာရောက်နိုင်သည့်အတွက် အောက်ပါစာချုပ်စာတမ်းနှင့်ပတ်သက်၍ ဖော်ပြပါနေရာသို့ လာရောက်ဆောင်ရွက်ပေးပါရန် လျှောက်ထားအပ်ပါသည် -

၁။ မလာရောက်နိုင်သူအမည် -
၂။ စာချုပ်စာတမ်းအမျိုးအစား -
၃။ ရုံးတော်သို့ မလာရောက်နိုင်သည့် အကြောင်းအရာ -
၄။ စာချုပ်မှတ်ပုံတင်ပေးရန်နေရာ -
(လိပ်စာအပြည့်အစုံ)
၅။ အချိန် (နံနက်/ညနေ) -
၆။ မလာရောက်နိုင်သည့်အကြောင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအရာရှိ (ကုသသည့်ဆရာဝန်/ ဆေးရုံတာဝန်ခံ/ ရဲစခန်း/ အကျဉ်းထောင်တာဝန်ခံ) ၏ ထောက်ခံချက် ပူးတွဲတင်ပြပါသည်။

လျှောက်ထားသူ/ကိုယ်စားလှယ်လက်မှတ်
လျှောက်ထားသူ/ကိုယ်စားလှယ်အမည်

**ပုံစံ (၈)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**စာချုပ်စာတမ်းမှတ်ပုံတင်ရုံး**
**---------------------- မြို့၊**

စာအမှတ် - /
ရက်စွဲ - ခုနှစ်၊ လ ( ) ရက်

အကြောင်းအရာ။ **စာချုပ်ချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်မှတ်ပုံတင်ပေးရန် တာဝန်ပေးအပ်ခြင်း**

၁။ ကိုယ်စားလှယ်လွှဲစာ (သို့မဟုတ်) စာချုပ်စာတမ်းကို ............... မြို့၊ ............. ရပ်ကွက်/ ကျေးရွာ၊ ...............လမ်း၊ အမှတ် ............နေ၊ အဘဦး ...........၏ သား/သမီး ဦး/ဒေါ် ...........က ချုပ်ဆိုကြောင်း အဆိုရှိသည်ကို မှန် မမှန် စာချုပ်စာတမ်းများမှတ်ပုံတင် ဥပဒေပုဒ်မ ၂၉/၃၆ တို့အရ စာချုပ်ချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်၍ မေးမြန်းစုံစမ်းရန်အလို့ငှာ ဦး/ဒေါ် ................သို့ ကော်မရှင်ခန့်စာ ထုတ်ပေးလိုက်သည်။

၂။ ကော်မရှင်ခန့်စာ ထုတ်ဆင့်ခြင်းခံရသူသည် သွားရောက်မေးမြန်း စစ်ဆေးတွေ့ရှိမှုအခြေအနေကို ဆောလျင်စွာ ပြန်လည်တင်ပြအစီရင်ခံရမည်။

( )
စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ
--------------------- မြို့

..........................................
(ကော်မရှင်ခန့်စာ ထုတ်ဆင့်ခံရသူ)

မိတ္တူကို -
- ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ ............................ မြို့။
- ရုံးလက်ခံ

ပုံစံ (၉)

**စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်ဆောင်ရွက်ခြင်းမှတ်တမ်းစာအုပ်**

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်နေ့စွဲ | ကော်မရှင်ခန့်စာရရှိသူအမည် | သွားရောက်စစ်ဆေးသည့်နေ့ | စစ်ဆေးခံရသူအမည် | စစ်ဆေးခံရသူ၏နေရပ် | ကင်းလွတ်ခွင့်ပြုသည့်ပုဒ်မ | မှတ်ပုံတင်အရာရှိလက်မှတ် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ပုံစံ (၁၀)

**(က) မှတ်ပုံတင်ပေးရန်တင်ပြသည့် စာချုပ်စာတမ်းနှင့် အခကြေးငွေများရရှိကြောင်းပြေစာ**

မည်သူ့ထံက ရရှိသည် -------------------------------

*(မှတ်ပုံတင်ပေးရန် တင်ပြသူအမည်)*

စာချုပ်စာတမ်းအမျိုးအစား -----------------------------------

ချုပ်ဆိုသူအမည် ----------------------------------- နေ့စွဲ၊ -----------------

| စဉ် | အကြောင်းအရာ | သင့်ငွေ (ကျပ်) |
|---|---|---|
| ၁ | စာချုပ်စာတမ်းမှတ်ပုံတင်သည့်အတွက် မှတ်ပုံတင်ခ | |
| ၂ | ကိုယ်စားလှယ်လွှဲစာ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးသည့်အတွက် မှတ်ပုံတင်ခ | |
| ၃ | သေတမ်းစာမှတ်ပုံတင်သည့်အတွက် မှတ်ပုံတင်ခ | |
| ၄ | သေတမ်းစာ အပ်နှံခြင်းအတွက် အခငွေ | |
| ၅ | ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်သည့် ဒဏ်ကြေးငွေ | |
| ၆ | စာချုပ်စာတမ်းကို မှတ်ပုံတင်စာအုပ်တွင် ရေးကူးခြင်းအတွက် အခငွေ | |
| ၇ | ဘာသာပြန်ဆိုချက်များထိန်းသိမ်းထားခြင်းအတွက် အခငွေ | |
| | **စုစုပေါင်း** | |

**(လက်မှတ်)**
**ငွေလက်ခံသူ**

ပုံစံ (၁၀)

**(ခ) စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေအရ အထွေထွေအခငွေများအတွက်ပြေစာ**

မည်သူ့ထံကရရှိသည် - နေ့စွဲ၊ -----------------

| စဉ် | အကြောင်းအရာ | သင့်ငွေ (ကျပ်) |
|---|---|---|
| ၁ | အပ်နှံထားသည့် သေတမ်းစာအိတ်ကို ဖွင့်လှစ်သည့်အတွက် အခငွေ | |
| ၂ | ကော်မရှင်ခန့်စာ ထုတ်ဆင့်ခြင်းအတွက် အခငွေ | |
| ၃ | စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်ဆောင်ရွက်ခြင်းအတွက်အခငွေ | |
| ၄ | ---------------နေ့တွင် စာချုပ်စာတမ်းမှတ်ပုံတင်ပြီးသည့် စာချုပ်စာတမ်းကို လုံခြုံစွာ ထိန်းသိမ်းထားရသည့်အတွက် အခငွေ | |
| ၅ | ရှာဖွေခြင်းနှင့် မိတ္တူရေးကူးခြင်းအတွက် အခငွေ | |
| ၆ | နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ သက်သေခံမြေပုံ၊ မြေရာဇဝင်လက်ခံမှ မိတ္တူရေးကူးခ | |
| | **စုစုပေါင်း** | |

**(လက်မှတ်)**
**ငွေလက်ခံသူ**

ပုံစံ (၁၁)

..................တိုင်းဒေသကြီး/ ပြည်နယ်၊.....................ခရိုင်၊.......................မြို့နယ်

စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်ခ၊ အထွေထွေရငွေနှင့် တံဆိပ်ခေါင်းခွန် စာရင်း

(-------------------- မှ --------------------အထိ) [ပထမ/ဒုတိယ/တတိယ/စတုတ္ထ (၃) လပါတ်]

| စဉ် | နေ့စွဲ | ငွေသွင်းချလန်အမှတ် | မှတ်ပုံတင်ပေးရန်တင်ပြသူအမည် | စာချုပ်စာတမ်းမှတ်ပုံတင်ခရငွေနှင့် တံဆိပ်ခေါင်း တန်ဖိုး | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများ | | | သေတမ်းစာများ | | | အထွေထွေစာချုပ်များ | | | ကိုယ်စားလှယ်လွှဲစာများ | | | ပေါင်း | | |
| | | | | အရေအတွက် | မှတ်ပုံတင်ခရငွေ | တံဆိပ်ခေါင်းတန်ဖိုး | အရေအတွက် | မှတ်ပုံတင်ခရငွေ | တံဆိပ်ခေါင်းတန်ဖိုး | အရေအတွက် | မှတ်ပုံတင်ခရငွေ | တံဆိပ်ခေါင်းတန်ဖိုး | အရေအတွက် | မှတ်ပုံတင်ခရငွေ | တံဆိပ်ခေါင်းတန်ဖိုး | အရေအတွက် | မှတ်ပုံတင်ခရငွေ | တံဆိပ်ခေါင်းတန်ဖိုး |
| ၁ | ၂ | ၃ | ၄ | ၅ က | ၅ ခ | ၅ ဂ | ၆ က | ၆ ခ | ၆ ဂ | ၇ ဂ | ၇ ခ | ၈ ဂ | ၉ က | ၉ ခ | ၉ ဂ | ၁၀ က | ၁၀ ခ | ၁၀ ဂ |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |

ပုံစံ (၁၁) အဆက်

..................တိုင်းဒေသကြီး/ ပြည်နယ်၊ ....................ခရိုင်၊ ......................မြို့နယ်

**စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်ခ၊ အထွေထွေရငွေနှင့် တံဆိပ်ခေါင်းခွန် စာရင်း**

(-------------------- မှ --------------------အထိ) [ပထမ/ဒုတိယ/တတိယ/စတုတ္ထ (၃) လပါတ်]

| စဉ် | အထွေထွေရငွေများ | | | | | | | | | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပုဒ်မ ၂၃ (ဂ) ဒဏ်ကြေးငွေ | မှတ်ပုံတင်စာအုပ်တွင် ရေးကူးခြင်းအတွက် ရငွေ | ဘာသာပြန် ဆိုချက်များ တွဲကပ်ခြင်း | ကော်မရှင်ခန့်စာ ထုတ်ပေးသည့် အတွက်ရငွေ | နေအိမ်သို့ သွားရောက်သည့် အတွက်ရငွေ | စာချုပ်စာတမ်း ထိန်းသိမ်းရသည့် အတွက်ရငွေ | ရှာဖွေခ | မိတ္တူ ရေးကူးခ | မြေပုံမြေရာဇဝင် လက်ခံကို မိတ္တူရေးကူးခ | ရငွေ ပေါင်း | မှတ်ပုံတင်ခ ရငွေ | တံဆိပ် ခေါင်း တန်ဖိုး |
| ၁ | ၁၀-က | ၁၀-ခ | ၁၀-ဂ | ၁၀-ဃ | ၁၀-င | ၁၀-စ | ၁၀-ဆ | ၁၀-ဇ | ၁၀-ဈ | ၁၀-ည | ၁၁ | ၁၂ |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |

စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ

------------------------ မြို့။

**နောက်ဆက်တွဲ (၁)**

**(က) ချုပ်ဆိုသူများ ကိုယ်တိုင်တင်ပြသော စာချုပ်စာတမ်းဖြစ်လျှင်**

"----------- မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ---------- ခုနှစ် ---------- လ ----------- ရက်နေ့ နံနက်/မွန်းလွဲ --------- နာရီအချိန်တွင် ----------- မြို့နယ်၊ -------------- ကျေးရွာ/ရပ်ကွက်နေ အဘ ဦး ----------------- ၏ သား/သမီး ------------------ က စာချုပ်စာတမ်းကို မှတ်ပုံတင် ပေးရန် တင်ပြသည်။"

တင်ပြသူလက်ဗွေ

စာအုပ်မှလက်ဗွေအမှတ်စဉ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ

တင်ပြသူလက်မှတ် --------------------------မြို့

မှတ်ပုံတင်အမှတ် ရက်စွဲ၊----------------------

**(ခ) ချုပ်ဆိုသူများက မတင်ပြဘဲ ၎င်းတို့၏ကိုယ်စားပြုသူက မှတ်ပုံတင်ပေးရန်တင်ပြလျှင်**

"----------- မြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ---------- ခုနှစ် ---------- လ ----------- ရက်နေ့ နံနက်/မွန်းလွဲ --------- အချိန်တွင် ချုပ်ဆိုသူ ဦး/ဒေါ် ------------- ၏ ကိုယ်စား ------------- မြို့နယ်၊ ----------- ကျေးရွာ/ ရပ်ကွက်နေ ဦး/ဒေါ် ------------- (ဘ) --------------- က စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် တင်ပြသည်။"

တင်ပြသူလက်ဗွေ

လက်ဗွေအမှတ်စဉ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ

တင်ပြသူလက်မှတ် --------------------------မြို့

မှတ်ပုံတင်အမှတ် ရက်စွဲ၊----------------------

**(ဂ) ချုပ်ဆိုသူကမတင်ပြဘဲ ၎င်းတို့၏ကိုယ်စားလှယ်လွှဲစာရရှိသူက မှတ်ပုံတင်ပေးရန်တင်ပြလျှင်**

"-------------- မြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိမှ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး ထားသည့် ----------- ခုနှစ်အတွက် ကိုယ်စားလှယ်လွှဲစာအမှတ် (------------) အရ ကိုယ်စားလှယ် ဖြစ်သူ ဦး/ဒေါ် ------------ (ဘ) ဦး ------------ က --------------- အတွက် စာချုပ်စာတမ်း မှတ်ပုံတင်ရန် ------------- မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ ----------- ခုနှစ်၊ ----------- လ ----------- ရက်နေ့ နံနက်/မွန်းလွဲ ---------- နာရီ အချိန်တွင် တင်ပြသည်။"

တင်ပြသူလက်ဗွေ

လက်ဗွေအမှတ်စဉ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ

တင်ပြသူလက်မှတ် --------------------------မြို့

မှတ်ပုံတင်အမှတ် ရက်စွဲ၊----------------------

**နောက်ဆက်တွဲ (၂)**

"မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃၊ ဇယား (၁)၊ အပိုဒ် (---------) အရ ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန် --------------- ကျပ် မှန်ကန်သည်။"

"စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ -------------------- တို့အရ လက်ခံနိုင်သည်။"

မှတ်ပုံတင်ခရငွေပေါင်း --------------------------------

စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ
-------------------------- မြို့
ရက်စွဲ၊ ----------------------

"မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ --------------------- အရ တံဆိပ်ခေါင်းခွန် ကင်းလွတ်/ --------------------- လျော့ပေါ့ ခွင့်ပြုသည်။"

"စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ -------------------- တို့အရ လက်ခံနိုင်သည်။"

မှတ်ပုံတင်ခရငွေပေါင်း --------------------------------

စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ
-------------------------- မြို့
ရက်စွဲ၊ ----------------------

"မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃၊ ဇယား (၁)၊ အပိုဒ် (---------) အရ ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန် --------------- ကျပ် မှန်ကန်သည်။"

"စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ -------------------- တို့အရ လက်ခံနိုင်သည်။"

"စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပုဒ်မ ၅၈ အရ မှတ်ပုံတင်ခ ကင်းလွတ်/ ---------------- လျော့ပေါ့ ခွင့်ပြုသည်။"

စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ
-------------------------- မြို့
ရက်စွဲ၊ ----------------------

**နောက်ဆက်တွဲ (၃)**

**(က-၁) ချုပ်ဆိုသူ ကိုယ်တိုင် ချုပ်ဆိုကြောင်း ဖြောင့်ဆိုလျှင်**

"------------------ မြို့နယ်၊ --------------- ရပ်ကွက်/ကျေးရွာနေ အဘ ဦး -------------- ၏ သား/သမီး ---------------- တို့က ချုပ်ဆိုကြောင်း ဖြောင့်ဆိုသည်။"

ချုပ်ဆိုသူလက်ဗွေ လက်ဗွေအမှတ်စဉ်
ချုပ်ဆိုသူ လက်မှတ် မှတ်ပုံတင်အမှတ်

**(က-၂) ချုပ်ဆိုသူက မတင်ပြဘဲ ၎င်းတို့၏ကိုယ်စားလှယ်လွှဲစာရရှိသူက ချုပ်ဆိုကြောင်း ဖြောင့်ဆိုလျှင်**

"-------------- မြို့နယ်၊ ------------- ရပ်ကွက်/ကျေးရွာနေ အဘ ဦး ------------ ၏ သား/သမီး ---------- တို့က ------------- မြို့ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိမှ မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့် ----------- ခုနှစ်၊ ကိုယ်စားလှယ်လွှဲစာအမှတ် ------------ အရ ------------- မြို့၊ ------------- နေသူ --------------- အတွက် ကိုယ်စားလှယ်ပြုလုပ်၍ ချုပ်ဆိုကြောင်း ဖြောင့်ဆိုသည်။"

ကိုယ်စားလှယ်၏လက်ဗွေ
လက်ဗွေအမှတ်စဉ်
ကိုယ်စားလှယ်၏လက်မှတ်

စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ
-------------------------- မြို့

### ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ

ပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကသာမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကသာမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးမောင်ထွန်း<br>ဒေသခံပြည်သူ၊ အင်းကြီးကျေးရွာအုပ်စု၊ ကသာမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးဝင်းလွင်<br>ဒေသခံပြည်သူ၊ လေ့ဘိုကျေးရွာ၊ ကသာမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကသာမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၉)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ကနီမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄,၄၈၀) ဧကရှိသောနယ်မြေကို “ရွှေသိမ်တော် တိုးချဲ့ကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ ငမျာချောင်းဖျားအနီး မျှင်းကြီးဝိုင်း အကွက်အမှတ် (၆၂) ၏ အရှေ့ဘက်နယ်နိမိတ်ကြောနှင့် ထိစပ်ရာ ခန့်မှန်းမြေပုံညွှန်း (E-၀၉၈၂၅၁) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ငမျာချောင်းအတိုင်း (၁) မိုင် (၇) ဖာလုံခန့် စုန်ဆင်းလာရာ ငမျာချောင်းနှင့် ချောင်းမကြီးချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (E-၁၁၉၂၆၈) ထိ၊ ထိုမှ ချောင်းမကြီးချောင်းအတိုင်း အရှေ့တောင်ဘက်သို့ (၃) မိုင် (၃) ဖာလုံခန့် စုန်ဆင်းလာရာ ချောင်းမကြီးချောင်းနှင့် လှည်းလမ်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (E-၁၅၃၂၅၇) ထိ၊ ထိုမှ မြောက်စူးစူးသို့ လှည်းလမ်းအတိုင်း (၂) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (E-၁၅၃၂၆၂) ထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ဆင်လဲတောင်ကြောအတိုင်း (၃) ဖာလုံခန့်တက်လာရာ ရွှေသိမ်တော်တောင် ကြိုးပြင်ကာကွယ်တော နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (E-၁၅၈၂၅၆) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆင်လဲတောင်ကြောအတိုင်း (၃) မိုင်ခန့်လာရာ ကျောက်ကျပ်ချောင်းဖျား တောင်ကုန်းအမှတ် (761) အနီး ခန့်မှန်းမြေပုံညွှန်း (E-၁၂၁၂၂၇) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောလမ်းအတိုင်း (၁) မိုင် (၃) ဖာလုံ

ခန့်လာရာ ထူးကျေးရွာ အရှေ့မြောက်ဘက်ရှိ ကနီ-တောင်ပေါက် ကျေးရွာသွားလမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (E-၁၂၄၂၀၄) ထိ၊

တောင်ဘက် ॥ ॥ ထိုမှ အနောက်မြောက်ဘက်သို့ ကနီ-တောင်ပေါက် ကျေးရွာသွားလမ်းအတိုင်း (၂) မိုင်ခန့်လာရာ မြို့ကြီးချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (E-၀၉၄၂၁၆) ထိ၊

အနောက်ဘက် ॥ ॥ ထိုမှ မြောက်ဘက်သို့ မြို့ကြီးချောင်းအတိုင်း (၁) မိုင် (၅) ဖာလုံခန့် ဆန်တက်လာရာချောင်းခွဆုံ ခန့်မှန်းမြေပုံညွှန်း (E-၀၉၆၂၃၇) ထိ၊ ထိုမှ မြောက်ဘက်သို့ ကြောအတိုင်း (၇) ဖာလုံခန့်လာရာ မူလစတင်ရာ မျှင်းကြိုးဝိုင်းအကွက်အမှတ် (၆၂) ၏ အရှေ့ဘက်နယ်နိမိတ်ကြောနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (E-၀၉၈၂၅၁) ထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကနီမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကနီမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးဝင်း<br>ဒေသခံပြည်သူ၊ ထူးကျေးရွာ၊ ကနီမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးလှမျိုး<br>ဒေသခံပြည်သူ၊ တောင်ပေါက် (အရှေ့ရွာ)၊ ကနီမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကနီမြို့နယ် | အတွင်းရေးမှူး |

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်အမှတ် (၅၂၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ကျေးလက်ဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုအဆင့်အတန်းပိုမိုမြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်စေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပုဒ်မ ၈ (က) နှင့် ပုဒ်မ ၅၄ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ရောင်းချခွင့်လိုင်စင် စိစစ်ခွင့်ပြုထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျဆောင်ရွက်နိုင်ရန်အလို့ငှာ ဤအမိန့်ကို ထုတ်ပြန်လိုက်သည် -

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အခြေခံရမည့်အချက်များ**

၁။ ဤအမိန့်ကို **ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင် (Village Mini Pump Station) လိုင်စင်ဆိုင်ရာ အမိန့်** ဟုခေါ်တွင်စေရမည်။

၂။ ဤအမိန့်သည် သက်ဆိုင်ရာမြို့နယ်များရှိ စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပတွင် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ခြင်းနှင့် သက်ဆိုင်စေရမည်။

၃။ ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခွင့်နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်လိုင်စင်ကို စိစစ်ခွင့်ပြုထုတ်ပေးရမည်။

၄။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ကျေးရွာ၏ အရွယ်အစားနှင့် လမ်းပန်းဆက်သွယ်ရေး ဒေသအခြေအနေအပေါ် မူတည်၍ ကျေးရွာတစ်ရွာလျှင် ခွင့်ပြုသင့်သည့် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်အရေအတွက်ကို လိုအပ်သလို သတ်မှတ်နိုင်သည်။

၅။ သက်ဆိုင်ရာ ကျေးရွာတွင် အခြေချနေထိုင်သူကို ဦးစားပေးခွင့်ပြုရမည်။ ပိုင်ရှင်တစ်ဦးလျှင် ဆိုင်တစ်ဆိုင်ထက်ပို၍ ဖွင့်လှစ်ခွင့်မပြုရ။

၆။ ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်များသည် အောက်ဖော်ပြပါအခြေခံအချက်များနှင့် ကိုက်ညီရမည် -

(က) အရောင်းဆိုင်တစ်ဆိုင်၏ မြေဧရိယာအကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ ၂,၀၀၀ နှင့် မျက်နှာစာဖွင့်အကျယ် အနည်းဆုံး ပေ ၄၀ ရှိရမည်။ သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက သတ်မှတ်ထားသောကျေးရွာ၏ အစွန်နယ်နိမိတ်နှင့် အနည်းဆုံး ပေ ၃၀၀ ကွာဝေးရမည်။

(ခ) အရောင်းဆိုင်ဧရိယာနယ်နိမိတ်ကို အလွယ်တကူမီးမလောင်နိုင်သည့်ပစ္စည်းများအသုံးပြု၍ ခြံစည်းရိုးကာရံထားရှိရမည်။ ဆိုင်မျက်နှာစာကို ချန်လှပ်ထားနိုင်သည်။

(ဂ) ဘက်ထရီပန့် (D.C Electric Pump) များဖြင့် ဖြန့်ဖြူးရောင်းချခြင်း လုံးဝ (လုံးဝ) မပြုရ။

(ဃ) လျှပ်စစ်မီးရပါက လျှပ်စစ်ပန့် (A.C Electric Pump) ဖြင့်လည်းကောင်း၊ လျှပ်စစ်မီးမရပါက လက်ရိုက်ပန့် (Hand Pump) သို့မဟုတ် ခြင်ခွက်ဖြင့်လည်းကောင်း ဖြန့်ဖြူးရောင်းချရမည်။

(င) လျှပ်စစ်ပန့် (A.C Electric Pump) ဖြင့် ဖြန့်ဖြူးရောင်းချပါက ဓာတ်ဆီကို မြေအောက်သိုလှောင်ကန်ဖြင့်လည်းကောင်း၊ ဒီဇယ်ဆီကို မြေပေါ် သို့မဟုတ် မြေအောက်သိုလှောင်ကန်ဖြင့်လည်းကောင်း သိုလှောင်ရမည်။

(စ) လျှပ်စစ်ပန့် (A.C Electric Pump) ဖြင့် ဖြန့်ဖြူးရောင်းချပါက ဒီဇယ်ပန့်တစ်လုံးနှင့် ဓာတ်ဆီပန့်တစ်လုံးသာ ခွင့်ပြုမည်။

(ဆ) မြေအောက်စက်သုံးဆီသိုလှောင်ကန်သည် အရောင်းဆိုင်ခြံစည်းရိုးမှ အနည်းဆုံး ငါးပေ ကွာဝေးရမည်။

(ဇ) မြေပေါ်စက်သုံးဆီသိုလှောင်ကန်တွင် ဒီဇယ်ဆီသာသိုလှောင်ရမည်ဖြစ်ပြီး အရောင်းဆိုင်ခြံစည်းရိုးနှင့် အနည်းဆုံး ၁၀ ပေကွာဝေးရမည်။

(ဈ) လက်ရိုက်ပန့် (Hand Pump) သို့မဟုတ် ခြင်ခွက်ဖြင့်ရောင်းချပါက စက်သုံးဆီများအား မီးဘေးအန္တရာယ်လုံခြုံစိတ်ချရပြီး အခိုင်အမာတည်ဆောက်ထားသည့် ဂိုဒေါင်တွင် ပီပါဖြင့် သိုလှောင်ရမည်။

(ည) ဂိုဒေါင်သည် အရောင်းဆိုင်ခြံစည်းရိုးမှ အနည်းဆုံး ၁၅ ပေ ကွာဝေးရမည်။ ဂိုဒေါင်၏ အကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ ၂၀၀ ရှိရမည်။

(ဋ) အရောင်းဆိုင်တစ်ဆိုင်တွင် စက်သုံးဆီပမာဏ ဂါလန် ၁,၀၀၀ ထက်ပို၍ သိုလှောင်ခြင်းမပြုရ။

(ဌ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စိစစ်အတည်ပြုပေးထားသည့် သတ်မှတ်ပုံစံအတိုင်းသာ တည်ဆောက်ရမည်။ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခြင်းမပြုရ။

(ဍ) အရောင်းဆိုင်တစ်ဆိုင်၏ သိုလှောင်ကန်၊ ဂိုဒေါင်များနှင့် အခြားအရောင်းဆိုင်တစ်ဆိုင်၏ သိုလှောင်ကန်၊ ဂိုဒေါင်များ၏ကြားအကွာအဝေးသည် အနည်းဆုံး ပေ ၁၀၀ ရှိရမည်။

(ဎ) အရောင်းဆိုင်ဖွင့်လှစ်သည့်နေရာသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် (အရောင်းဆိုင်) ကိုရယူ၍ ဖွင့်လှစ်ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီအရောင်းဆိုင်ကြီးများနှင့် အနည်းဆုံး နှစ်မိုင်ကွာဝေးရမည်။ (ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တောင်ပေါ်ဒေသများအတွက် လျှော့ပေါ့စဉ်းစားနိုင်သည်။)

(ဏ) အရောင်းဆိုင်များအား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ကင်းလွတ်သည့်နေရာများတွင်သာ ဖွင့်လှစ်ရမည်။ မြို့နှစ်မြို့အကြား ဖောက်လုပ်ထားသည့် မော်တော်ကားလမ်းမများ၏ဘေးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွင့်လှစ်ခွင့်ပြုရန်မသင့်ဟု သတ်မှတ်ထားသည့်နေရာများ၊ အမြန်လမ်းမကြီး၊ ပြည်ထောင်စုလမ်းမကြီးနှင့် ခရိုင်ချင်းဆက် လမ်းမကြီးများ၏ဘေးတွင် ဖွင့်လှစ်ခြင်းမပြုရ။

## အခန်း (၂)
## လိုင်စင်ဆိုင်ရာဆောင်ရွက်ရမည့်ကိစ္စရပ်များ

### လိုင်စင်အဆိုပြုလျှောက်ထားခြင်း

၇။ ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင် တည်ဆောက်ဖွင့်လှစ်လိုသူသည် အရောင်းဆိုင်တည်ဆောက်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိရုံးများမှတစ်ဆင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားရမည် -

(က) လျှောက်ထားသူ၏ (၂ × ၁. ၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ခ) အရောင်းဆိုင်အမည်၊

(ဂ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊

(ဃ) မြေပိုင်ဆိုင်ကြောင်းအထောက်အထား သို့မဟုတ် မြေသုံးစွဲနိုင်ကြောင်းအထောက်အထား၊

(င) တည်ဆောက်မည့်မြေနေရာအထောက်အထား မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆) မိတ္တူနှင့် အတိုင်းအတာအကျယ်အဝန်း၊

(စ) သိုလှောင်ဖြန့်ဖြူးရောင်းချမည့် စက်သုံးဆီအမျိုးအစားများ၊ သိုလှောင်ကန်အရေအတွက်နှင့် ဝင်ဆံ့ဂါလန်ပမာဏ သို့မဟုတ် ဂိုဒေါင်၏ သိုလှောင်နိုင်သည့် ဂါလန်ပမာဏ၊

(ဆ) တည်ဆောက်မည့်အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing)။

၈။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အရောင်းဆိုင်တည်ဆောက်ခွင့်ပြုရန် လျှောက်ထားမှုကို စိစစ်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းပြုနိုင်သည်။ အကယ်၍ လျှောက်ထားမှုကိုငြင်းပယ်ခဲ့လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားမည်။

၉။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အရောင်းဆိုင်တည်ဆောက်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် စစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာတည်ဆောက်ခွင့်ပြုမိန့်များရယူ၍ အတည်ပြုထားသည့်ပုံစံအတိုင်း တည်ဆောက်မည်ဆိုပါလျှင် လိုင်စင်ခွင့်ပြုထုတ်ပေးနိုင်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားမည်။

**လိုင်စင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်း**

၁၀။ အထက်အပိုဒ် (၉) ပါ အကြောင်းကြားချက်ကို လက်ခံရရှိသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိရုံးမှတစ်ဆင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားရမည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အတည်ပြုထားသော အရောင်းဆိုင်၏ အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) မူရင်းနှင့် မိတ္တူ၊

(ဂ) သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဃ) လျှောက်ထားသူနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊

(င) တည်ဆောက်ပြီးစီးသည့်အရောင်းဆိုင်အား ရှေ့၊ နောက်၊ ဝဲ၊ ယာ ရိုက်ကူးထားသည့် (၄×၆) လက်မအရွယ်ရှိ ရောင်စုံဓာတ်ပုံ (၄) ပုံနှင့် သိုလှောင်ကန် သို့မဟုတ် ဂိုဒေါင်အား ထင်ရှားပြတ်သားစွာ ရိုက်ကူးထားသည့် (၄×၆) လက်မအရွယ်ရှိ ရောင်စုံဓာတ်ပုံ (၁) ပုံ။

၁၁။ တည်ဆောက်ပြီးစီးသည့် အရောင်းဆိုင်အား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိမှ ကွင်းဆင်းစစ်ဆေးရမည်။ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ပြုပြင်ဆောင်ရွက်စေပြီး ထပ်မံကွင်းဆင်းစစ်ဆေးရမည်။

၁၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိမှ ကွင်းဆင်းစစ်ဆေးပြီး လိုင်စင်ထုတ်ပေးသင့်ကြောင်း ထောက်ခံတင်ပြပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြမည်။

၁၃။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမှုဆောင်ကော်မတီအစည်းအဝေးက လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ပါက သက်တမ်းတစ်နှစ်ရှိ ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်လိုင်စင်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိက ထုတ်ပေးရမည်။

၁၄။ ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်လိုင်စင်၏သက်တမ်းမှာ လိုင်စင်ခွင့်ပြုသည့်နေ့မှစတင်၍ တစ်နှစ်တိတိဖြစ်သည်။

၁၅။ လိုင်စင်ရရှိသူသည် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်လိုင်စင်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကျသင့်သောအခကြေးငွေများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းသို့ ပေးသွင်းရမည်။

**လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း**

၁၆။ လိုင်စင်ရရှိသူသည် လိုင်စင်စတင်ခွင့်ပြုထုတ်ပေးသည့်ရက်မှစတင်၍ လိုင်စင်သက်တမ်းမကုန်ဆုံးမီ နှစ်လအတွင်း လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိ ရုံးများသို့ လျှောက်ထားရမည် -

(က) လိုင်စင်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူ၊

(ခ) အရောင်းဆိုင်လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဂ) သတ္တုတွင်းဦးစီးဌာနတွင် သက်တမ်းတိုးပြီးသည့် သိုလှောင်ခွင့်လိုင်စင်မူရင်းနှင့် မိတ္တူ။

၁၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိသည် အရောင်းဆိုင်အား ကွင်းဆင်းစစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိလျှင် လိုင်စင်သက်တမ်း တစ်နှစ်တိုးမြှင့် ပေးနိုင်မည်။

**ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခြင်း**

၁၈။ အရောင်းဆိုင်အား ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိရုံးများမှတစ်ဆင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားရမည် -

(က) အရောင်းဆိုင်လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ခ) သတ္တုတွင်းဦးစီးဌာနတွင် သက်တမ်းတိုးပြီးသည့် သိုလှောင်ခွင့်လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဂ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အတည်ပြုထားသော အရောင်းဆိုင်၏ အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) မူရင်းနှင့် မိတ္တူ၊

(ဃ) ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်လိုသည့် အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing)၊

(င) မြေဧရိယာတိုးချဲ့တည်ဆောက်ခြင်းအတွက် မြေပိုင်ဆိုင်ကြောင်းအထောက်အထား သို့မဟုတ် မြေသုံးစွဲနိုင်ကြောင်း အထောက်အထား။

**ပိုင်ရှင်အမည်ပြောင်းလဲခြင်း**

၁၉။ အရောင်းဆိုင်ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေး အရာရှိရုံးမှတစ်ဆင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားရမည် -

(က) ပိုင်ရှင်အမည်ပြောင်းလဲလိုသူ၏ (၂ × ၁.၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ၊

(ခ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊

(ဂ) အရောင်းဆိုင်လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဃ) ပိုင်ရှင်အမည်ပြောင်းလဲလိုသူအမည်ဖြင့် ခွင့်ပြုထုတ်ပေးသော သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့် လိုင်စင်မူရင်းနှင့် မိတ္တူ၊

(င) မူလပိုင်ရှင်၏ သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်းထောက်ခံချက် မူရင်းနှင့် မိတ္တူ၊

(စ) ပိုင်ရှင်အမည်ပြောင်းလဲခြင်းအပေါ် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဆ) မူလပိုင်ရှင်နှင့် ပိုင်ရှင်အမည်ပြောင်းလဲလိုသူတို့၏ နှစ်ဦးသဘောတူစာချုပ်စာတမ်းအထောက်အထား မူရင်းနှင့် မိတ္တူ။

၂၀။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အရောင်းဆိုင်လိုင်စင်ပိုင်ရှင်အမည်ပြောင်းလဲ လျှောက်ထားမှုအား စိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိပါက အရောင်းဆိုင်ပိုင်ရှင်အမည် ပြောင်းလဲ ခွင့်ပြုမည်။

**ပျက်စီး၊ ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်း**

၂၁။ အရောင်းဆိုင်လိုင်စင် ပျက်စီး၊ ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိရုံးသို့ လျှောက်ထားရမည် -

(က) ပျက်စီး၊ ပျောက်ဆုံးကြောင်း ပိုင်ရှင်၏ခံဝန်ကတိလက်မှတ်၊

(ခ) ပျက်စီး၊ ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ထောက်ခံချက်၊

(ဂ) ပျက်စီး၊ ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

၂၂။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရောင်းဝယ်ရေးအရာရှိရုံးသည် ပျက်စီး၊ ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားလာမှုအား စိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိပါက မိတ္တူမှန်ထုတ်ပေးမည်။

## အခန်း (၃)
## လိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

၂၃။ လိုင်စင်ရရှိသူသည် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်ဆိုင်ရာအမိန့် **[နောက်ဆက်တွဲ (က)]** ပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း စသည့်ပြစ်ဒဏ်များကို ခံရမည့်အပြင် လိုအပ်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်။

၂၄။ လိုင်စင်ရရှိသူသည် လိုင်စင်ရပြီး နှစ်လအတွင်း အရောင်းဆိုင်ဝန်ထမ်းများအား မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်သည့် စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်းအခြေခံသင်တန်းများသို့ မဖြစ်မနေတက်ရောက်စေရမည်။

၂၅။ မီးသတ်ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၆။ အရောင်းဆိုင်တွင် ၂၄ နာရီအချိန်ပြည့် အနည်းဆုံးဝန်ထမ်းတစ်ဦးအား တာဝန်ပေးအပ်ထားရမည်။

၂၇။ အရောင်းဆိုင်ဝင်းအတွင်း ကုန်စုံဆိုင်များဖွင့်လှစ်ခြင်း၊ လူနေအဆောက်အအုံများတည်ဆောက်၍ လူနေထိုင်ခြင်း၊ ချက်ပြုတ်ခြင်း၊ အခြားလုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် ကုန်ပစ္စည်းများရောင်းဝယ်သိုလှောင်ခြင်း မပြုရ။ စက်ဆီ၊ ချောဆီနှင့် ခွင့်ပြုထားသည့် စက်သုံးဆီအမျိုးအစားများမှအပ အခြားကုန်ပစ္စည်းများ ရောင်းချခြင်း လုံးဝမပြုလုပ်ရ။

၂၈။ စက်သုံးဆီများကို တရားမဝင်ဝယ်ယူ၍ တစ်ဆင့်ပြန်လည်ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၂၉။ ခွင့်ပြုထားသည့်အရောင်းဆိုင်နေရာတွင်သာ ရောင်းချရမည်ဖြစ်ပြီး မည်သည့်ယာဉ်တစ်မျိုးမျိုးနှင့်မျှ လှည့်လည်ရောင်းချခြင်း မပြုရ။

၃၀။ ခွင့်ပြုထားသည့်အရောင်းဆိုင်အမည်အား ပြင်ဆင်ပြောင်းလဲခြင်း မပြုရ။

## အခန်း (၄)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၃၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီသည် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းပြုရမည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်း ကြီးကြပ်ရေးဆပ်ကော်မတီသည် သက်ဆိုင်ရာဒေသအတွင်းရှိ ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်များနှင့် စပ်လျဉ်း၍ လိုအပ်သလိုစစ်ဆေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ အခါအားလျော်စွာ အစီရင်ခံတင်ပြရမည်။

## အခန်း (၅)
## အထွေထွေ

၃၃။ ဤအမိန့်ပါ ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုင်စင် လျှောက်ထားရယူရာတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း ရေနံနှင့် ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၃၄။ မည်သူမဆို ဤအမိန့်ပါ လိုက်နာရမည့်စည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဖောက်ဖျက်လျှင်ဖြစ်စေ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

၃၅။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ဤအမိန့်ကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက် နိုင်သည်။

ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။

နောက်ဆက်တွဲ (က)

## လိုက်နာရမည့်စည်းကမ်းချက်များ

၁။ ဤလိုင်စင်အား လွှဲပြောင်းလုပ်ကိုင်လိုပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်တောင်းခံရမည်။

၂။ ဤလိုင်စင်သည် ပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ လိုင်စင်ရရှိသူသည် နိုင်ငံတော်မှ ပြဋ္ဌာန်းထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရမည်။

၄။ ပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရန်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေးအစီအမံများကို စနစ်တကျဆောင်ရွက်ရမည်။

၅။ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံမှုဆိုင်ရာ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၆။ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှုရှိရမည်။ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ရှိသူများမှ လာရောက်စစ်ဆေးပါက လိုအပ်သလို အစစ်ဆေးခံရမည်။ စမ်းသပ်မှုအတွက် ကျသင့်သည့်ဓာတ်ခွဲစမ်းသပ်ခများကို ကျခံပေးချေရမည်။ အရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှုမရှိကြောင်းစစ်ဆေးတွေ့ရှိရပါက ဥပဒေအရ အရေးယူခြင်းခံရမည်။

၇။ ပြီးခဲ့သည့်လအတွင်း ဖြန့်ဖြူးရောင်းချခဲ့သည့် စက်သုံးဆီအမျိုးအစားနှင့် ဂါလန်ပမာဏများကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရောင်းဝယ်ရေးအရာရှိရုံးများသို့ လစဉ် လဆန်း (၇) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၈။ စိစစ်အတည်ပြု သတ်မှတ်ခွင့်ပြုထားသော အဆောက်အအုံများ၊ သိုလှောင်ကန်များ၊ ပန့်တိုင်များ၊ ဂိုဒေါင်များအား ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်လိုပါက သတ်မှတ်ချက်များနှင့်အညီ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူရမည်။

၉။ နှစ်စဉ် လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို လိုင်စင်သက်တမ်းကုန်ဆုံးရက်မတိုင်မီ အပြီးဆောင်ရွက်ရမည်။ လိုင်စင်သက်တမ်းကုန်ဆုံးပြီး (၃) လအထက်ကျော်လွန်၍ သက်တမ်းတိုးရန်ပျက်ကွက်ပါက လိုင်စင်သက်တမ်း အလိုအလျောက်ပျက်ပြယ်သည်ဟု သတ်မှတ်ရမည်။

၁၀။ သတ်မှတ်ထားသည့်အခွန်အခနှင့် လိုင်စင်ကြေးနှုန်းထားများအား ပေးဆောင်ရမည်။

၁၁။ အထက်ဖော်ပြပါ လိုက်နာရမည့်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဦးစီးဌာနအသီးသီးမှဆောင်ရွက်မည့် (၂၀၁၉-၂၀၂၀) ခု၊ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဗဟိုတင်ဒါကော်မတီအား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**ဗဟိုတင်ဒါကော်မတီ**

၁။ (က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ (၁)
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး (ကျန်းမာရေး) | အဖွဲ့ဝင် |
| (ဋ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး (အားကစား) | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး)<br>ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဍ) | ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>ဝန်ကြီးရုံး (ကျန်းမာရေး) | တွဲဖက်အတွင်းရေးမှူး |

**ဗဟိုကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

၂။ (က) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်မှုအား ကြီးကြပ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်မှုအား ကြီးကြပ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကြန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်မှုအား ကြီးကြပ်ခြင်း၊

(င) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်းအတွက် ကြီးကြပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်းအား ကြီးကြပ်ခြင်း၊

(ဆ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဇ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဈ) "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ည) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်းအား ကြီးကြပ်ခြင်း၊

(ဋ) တင်ဒါအောင်မြင်သူအား ကြေညာခြင်းအတွက် ကြီးကြပ်ခြင်း၊

(ဌ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်းအား ကြီးကြပ်ခြင်း၊

(ဍ) ဦးစီးဌာနအသီးသီးမှ တည်ဆောက်ရေး၊ ဝယ်ယူရေး၊ ငှားရမ်းရေးနှင့်ပတ်သက်သည့် တင်ဒါကိစ္စရပ်များအား သက်ဆိုင်ရာ တင်ဒါကော်မတီဥက္ကဋ္ဌ၏ သဘောတူညီမှုပါရှိခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဎ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်းအား ကြီးကြပ်ခြင်း၊

(ဏ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း ရှိ မရှိ စိစစ်ခြင်း၊ သုံးသပ်အကြံပြုခြင်း ဆောင်ရွက်ပါရန်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရုံးသုံးပရိဘောဂ၊ စက်နှင့် စက်ကိရိယာပစ္စည်းများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော ပစ္စည်းများရရှိရေး နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(၁) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (က) ဒေါ်ကြည်ကြည်လှ | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခ) ဦးကျော်ကျော်လွင် | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဂ) ဒေါ်ခင်သီတာမိုး | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(၂) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက်စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်း အမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(င) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(စ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(၃) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) ဦးမျိုးဝင်းညွန့် | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခ) ဦးခိုင်ဦး | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဂ) ဦးအောင်မျိုးထွေး | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(၄) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့်ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်း အများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

(၅) **အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (က) ဒေါ်မေစီမြင့် | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခ) ဦးဇော်လွင်ထက် | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဂ) ဦးကျော်မိုးနိုင် | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(၆) အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံ စာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစား တစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

အုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## (၂၀၁၉ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ် တစ်ဝန်းလုံး၌ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေ တို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရန် ကောက်ခံရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ (က) ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများကို လွှဲပြောင်းနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၇။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) တွင် ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၉။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ယှဉ်တွဲ ဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသောပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅

## စည်ပင်သာယာရေးအဖွဲ့များ

၁၀။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၁။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၂။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) စည်ပင်သာယာရေးအဖွဲ့များသည် စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရငွေထက်ပိုသော အသုံးစရိတ်များအတွက် လိုအပ်သည့်ငွေကို ထောက်ပံ့ငွေ အဖြစ် ဤဥပဒေအရ လျာထားသော လျာထားချက်ဘောင်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၃။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာခက်အောင်
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့ အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၃၄. ၂၇၅ | | ၅,၇၁၁. ၅၂၁ | | | ၁,၈၀၀. ၀၀၀ | | | | ၈,၀၄၅. ၇၉၆ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၆၀. ၀၀၀ | | | | | | | ၂၆၀. ၀၀၀ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၃၆၁ | | | | | | | ၀. ၃၆၁ |
| ၅ | စာရင်းစစ်ရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၆၃ | | | | | | | ၀. ၁၆၃ |
| | ပေါင်း | | **၅၃၄. ၂၇၅** | | **၅,၉၇၂. ၀၄၅** | | | **၁,၈၀၀. ၀၀၀** | | | | **၈,၃၀၆. ၃၂၀** |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂,၁၃၃. ၄၀၈ | | ၁,၈၀၀. ၀၀၀ | ၃၉,၂၆၈. ၃၂၆ | | | | ၄၃,၂၀၁. ၇၃၄ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၀၀၆. ၅၀၈ | | | ၃၀၁. ၁၀၀ | | | | ၁,၃၀၇. ၆၀၈ |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၂. ၃၄၀ | | | | | | | ၆၂. ၃၄၀ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၅၄၂. ၄၄၆ | | | ၃၇၀. ၆၄၀ | | | | ၉၁၃. ၀၈၆ |
| ၅ | စာရင်းစစ်ရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၄၉. ၁၃၃ | | | ၃၂၃. ၃၇၀ | | | | ၁,၂၇၂. ၅၀၃ |
| | ပေါင်း | | ၄,၆၉၃. ၈၃၅ | | ၁,၈၀၀. ၀၀၀ | ၄၀,၂၆၃. ၄၃၆ | | | | ၄၆,၇၅၇. ၂၇၁ |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန် ရငွေ | အရေးပေါ် ရန်ပုံငွေ ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၅၂၅. ၇၃၄** | | | | | | | | | | **၅၂၅. ၇၃၄** |
| | ၁ | ယစ်မျိုးခွန် | | ၅၂၅. ၇၃၄ | | | | | | | | | | ၅၂၅. ၇၃၄ |
| **၂** | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | **၎င်း** | **၆၈၇. ၅၆၄** | | | | | | | | | | **၆၈၇. ၅၆၄** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့် အခွန် | | ၁၉. ၉၈၅ | | | | | | | | | | ၁၉. ၉၈၅ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | | | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၂၈. ၆၆၇ | | | | | | | | | | ၁၂၈. ၆၆၇ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၃၈. ၄၁၂ | | | | | | | | | | ၃၈. ၄၁၂ |
| | ၅ | အင်းအိုင်ခွန် | | ၅၀၀. ၅၀၀ | | | | | | | | | | ၅၀၀. ၅၀၀ |
| **၃** | | **ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | **၎င်း** | | | | | | | | | | | |
| **၄** | | **ပြည်ထဲရေး** | **၎င်း** | | **၂. ၀၃၃** | | | | | | | | | **၂. ၀၃၃** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | ၀. ၀၃၃ | | | | | | | | | ၀. ၀၃၃ |
| | ၂ | မီးသတ်ဦးစီးဌာန | | | ၂. ၀၀၀ | | | | | | | | | ၂. ၀၀၀ |
| **၅** | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **၎င်း** | | **၄၁. ၆၁၃** | | | | | | | | | **၄၁. ၆၁၃** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | ၄၁. ၆၁၃ | | | | | | | | | ၄၁. ၆၁၃ |
| **၆** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **၎င်း** | | **၁၈၉. ၈၈၈** | | | | | | | | | **၁၈၉. ၈၈၈** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | ၄၃. ၉၅၂ | | | | | | | | | ၄၃. ၉၅၂ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | ၈. ၀၀၀ | | | | | | | | | ၈. ၀၀၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | ၁၃၅. ၁၀၀ | | | | | | | | | ၁၃၅. ၁၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | ၁. ၂၅၆ | | | | | | | | | ၁. ၂၅၆ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၁. ၅၈၀ | | | | | | | | | ၁. ၅၈၀ |
| **၇** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | | **၃၉. ၀၁၉** | | | | | | | | | **၃၉. ၀၁၉** |
| | ၁ | သစ်တောဦးစီးဌာန | | | ၂၄. ၀၁၉ | | | | | | | | | ၂၄. ၀၁၉ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | | | |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ) | | | ၁၅. ၀၀၀ | | | | | | | | | ၁၅. ၀၀၀ |
| **၈** | | **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး** | **၎င်း** | | | | | | | | | | | |
| **၉** | | **ကျန်းမာရေးနှင့် အားကစား** | **၎င်း** | | **၇၂. ၁၂၆** | | | | | | | | | **၇၂. ၁၂၆** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | ၇၂. ၁၂၆ | | | | | | | | | ၇၂. ၁၂၆ |
| **၁၀** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **၎င်း** | | **၀. ၀၂၁** | **၁,၀၀၀. ၀၀၀** | | | | **၁၇၄,၉၄၁. ၄၈၆** | | | | **၁၇၅,၉၄၁. ၅၀၇** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | ၀. ၀၂၁ | | | | | | | | | ၀. ၀၂၁ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၁,၀၀၀. ၀၀၀ | | | | ၁၇၄,၉၄၁. ၄၈၆ | | | | ၁၇၅,၉၄၁. ၄၈၆ |
| **၁၁** | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **၎င်း** | | **၀. ၆၀၀** | | | | | | | | | **၀. ၆၀၀** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | ၀. ၆၀၀ | | | | | | | | | ၀. ၆၀၀ |
| **၁၂** | | **ဆောက်လုပ်ရေး** | **၎င်း** | | **၅၆. ၅၅၆** | | | | | | | | | **၅၆. ၅၅၆** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၄၆. ၂၃၆ | | | | | | | | | ၄၆. ၂၃၆ |
| | ၂ | လမ်းဦးစီးဌာန | | | ၆. ၃၂၀ | | | | | | | | | ၆. ၃၂၀ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | ၄. ၀၀၀ | | | | | | | | | ၄. ၀၀၀ |
| | | **ပေါင်း** | | **၁,၂၁၃. ၂၉၈** | **၄၀၁. ၈၅၆** | **၁,၀၀၀. ၀၀၀** | | | | **၁၇၄,၉၄၁. ၄၈၆** | | | | **၁၇၇,၅၅၆. ၆၄၀** |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၄** | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၂,၅၂၅. ၀၇၅** | | | | **၂,၁၂၃. ၀၆၃** | | | | **၄,၆၄၈. ၁၃၈** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၄၆. ၆၂၅ | | | | ၅၁၂. ၈၁၆ | | | | ၈၅၉. ၄၄၁ |
| | ၂ | မီးသတ်ဦးစီးဌာန | | ၂,၁၇၈. ၄၅၀ | | | | ၁,၆၁၀. ၂၄၇ | | | | ၃,၇၈၈. ၆၉၇ |
| **၅** | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **ရှင်း** | **၆,၅၂၆. ၅၁၄** | | | **၂၀. ၀၀၀** | **၂,၁၇၉. ၀၇၆** | | | | **၈,၇၂၅. ၅၉၀** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၆,၅၂၆. ၅၁၄ | | | ၂၀. ၀၀၀ | ၂,၁၇၉. ၀၇၆ | | | | ၈,၇၂၅. ၅၉၀ |
| **၆** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ရှင်း** | **၃,၄၅၈. ၂၄၇** | | | | **၁,၈၄၁. ၄၂၂** | | | | **၅,၂၉၉. ၆၆၉** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၂,၀၁၂. ၆၉၅ | | | | ၅၅၅. ၈၇၀ | | | | ၂,၅၆၈. ၅၆၅ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၈၃. ၆၁၁ | | | | ၆၃၁. ၀၄၀ | | | | ၉၁၄. ၆၅၁ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၄၅၅. ၂၄၀ | | | | ၁၅၃. ၄၄၈ | | | | ၆၀၈. ၆၈၈ |
| | ၄ | သမဝါယမဦးစီးဌာန | | ၅၅၈. ၀၀၇ | | | | ၁၅၄. ၆၀၀ | | | | ၇၁၂. ၆၀၇ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၄၈. ၆၉၄ | | | | ၃၄၆. ၄၆၄ | | | | ၄၉၅. ၁၅၈ |
| **၇** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ရှင်း** | **၁,၂၉၅. ၈၉၇** | | | | **၉၀၁. ၉၆၆** | | | | **၂,၁၉၇. ၈၆၃** |
| | ၁ | သစ်တောဦးစီးဌာန | | ၉၀၅. ၃၇၃ | | | | ၂၉၄. ၅၅၀ | | | | ၁,၁၉၉. ၉၂၃ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၃၀၄. ၇၉၅ | | | | ၆၀၇. ၄၁၆ | | | | ၉၁၂. ၂၁၁ |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ) | | **၈၅. ၇၂၉** | | | | | | | | **၈၅. ၇၂၉** |
| **၈** | | **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး** | **ရှင်း** | **၁၇. ၁၇၉** | | | | **၆၇. ၆၀၀** | | | | **၈၄. ၇၇၉** |
| **၉** | | **ကျန်းမာရေးနှင့် အားကစား** | **ရှင်း** | **၆၃၅. ၂၁၆** | | | | **၁,၁၂၉. ၀၈၀** | | | | **၁,၇၆၄. ၂၉၆** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၆၃၅. ၂၁၆ | | | | ၁,၁၂၉. ၀၈၀ | | | | ၁,၇၆၄. ၂၉၆ |
| **၁၀** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရှင်း** | **၈၄၅. ၆၉၁** | **၁,၀၀၀. ၀၀၀** | | | **၈၅၃. ၃၂၁** | | | | **၂,၆၉၉. ၀၁၂** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၈၃. ၀၃၈ | | | | ၇၇၃. ၉၄၃ | | | | ၁,၃၅၆. ၉၈၁ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၂၃. ၁၄၁ | | | | ၂၆. ၄၉၀ | | | | ၁၄၉. ၆၃၁ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၃၉. ၅၁၂ | ၁,၀၀၀. ၀၀၀ | | | ၅၂. ၈၈၈ | | | | ၁,၁၉၂. ၄၀၀ |
| **၁၁** | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **ရှင်း** | **၆၀. ၁၆၈** | | | | **၁၃. ၄၃၀** | | | | **၇၃. ၅၉၈** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၆၀. ၁၆၈ | | | | ၁၃. ၄၃၀ | | | | ၇၃. ၅၉၈ |
| **၁၂** | | **ဆောက်လုပ်ရေး** | **ရှင်း** | **၃,၂၃၃. ၀၈၀** | | | | **၈၄,၉၅၄. ၇၃၅** | | | | **၈၈,၁၈၇. ၈၁၅** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၃၄. ၀၇၉ | | | | ၅,၅၁၇. ၀၄၈ | | | | ၅,၈၅၁. ၁၂၇ |
| | ၂ | လမ်းဦးစီးဌာန | | ၂,၆၇၉. ၄၂၆ | | | | ၄၉,၅၈၂. ၂၁၂ | | | | ၅၂,၂၆၁. ၆၃၈ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၁၉. ၅၇၅ | | | | ၂၉,၈၅၅. ၄၇၅ | | | | ၃၀,၀၇၅. ၀၅၀ |
| | | **ပေါင်း** | | **၁၈,၅၉၇. ၀၆၇** | **၁,၀၀၀. ၀၀၀** | | **၂၀. ၀၀၀** | **၉၄,၀၆၃. ၆၉၃** | | | | **၁၁၃,၆၈၀. ၇၆၀** |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | **၅. ၀၀၀** | | | | | | | **၅. ၀၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅. ၀၀၀ | | | | | | | ၅. ၀၀၀ |
| | | **ပေါင်း** | | | | **၅. ၀၀၀** | | | | | | | **၅. ၀၀၀** |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | **၁. ၁၀၀** | | | **၁၈,၅၅၁. ၉၀၀** | | | | **၁၈,၅၅၃. ၀၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁. ၁၀၀ | | | ၁၈,၅၅၁. ၉၀၀ | | | | ၁၈,၅၅၃. ၀၀၀ |
| | | **ပေါင်း** | | **၁. ၁၀၀** | | | **၁၈,၅၅၁. ၉၀၀** | | | | **၁၈,၅၅၃. ၀၀၀** |

ဇယား (၇)
(ကျပ်သန်းပေါင်း)

## စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | **စည်ပင်သာယာရေးအဖွဲ့များ** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၉၄. ၁၅၆ | | ၁၀,၅၆၁. ၈၄၆ | | | | | | | ၁၁,၃၅၆. ၀၀၂ |
| | **ပေါင်း** | | ၇၉၄. ၁၅၆ | | ၁၀,၅၆၁. ၈၄၆ | | | | | | | ၁၁,၃၅၆. ၀၀၂ |

ဇယား (၈)
(ကျပ်သန်းပေါင်း)

## စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | **စည်ပင်သာယာရေးအဖွဲ့များ** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄,၈၄၁. ၄၇၆ | | | ၁၃,၃၉၁. ၄၅၅ | | | | ၁၈,၂၃၂. ၉၃၁ |
| | ပေါင်း | | ၄,၈၄၁. ၄၇၆ | | | ၁၃,၃၉၁. ၄၅၅ | | | | ၁၈,၂၃၂. ၉၃၁ |

# ကယားပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ
## (၂၀၁၉ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၅။)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

**နိဒါန်း**

ပြည်နယ်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ၊ ပြည်နယ်၏ မူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ကယားပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ကယားပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ကယားပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တစ်ပြည်နယ်လုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်နယ်အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ဒေသန္တရစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပြည်ထောင်စုက ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း စသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများသည်လည်း ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်ပါသည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ ၆ လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ပြည်နယ်ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာများ၊ သွင်းအားစုများ၊ ငွေရေးကြေးရေး အရင်းအနှီးများ ရရှိရေးနှင့် ဈေးကွက်စနစ်ဖော်ဆောင်နိုင်ရန်၊

(ခ) မြို့ပြနှင့် ကျေးလက်နေပြည်သူတို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အချိုးကျမျှတစွာ ခံစားရရှိနိုင်ရန်၊

(ဂ) ပြည်နယ်အတွင်းရှိ ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်နိုင်ရန်၊

(ဃ) နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်၊

(င) ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## စီမံကိန်းရည်မှန်းချက်များ

၅။ ကယားပြည်နယ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကယားပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၄. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၁. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၄. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၆. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၈. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၂. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၆. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၀. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၁ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၂. ၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅. ၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၂. ၄ ရာခိုင်နှုန်း အသီးသီး ပြောင်းလဲဖြစ်ပေါ်လာစေရန်၊

(ဃ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး **(Per Capita GDP)** ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁,၁၉၆,၉၅၀ ဖြစ်ပေါ်လာရန်။

## အခန်း (၄)
## အထွေထွေ

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ ပြည်နယ်နှင့် ပြည်နယ်အတွင်းရှိ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၈။ ပြည်နယ်၏ ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ပြည်နယ်၏ မူဝါဒရည်မှန်းချက်များနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပြည်နယ်နှင့် ပြည်နယ်အတွင်းရှိ ပြည်သူလူထုအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၁။ ပြည်နယ်၏ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်နယ်၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၂။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်း ပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၃။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်းရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက် အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်နယ်အစိုးရ အဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်ဒေသန္တရ စီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်၏အကျိုးစီးပွားအတွက် အရေးကြီး လိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ္ဍာအတွင်း ထည့်သွင်းစိစစ်အတည် ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်ဒေသန္တရ စီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ အတွက် လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း၊ လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်း ဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်း များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက် ရမည်။

၁၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း များနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက်စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေများအရ လိုအပ်သောအစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အယ်လ်ဖောင်းရှို
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

ပူးတွဲ-၁

## ကယားပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၀၆,၀၅၈. ၉** | **၃၃. ၉** | **၅. ၅** | **၁၀၈,၈၇၇. ၆** | **၃၃. ၂** | **၂. ၇** |
| | ၁ | လယ်ယာ | ၆၃,၅၆၈. ၀ | ၂၀. ၃ | ၄. ၀ | ၆၄,၅၂၀. ၀ | ၁၉. ၇ | ၁. ၅ |
| | ၂ | သားငါး | ၄၂,၁၅၅. ၇ | ၁၃. ၅ | ၇. ၆ | ၄၄,၀၀၀. ၅ | ၁၃. ၄ | ၄. ၄ |
| | ၃ | သစ်တော | ၃၃၅. ၂ | ၀. ၁ | ၁၂. ၆ | ၃၅၇. ၁ | ၀. ၁ | ၆. ၅ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၇၆,၉၈၂. ၅** | **၂၄. ၆** | **၇. ၅** | **၈၀,၆၈၂. ၃** | **၂၄. ၅** | **၄. ၈** |
| | ၁ | စွမ်းအင် | | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄,၃၃၃. ၃ | ၁. ၄ | -၅. ၇ | ၄,၃၈၆. ၄ | ၁. ၃ | ၁. ၂ |
| | ၃ | စက်မှုလက်မှု | ၂၄,၃၅၅. ၃ | ၇. ၈ | ၇. ၆ | ၂၆,၄၀၃. ၂ | ၈. ၀ | ၈. ၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂,၉၃၁. ၂ | ၀. ၉ | ၁၁. ၇ | ၃,၂၆၆. ၂ | ၁. ၀ | ၁၁. ၄ |
| | ၅ | ဆောက်လုပ်မှု | ၄၅,၃၆၂. ၇ | ၁၄. ၅ | ၈. ၆ | ၄၆,၆၂၆. ၅ | ၁၄. ၂ | ၂. ၈ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၂၉,၉၇၅. ၉** | **၄၁. ၅** | **၅. ၉** | **၁၃၈,၄၅၅. ၈** | **၄၂. ၃** | **၆. ၅** |
| | ၁ | ပို့ဆောင်ရေး | ၁၅,၉၉၇. ၁ | ၅. ၁ | ၄. ၅ | ၁၇,၁၇၈. ၇ | ၅. ၂ | ၇. ၄ |
| | ၂ | ဆက်သွယ်ရေး | ၁၄,၃၉၈. ၈ | ၄. ၆ | ၈. ၂ | ၁၅,၃၁၄. ၇ | ၄. ၇ | ၆. ၄ |
| | ၃ | ငွေရေးကြေးရေး | ၅၆၂. ၉ | ၀. ၂ | ၁. ၀ | ၅၉၈. ၀ | ၀. ၂ | ၆. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၅,၉၈၆. ၂ | ၈. ၃ | ၁. ၃ | ၂၆,၈၈၄. ၂ | ၈. ၂ | ၃. ၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၉,၁၀၅. ၉ | ၂. ၉ | ၉. ၉ | ၁၀,၀၁၆. ၅ | ၃. ၁ | ၁၀. ၀ |
| | ၆ | ကုန်သွယ်မှု | ၆၃,၉၂၅. ၀ | ၂၀. ၄ | ၇. ၃ | ၆၈,၄၆၃. ၇ | ၂၀. ၉ | ၇. ၁ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၃၁၃,၀၁၇. ၃** | **၁၀၀. ၀** | **၆. ၁** | **၃၂၈,၀၁၅. ၇** | **၁၀၀. ၀** | **၄. ၈** |

ပူးတွဲ-၂

**ကယားပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှု** | **၁၈၃,၀၄၁. ၄** | **၅၈. ၅** | **၆. ၃** | **၁၈၉,၅၅၉. ၉** | **၅၇. ၇** | **၃. ၆** |
| | ၁ | လယ်ယာ | ၆၃,၅၆၈. ၀ | ၂၀. ၃ | ၄. ၀ | ၆၄,၅၂၀. ၀ | ၁၉. ၇ | ၁. ၅ |
| | ၂ | သားငါး | ၄၂,၁၅၅. ၇ | ၁၃. ၅ | ၇. ၆ | ၄၄,၀၀၀. ၅ | ၁၃. ၄ | ၄. ၄ |
| | ၃ | သစ်တော | ၃၃၅. ၂ | ၀. ၁ | ၁၂. ၆ | ၃၅၇. ၁ | ၀. ၁ | ၆. ၅ |
| | ၄ | စွမ်းအင် | | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄,၃၃၃. ၃ | ၁. ၄ | -၅. ၇ | ၄,၃၈၆. ၄ | ၁. ၃ | ၁. ၂ |
| | ၆ | စက်မှုလက်မှု | ၂၄,၃၅၅. ၃ | ၇. ၈ | ၇. ၆ | ၂၆,၄၀၃. ၂ | ၈. ၀ | ၈. ၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂,၉၃၁. ၂ | ၀. ၉ | ၁၁. ၇ | ၃,၂၆၆. ၂ | ၁. ၀ | ၁၁. ၄ |
| | ၈ | ဆောက်လုပ်မှု | ၄၅,၃၆၂. ၇ | ၁၄. ၅ | ၈. ၆ | ၄၆,၆၂၆. ၅ | ၁၄. ၂ | ၂. ၈ |
| **၂** | | **ဝန်ဆောင်မှု** | **၆၆,၀၅၀. ၉** | **၂၁. ၁** | **၄. ၇** | **၆၉,၉၉၂. ၁** | **၂၁. ၄** | **၆. ၀** |
| | ၁ | ပို့ဆောင်ရေး | ၁၅,၉၉၇. ၁ | ၅. ၁ | ၄. ၅ | ၁၇,၁၇၈. ၇ | ၅. ၂ | ၇. ၄ |
| | ၂ | ဆက်သွယ်ရေး | ၁၄,၃၉၈. ၈ | ၄. ၆ | ၈. ၂ | ၁၅,၃၁၄. ၇ | ၄. ၇ | ၆. ၄ |
| | ၃ | ငွေရေးကြေးရေး | ၅၆၂. ၉ | ၀. ၂ | ၁. ၀ | ၅၉၈. ၀ | ၀. ၂ | ၆. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၅,၉၈၆. ၂ | ၈. ၃ | ၁. ၃ | ၂၆,၈၈၄. ၂ | ၈. ၂ | ၃. ၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၉,၁၀၅. ၉ | ၂. ၉ | ၉. ၉ | ၁၀,၀၁၆. ၅ | ၃. ၁ | ၁၀. ၀ |
| **၃** | | **ကုန်သွယ်မှု** | **၆၃,၉၂၅. ၀** | **၂၀. ၄** | **၇. ၃** | **၆၈,၄၆၃. ၇** | **၂၀. ၉** | **၇. ၁** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၃၁၃,၀၁၇. ၃** | **၁၀၀. ၀** | **၆. ၁** | **၃၂၈,၀၁၅. ၇** | **၁၀၀. ၀** | **၄. ၈** |

ပူးတွဲ-၃

**ကယားပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၁၉,၉၂၀. ၂** | **၃၃. ၄** | **၁၂,၅၂၀. ၂၀** | **၃၂. ၀** | **၄. ၄** |
| | ၁ | လယ်ယာ | ၆၈,၉၈၆. ၄ | ၁၉. ၂ | ၇၀,၈၃၇. ၂ | ၁၈. ၁ | ၂. ၇ |
| | ၂ | သားငါး | ၅၀,၃၇၅. ၆ | ၁၄. ၀ | ၅၃,၇၅၃. ၆ | ၁၃. ၇ | ၆. ၇ |
| | ၃ | သစ်တော | ၅၅၈. ၂ | ၀. ၂ | ၆၁၁. ၂ | ၀. ၂ | ၉. ၅ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၉၀,၄၄၆. ၀** | **၂၅. ၂** | **၁၀၀,၀၇၀. ၁** | **၂၅. ၆** | **၁၀. ၆** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅,၇၇၄. ၄ | ၁. ၆ | ၅,၉၆၀. ၃ | ၁. ၅ | ၃. ၂ |
| | ၃ | စက်မှုလက်မှု | ၂၇,၉၉၅. ၉ | ၇. ၈ | ၃၁,၆၅၆. ၄ | ၈. ၁ | ၁၃. ၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၃,၂၅၈. ၈ | ၀. ၉ | ၅,၂၉၇. ၂ | ၁. ၄ | ၆၂. ၆ |
| | ၅ | ဆောက်လုပ်မှု | ၅၃,၄၁၆. ၉ | ၁၄. ၉ | ၅၇,၁၅၆. ၂ | ၁၄. ၆ | ၇. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၄၈,၄၉၄. ၇** | **၄၁. ၄** | **၁၆၆,၁၃၀. ၇** | **၄၂. ၄** | **၁၁. ၉** |
| | ၁ | ပို့ဆောင်ရေး | ၁၇,၉၂၁. ၄ | ၅. ၀ | ၂၀,၆၂၂. ၁ | ၅. ၂ | ၁၅. ၁ |
| | ၂ | ဆက်သွယ်ရေး | ၁၃,၄၁၁. ၆ | ၃. ၇ | ၁၄,၁၇၃. ၀ | ၃. ၆ | ၅. ၇ |
| | ၃ | ငွေရေးကြေးရေး | ၅၆၂. ၉ | ၀. ၂ | ၅၉၈. ၀ | ၀. ၂ | ၆. ၂ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂၇,၆၃၅. ၂ | ၇. ၇ | ၂၈,၅၉၁. ၇ | ၇. ၃ | ၃. ၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၁,၂၇၀. ၄ | ၃. ၁ | ၁၃,၁၈၆. ၃ | ၃. ၄ | ၁၇. ၀ |
| | ၆ | ကုန်သွယ်မှု | ၇၇,၆၉၃. ၂ | ၂၁. ၇ | ၈၈,၉၅၉. ၆ | ၂၂. ၇ | ၁၄. ၅ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၃၅၈,၈၆၀. ၉** | **၁၀၀. ၀** | **၃၉၁,၄၀၂. ၈** | **၁၀၀. ၀** | **၉. ၁** |

ပူးတွဲ-၄

## ကယားပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှု** | **၂၁၀,၃၆၆.၂** | **၅၈.၆** | **၂၂၅,၂၇၂.၁** | **၅၇.၆** | **၇.၁** |
| | ၁ | လယ်ယာ | ၆၈,၉၈၆.၄ | ၁၉.၂ | ၇၀,၈၃၇.၂ | ၁၈.၁ | ၂.၇ |
| | ၂ | သားငါး | ၅၀,၃၇၅.၆ | ၁၄.၀ | ၅၃,၇၅၃.၆ | ၁၃.၇ | ၆.၇ |
| | ၃ | သစ်တော | ၅၅၈.၂ | ၀.၂ | ၆၁၁.၂ | ၀.၂ | ၉.၅ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅,၇၇၄.၄ | ၁.၆ | ၅,၉၆၀.၃ | ၁.၅ | ၃.၂ |
| | ၆ | စက်မှုလက်မှု | ၂၇,၉၉၅.၉ | ၇.၈ | ၃၁,၆၅၆.၄ | ၈.၁ | ၁၃.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃,၂၅၈.၈ | ၀.၉ | ၅,၂၉၇.၂ | ၁.၄ | ၆၂.၆ |
| | ၈ | ဆောက်လုပ်မှု | ၅၃,၄၁၆.၉ | ၁၄.၉ | ၅၇,၁၅၆.၂ | ၁၄.၆ | ၇.၀ |
| **၂** | | **ဝန်ဆောင်မှု** | **၇၀,၈၀၁.၅** | **၁၉.၇** | **၇၇,၁၇၁.၁** | **၁၉.၇** | **၉.၀** |
| | ၁ | ပို့ဆောင်ရေး | ၁၇,၉၂၀.၄ | ၅.၀ | ၂၀,၆၂၂.၁ | ၅.၃ | ၁၅.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၃,၄၁၁.၆ | ၃.၇ | ၁၄,၁၇၇.၀ | ၃.၆ | ၅.၇ |
| | ၃ | ငွေရေးကြေးရေး | ၅၆၂.၉ | ၀.၂ | ၅၉၈.၀ | ၀.၂ | ၆.၂ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂၇,၆၃၅.၂ | ၇.၇ | ၂၈,၅၉၀.၇ | ၇.၃ | ၃.၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၁,၂၇၀.၄ | ၃.၁ | ၁၃,၁၈၆.၃ | ၃.၄ | ၁၇.၀ |
| **၃** | | **ကုန်သွယ်မှု** | **၇၇,၆၉၃.၂** | **၂၁.၇** | **၈၈,၉၅၉.၆** | **၂၂.၇** | **၁၄.၅** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၃၅၈,၈၆၀.၉** | **၁၀၀.၀** | **၃၉၁,၄၀၂.၈** | **၁၀၀.၀** | **၉.၁** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

ကရင်ပြည်နယ်ဝန်ကြီးချုပ်က အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** (၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေ အမှတ် ၅။) အား ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ထုတ်ပြန်ကြေညာ အပ်ပါသည်။

ဒေါက်တာသက်ဇော်ဦး၊
ညွှန်ကြားရေးမှူး၊
လွှတ်တော်ရုံးအကြီးအမှူးတာဝန်။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**(၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅။)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို အရအသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုငွေအတွင်း တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင်

မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရလိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်နယ်လွှတ်တော်သို့ ရှေးဦးစွာတင်ပြပြီး ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ဖြင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၇။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေအခန်း (၁၀) နှင့်အညီ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၈။ ပြည်ပချေးယူရငွေသည် လျာထားသည်ထက်ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၅) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## ပြည်ပအကူအညီရယူခြင်း

၉။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခြင်း၊ အကူအညီရငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေရ။ အဆိုပါ ကိစ္စရပ်များအတွက် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်ပါသည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း

## အခန်း (၁)
## ရငွေများနှင့် သုံးငွေများ

၁၀။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းသည် ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်အပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ခွင့်ပြုသော ထောက်ပံ့ငွေမှ ဖြည့်ဆည်းပေးရန် သတ်မှတ်ကာလအတွင်း အချိန်မီတောင်းခံနိုင်သည်။

၁၁။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ကရင်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၂။ (က) ဇယား (၅) တွင် ဖော်ပြထားသည့် သုံးငွေများသည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်သည် ဇယား (၅) တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၃။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ ဇယား (၅) အရ ခွင့်ပြုထားသောသုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော

ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

## အခန်း (၃)
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၄။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းသည် ဇယား (၅) တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) တွင် ဖော်ပြထားသော ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းက မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းစီမံကိန်း တစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ပြောင်းလဲနိုင်သည်။ ထိုသို့ သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၁၅။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အရေးပေါ်ကိစ္စရပ်များ၊ ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များ အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တင်ပြပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၀. ၉၅၀ | | ၆,၀၃၁. ၅၆၃ | | | | | | | | | ၆,၀၃၂. ၅၁၃ |
| ၂ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၂၆. ၈၄၈ | | | | | | | | | ၁၂၆. ၈၄၈ |
| ၃ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၀၃၀ | | | | | | | | | ၀. ၀၃၀ |
| ၄ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၇၀ | | | | | | | | | ၀. ၀၇၀ |
| | | ပေါင်း | ၀. ၉၅၀ | | ၆,၁၅၈. ၅၁၁ | | | | | | | | | ၆,၁၅၉. ၄၆၁ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေ | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂,၆၉၃. ၉၃၂ | | | | ၁၆,၅၁၅. ၉၆၅ | | | | ၁၉,၂၀၉. ၈၉၇ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၁၀. ၈၅၆ | | | | ၅၈၄. ၀၇၀ | | | | ၁,၀၉၄. ၉၂၆ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၆. ၆၇၆ | | | | | | | | ၅၆. ၆၇၆ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၁၀. ၈၂၇ | | | | ၅၇. ၀၁၀ | | | | ၃၆၇. ၈၃၇ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၅၂၂. ၃၅၇ | | | | ၁၀၂. ၂၃၉ | | | | ၆၃၄. ၅၉၆ |
| | | **ပေါင်း** | **၄,၀၉၄. ၆၄၈** | | | | **၁၇,၂၆၉. ၂၈၄** | | | | **၂၁,၃၆၃. ၉၃၂** |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၂၂၈. ၆၆၀** | | | | | | | | | | | **၂၂၈. ၆၆၀** |
| | ၁ | ယစ်မျိုးခွန် | | ၂၂၈. ၆၆၀ | | | | | | | | | | | ၂၂၈. ၆၆၀ |
| **၂** | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်** | **ငင်း** | **၂၈၃. ၂၁၉** | | | | | | | | | | | **၂၈၃. ၂၁၉** |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၁၀၇. ၇၂၆ | | | | | | | | | | | ၁၀၇. ၇၂၆ |
| | ၂ | တာတမံခွန် | | ၀. ၀၄၅ | | | | | | | | | | | ၀. ၀၄၅ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန် | | ၆၆. ၇၃၈ | | | | | | | | | | | ၆၆. ၇၃၈ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၆၀. ၇၆၀ | | | | | | | | | | | ၆၀. ၇၆၀ |
| | ၅ | အင်းအိုင်ခွန် | | ၄၇. ၉၅၀ | | | | | | | | | | | ၄၇. ၉၅၀ |
| **၃** | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **ငင်း** | **၁၄၄. ၆၃၂** | | | | | | | | | | | **၁၄၄. ၆၃၂** |
| | ၁ | ပစ္စည်းခွန် | | ၁၃၆. ၉၉၇ | | | | | | | | | | | ၁၃၆. ၉၉၇ |
| | ၂ | ဘီးခွန် | | ၇. ၆၃၅ | | | | | | | | | | | ၇. ၆၃၅ |
| **၄** | | **ပြည်ထဲရေး** | **ငင်း** | | | **၃. ၃၀၀** | | | | | | | | | **၃. ၃၃၀** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၃၀၀ | | | | | | | | | ၀. ၃၀၀ |
| | ၂ | မီးသတ်ဦးစီးဌာန | | | | ၃. ၀၀၀ | | | | | | | | | ၃. ၀၀၀ |
| **၅** | | **ပြည်ထောင်စုအစိုးရအဖွဲ့** | **ငင်း** | | | **၁၄. ၇၃၅** | | | | | | | | | **၁၄. ၇၃၅** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၄. ၇၃၅ | | | | | | | | | ၁၄. ၇၃၅ |
| **၆** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ငင်း** | | | **၆၈. ၁၉၉** | | | | | | | | | **၆၈. ၁၉၉** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၁. ၆၃၀ | | | | | | | | | ၁၁. ၆၃၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၀. ၅၀၀ | | | | | | | | | ၁၀. ၅၀၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၄၄. ၀၀၀ | | | | | | | | | ၄၄. ၀၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၀. ၄၈၉ | | | | | | | | | ၀. ၄၈၉ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၅၈၀ | | | | | | | | | ၁. ၅၈၀ |
| **၇** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ငင်း** | | | **၁၁. ၃၈၁** | | | | | | | | | **၁၁. ၃၈၁** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၁. ၂၈၁ | | | | | | | | | ၁၁. ၂၈၁ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | | | | ၀. ၁၀၀ |
| **၈** | | **ကျန်းမာရေးနှင့် အားကစား** | **ငင်း** | | | **၂၉. ၆၉၆** | | | | | | | | | **၂၉. ၆၉၆** |
| | ၁ | အာကစားနှင့် ကာယပညာဦးစီးဌာန | | | | ၂၉. ၆၉၆ | | | | | | | | | ၂၉. ၆၉၆ |
| **၉** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ငင်း** | | | **၀. ၀၁၈** | ၁,၀၀၀. ၀၀၀ | | | | ၉၆,၅၃၅. ၅၃၆ | | | | ၉၇,၅၃၅. ၅၅၄ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၁၈ | | | | | | | | | ၀. ၀၁၈ |
| | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | ၁,၀၀၀. ၀၀၀ | | | | ၉၆,၅၃၅. ၅၃၆ | | | | ၉၇,၅၃၅. ၅၃၆ |
| **၁၀** | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **ငင်း** | | | **၀. ၆၀၀** | | | | | | | | | **၀. ၆၀၀** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၀. ၆၀၀ | | | | | | | | | ၀. ၆၀၀ |
| **၁၁** | | **ဆောက်လုပ်ရေး** | **ငင်း** | | | **၁၄၄. ၇၃၁** | | | | | | | | | **၁၄၄. ၇၃၁** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၅၉. ၅၆၅ | | | | | | | | | ၅၉. ၅၆၅ |
| | ၂ | လမ်းဦးစီးဌာန | | | | ၈၃. ၀၀၆ | | | | | | | | | ၈၃. ၀၀၆ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂. ၁၆၀ | | | | | | | | | ၂. ၁၆၀ |
| **၁၂** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ငင်း** | | | **၃,၇၇၀. ၆၈၆** | | | | | | | **၁၀,၇၂၀. ၇၅၀** | | **၁၄,၄၉၁. ၄၃၆** |
| | | **ပေါင်း** | | **၆၅၆. ၅၁၁** | | **၄,၀၄၃. ၃၄၆** | **၁,၀၀၀. ၀၀၀** | | | | **၉၆,၅၃၅. ၅၃၆** | | **၁၀,၇၂၀. ၇၅၀** | | **၁၁၂,၉၅၆. ၁၄၃** |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁,၆၉၃. ၂၇၅** | | | | **၁,၇၆၁. ၀၉၇** | | | | **၃,၄၅၄. ၃၇၂** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၀၂. ၂၀၇ | | | | ၂၁၇. ၆၀၇ | | | | ၅၁၉. ၈၁၄ |
| | ၂ | မီးသတ်ဦးစီးဌာန | | ၁,၃၉၁. ၀၆၈ | | | | ၁,၅၄၃. ၄၉၀ | | | | ၂,၉၃၄. ၅၅၈ |
| ၂ | | **ပြည်ထောင်စုအစိုးရအဖွဲ့** | **ငြင်း** | **၄,၁၄၅. ၀၅၂** | | | | **၆၈၂. ၁၁၆** | | | | **၄,၈၂၇. ၁၆၈** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၄,၁၄၅. ၀၅၂ | | | | ၆၈၂. ၁၁၆ | | | | ၄,၈၂၇. ၁၆၈ |
| ၃ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ငြင်း** | **၂,၀၈၂. ၆၇၈** | | | | **၉၇၈. ၁၉၅** | | | | **၃,၀၆၀. ၈၇၃** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁,၁၄၂. ၀၇၅ | | | | ၁၀၇. ၁၇၅ | | | | ၁,၂၄၉. ၂၅၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၇၉. ၅၀၃ | | | | ၂၆၄. ၀၈၀ | | | | ၄၄၃. ၅၈၃ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၂၇၈. ၉၀၅ | | | | ၅၉၀. ၇၁၁ | | | | ၈၆၉. ၆၁၆ |
| | ၄ | သမဝါယမဦးစီးဌာန | | ၃၄၃. ၁၂၀ | | | | | | | | ၃၄၃. ၁၂၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၃၉. ၀၇၅ | | | | ၁၆. ၂၂၉ | | | | ၁၅၅. ၃၀၄ |
| ၄ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ငြင်း** | **၇၉၆. ၄၆၂** | | | | **၃၄၂. ၉၂၀** | | | | **၁,၁၃၉. ၃၈၃** |
| | ၁ | သစ်တောဦးစီးဌာန | | ၆၄၇. ၄၅၈ | | | | ၉၃. ၄၀၈ | | | | ၇၄၀. ၈၆၆ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၄၉. ၀၀၄ | | | | ၂၄၉. ၅၁၃ | | | | ၃၉၈. ၅၁၇ |
| ၅ | | **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား** | **ငြင်း** | **၁၃. ၂၅၂** | | | | | | | | **၁၃. ၂၅၂** |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၃. ၂၅၂ | | | | | | | | ၁၃. ၂၅၂ |
| ၆ | | **ကျန်းမာရေးနှင့် အားကစား** | **ငြင်း** | **၄၅၄. ၄၀၁** | | | | **၃၀၁. ၀၃၂** | | | | **၇၅၅. ၄၃၃** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၄၅၄. ၄၀၁ | | | | ၃၀၁. ၀၃၂ | | | | ၇၅၅. ၄၃၃ |
| ၇ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ငြင်း** | **၅၁၄. ၆၆၃** | **၁,၀၀၀. ၀၀၀** | | | **၁၉၆. ၉၀၈** | | | | **၁,၇၁၁. ၅၇၁** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၃၂. ၃၈၃ | | | | ၄၉. ၃၀၈ | | | | ၃၈၁. ၆၉၁ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၈၁. ၁၂၄ | | | | ၁၂၂. ၂၄၀ | | | | ၂၀၃. ၃၆၄ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၁. ၁၅၆ | ၁,၀၀၀. ၀၀၀ | | | ၂၅. ၃၆၀ | | | | ၁,၁၂၆. ၅၁၆ |
| ၈ | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **ငြင်း** | **၆၂. ၈၅၆** | | | | **၁၄၂. ၂၉၀** | | | | **၂၀၅. ၁၄၆** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၆၂. ၈၅၆ | | | | ၁၄၂. ၂၉၀ | | | | ၂၀၅. ၁၄၆ |
| ၉ | | **ဆောက်လုပ်ရေး** | **ငြင်း** | **၂,၄၈၆. ၂၉၄** | | | | **၄၄,၀၅၈. ၀၄၄** | | | | **၄၆,၅၄၄. ၃၃၈** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၇၅. ၅၃၀ | | | | ၆၂၀. ၆၁၁ | | | | ၈၉၆. ၁၄၁ |
| | ၂ | လမ်းဦးစီးဌာန | | ၂,၀၈၃. ၂၉၄ | | | | ၂၀,၂၇၂. ၀၀၀ | | | | ၂၃,၃၅၅. ၂၉၄ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၂၇. ၄၇၀ | | | | ၂၂,၁၆၅. ၄၃၃ | | | | ၂၂,၂၉၂. ၉၀၃ |
| ၁၀ | | **စည်ပင်သာယာရေးအဖွဲ့များ** | **ငြင်း** | **၁,၇၆၂. ၄၄၇** | | | | **၂၁,၅၂၆. ၅၅၄** | | | | **၂၃,၂၈၉. ၀၀၁** |
| | | **ပေါင်း** | | **၁၄,၀၁၁. ၃၈၀** | **၁,၀၀၀. ၀၀၀** | | | **၆၉,၉၈၉. ၁၅၇** | | | | **၈၅,၀၀၀. ၅၃၇** |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | | | **၁၂,၇၅၁. ၁၃၅** | | | | **၁၂,၇၅၁. ၁၃၅** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ပြည်နယ်အဆင့်ဆောင်ရွက်ရမည့်လုပ်ငန်းများ) | | | | | | ၁၂,၇၅၁. ၁၃၅ | | | | ၁၂,၇၅၁. ၁၃၅ |
| | | **ပေါင်း** | | | | | | **၁၂,၇၅၁. ၁၃၅** | | | | **၁၂,၇၅၁. ၁၃၅** |

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**(၂၀၁၉ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃။)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော အသုံးစရိတ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် အသုံးစရိတ်များအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် အသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၅။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေ၏ ဇယား (၁) နှင့် (၃) တို့တွင် လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၆။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် ဤဥပဒေ၏ ဇယား (၂) နှင့် (၄) တို့တွင် ခွင့်ပြုထားသော အသုံးစရိတ်များအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းသုံးစွဲနိုင်သည်။ ထိုသို့ အသုံးစရိတ်များလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော အသုံးစရိတ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၈။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် အသုံးစရိတ်များအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဇယား (၆) တွင် ခွင့်ပြုထားသော အသုံးစရိတ်များအတွင်း လုပ်ငန်းလိုအပ်ချက်အရ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲလိုပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသုံးစွဲနိုင်သည်။ ထိုသို့ ရငွေများနှင့် အသုံးစရိတ်များပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၁၀။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်နယ်လွှတ်တော် အစည်းအဝေးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်

၁၁။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ ဤဥပဒေတွင် ဖော်ပြထားသော ရငွေနှင့် အသုံးစရိတ်များကို လုပ်ငန်းအရလိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေနှင့် အသုံးစရိတ်များ လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၃။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှငွေကြေးအကူအညီနှင့် အထောက်အပံ့များ ရယူဆောင်ရွက်နိုင်သည်။

၁၄။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှငွေချေးယူရန် အကြောင်းပေါ်ပေါက်ပါက ပြည်ပမှ ငွေချေးယူခြင်းကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ဖြင့် ရယူဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဆလိုင်းလျန်လွှယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅,၆၄၆. ၆၅၉ | | | ၉၀၀. ၀၀၀ | | | | ၆,၅၄၆. ၆၅၉ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁. ၀၅၀ | | | | | | | ၁. ၀၅၀ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၉၆. ၄၀၆ | | | | | | | ၉၆. ၄၀၆ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၅၀ | | | | | | | ၀. ၀၅၀ |
| | ပေါင်း | | | | ၅,၇၄၄. ၂၆၅ | | | ၉၀၀. ၀၀၀ | | | | ၆,၆၄၄. ၂၆၅ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁,၁၉၉. ၇၄၅ | | ၉၀၀. ၀၀၀ | ၂၄,၂၇၃. ၁၄၂ | | | | ၂၆,၃၇၂. ၈၈၇ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၀၃. ၄၉၁ | | | ၅၇၉. ၃၃၉ | | | | ၁,၂၈၂. ၈၃၀ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၁. ၃၂၀ | | | | | | | ၆၁. ၃၂၀ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၇၈. ၄၉၁ | | | ၂၀၀. ၀၀၀ | | | | ၅၇၈. ၄၉၁ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၈၈၉. ၇၀၁ | | | ၁၅၇. ၆၄၀ | | | | ၁,၀၄၇. ၃၄၁ |
| | **ပေါင်း** | | **၃,၂၃၂. ၇၄၈** | | **၉၀၀. ၀၀၀** | **၂၅,၂၁၀. ၁၂၁** | | | | **၂၉,၃၄၂. ၈၆၉** |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၀. ၆၀၁ | | | | | | | | | ၇၀. ၆၀၁ |
| | ၁ | ယစ်မျိုးခွန် | | ၇၀. ၆၀၁ | | | | | | | | | ၇၀. ၆၀၁ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၂၁၂. ၄၄၁** | | | | | | | | | **၂၁၂. ၄၄၁** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၅. ၅၈၅ | | | | | | | | | ၅. ၅၈၅ |
| | ၂ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၆၂. ၉၃၆ | | | | | | | | | ၆၂. ၉၃၆ |
| | ၃ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၄၃. ၇၉၅ | | | | | | | | | ၁၄၃. ၇၉၅ |
| | ၄ | အင်းအိုင်ခွန် | | ၀. ၁၂၅ | | | | | | | | | ၀. ၁၂၅ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန်** | ၎င်း | **၂၈၀. ၂၃၅** | | | | | | | | | **၂၈၀. ၂၃၅** |
| | ၁ | ပစ္စည်းခွန် | | ၂၆၄. ၃၁၀ | | | | | | | | | ၂၆၄. ၃၁၀ |
| | ၂ | ဘီးခွန် | | ၁၅. ၉၂၅ | | | | | | | | | ၁၅. ၉၂၅ |

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အရေးပေါ် ရန်ပုံငွေ ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူ ရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် | | | ၀. ၂၁၁ | | | | | | | | ၀. ၂၁၁ |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | သို့မဟုတ် | | | ၀. ၀၈၀ | | | | | | | | ၀. ၀၈၀ |
| | ၂ | မီးသတ်ဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀. ၁၃၁ | | | | | | | | ၀. ၁၃၁ |
| ၂ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | | | | **၅. ၃၇၅** | | | | | | | | **၅. ၃၇၅** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၅. ၃၇၅ | | | | | | | | ၅. ၃၇၅ |
| ၃ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | | | **၁၃. ၀၅၇** | | | | | | | | **၁၃. ၀၅၇** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁. ၀၀၀ | | | | | | | | ၁. ၀၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၀. ၅၀၀ | | | | | | | | ၀. ၅၀၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၈. ၉၀၀ | | | | | | | | ၈. ၉၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၁. ၄၁၅ | | | | | | | | ၁. ၄၁၅ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၂၄၂ | | | | | | | | ၁. ၂၄၂ |
| ၄ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | | **၀. ၃၆၅** | | | | | | | | **၀. ၃၆၅** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၀. ၃၁၅ | | | | | | | | ၀. ၃၁၅ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၀၅၀ | | | | | | | | ၀. ၀၅၀ |
| ၅ | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | | | **၈. ၄၂၂** | | | | | | | | **၈. ၄၂၂** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၈. ၄၂၂ | | | | | | | | ၈. ၄၂၂ |
| ၆ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | | **၀. ၁၅၀** | **၁,၀၀၀. ၀၀၀** | | | **၁၅၅,၇၆၆. ၅၂၁** | | | | **၁၅၆,၇၆၆. ၆၇၁** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၁၅၀ | | | | | | | | ၀. ၁၅၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | ၁,၀၀၀. ၀၀၀ | | | ၁၅၅,၇၆၆. ၅၂၁ | | | | ၁၅၆,၇၆၆. ၅၂၁ |
| ၇ | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | ၎င်း | | | **၀. ၂၀၀** | | | | | | | | **၀. ၂၀၀** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၀. ၂၀၀ | | | | | | | | ၀. ၂၀၀ |
| ၈ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၂၇. ၀၄၁** | | | | | | | | **၂၇. ၀၄၁** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၈. ၉၄၁ | | | | | | | | ၁၈. ၉၄၁ |
| | ၂ | လမ်းဦးစီးဌာန | | | | ၈. ၁၀၀ | | | | | | | | ၈. ၁၀၀ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | | | | | | | | | | |
| ၉ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | ၇၉၇. ၂၅၀ | | | | | | | | ၇၉၇. ၂၅၀ |
| | | **ပေါင်း** | | **၅၆၃. ၂၇၇** | | **၈၅၂. ၀၇၁** | **၁,၀၀၀. ၀၀၀** | | | **၁၅၅,၇၆၆. ၅၂၁** | | | | **၁၅၈,၁၈၁. ၈၆၉** |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေသုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် | **၂,၂၅၅. ၅၃၉** | | | | **၃,၀၇၀. ၅၃၇** | | | | **၅,၃၂၆. ၀၇၆** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | သို့မဟုတ် | ၃၄၅. ၂၉၂ | | | | ၁၆၇. ၄၈၁ | | | | ၅၁၂. ၇၇၃ |
| | ၂ | မီးသတ်ဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁,၉၁၀. ၂၄၇ | | | | ၂,၉၀၃. ၀၅၆ | | | | ၄,၈၁၃. ၃၀၃ |
| ၂ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | ၎င်း | **၅,၆၈၈. ၅၇၀** | | | **၂၀. ၀၀၀** | **၂,၄၀၀. ၃၅၅** | | | | **၈,၁၀၈. ၉၂၅** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၅,၆၈၈. ၅၇၀ | | | ၂၀. ၀၀၀ | ၂,၄၀၀. ၃၅၅ | | | | ၈,၁၀၈. ၉၂၅ |
| ၃ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၃,၆၃၅. ၁၈၀** | | | | **၁,၈၅၇. ၉၀၈** | | | | **၅,၄၉၃. ၀၈၈** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၂,၂၇၅. ၅၁၇ | | | | ၁,၄၉၄. ၄၁၉ | | | | ၃,၇၆၉. ၉၃၆ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၈၇. ၀၀၁ | | | | ၁၂၇. ၆၅၀ | | | | ၃၁၄. ၆၅၁ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၃၂၃. ၆၆၉ | | | | ၁၀. ၇၀၀ | | | | ၃၃၄. ၃၆၉ |
| | ၄ | သမဝါယမဦးစီးဌာန | | ၆၄၈. ၈၃၁ | | | | ၁၀၂. ၅၇၀ | | | | ၇၅၁. ၄၀၁ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၀၀. ၁၆၂ | | | | ၁၂၂. ၅၆၉ | | | | ၃၂၂. ၇၃၁ |
| ၄ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၁,၂၉၅. ၂၀၂** | | | | **၂၈၇. ၁၀၀** | | | | **၁,၅၈၂. ၃၀၂** |
| | ၁ | သစ်တောဦးစီးဌာန | | ၁,၁၇၉. ၆၇၈ | | | | ၂၅၁. ၀၀၀ | | | | ၁,၄၃၀. ၆၇၈ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၁၅. ၅၂၄ | | | | ၃၆. ၁၀၀ | | | | ၁၅၁. ၆၂၄ |
| ၅ | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | **၆၄၂. ၈၆၄** | | | | **၁,၀၀၃. ၃၅၀** | | | | **၁,၆၄၆. ၂၁၄** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၆၄၂. ၈၆၄ | | | | ၁,၀၀၃. ၃၅၀ | | | | ၁,၆၄၆. ၂၁၄ |
| ၆ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | **၆၆၄. ၁၃၅** | **၁,၀၀၀. ၀၀၀** | | | **၂၂၈. ၇၉၇** | | | | **၁,၈၉၂. ၉၃၂** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၂၈. ၅၉၅ | | | | ၁၁၄. ၀၂၇ | | | | ၅၄၂. ၆၂၂ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၁၅. ၄၂၆ | | | | ၉၀. ၃၄၀ | | | | ၂၀၅. ၇၆၆ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၂၀. ၁၁၄ | ၁,၀၀၀. ၀၀၀ | | | ၂၄. ၄၃၀ | | | | ၁,၁၄၄. ၅၄၄ |
| ၇ | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | ၎င်း | **၈၀. ၀၉၀** | | | | **၁၉၁. ၆၅၀** | | | | **၂၇၁. ၇၄၀** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၈၀. ၀၉၀ | | | | ၁၉၁. ၆၅၀ | | | | ၂၇၁. ၇၄၀ |
| ၈ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၆,၀၀၅. ၈၂၀** | | | | **၇၇,၁၈၃. ၉၈၃** | | | | **၉၃,၁၈၉. ၈၀၃** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၆၅. ၃၄၆ | | | | ၂,၂၄၁. ၆၃၈ | | | | ၂,၅၀၆. ၉၈၄ |
| | ၂ | လမ်းဦးစီးဌာန | | ၁၅,၀၀၉. ၅၆၉ | | | | ၅၁,၃၉၀. ၇၂၅ | | | | ၆၆,၄၀၀. ၂၉၄ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၇၃၀. ၉၀၅ | | | | ၂၃,၅၅၁. ၆၂၀ | | | | ၂၄,၂၈၂. ၅၂၅ |
| ၉ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၁,၉၅၅. ၃၀၉** | | | | **၈,၄၈၄. ၂၉၀** | | | | **၁၀,၄၃၉. ၅၉၉** |
| | | **ပေါင်း** | | **၃၂,၂၂၂. ၇၀၉** | **၁,၀၀၀. ၀၀၀** | | **၂၀. ၀၀၀** | **၉၄,၇၀၇. ၉၇၀** | | | | **၁၂၇,၉၃၀. ၆၇၉** |

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | **လျှပ်စစ်နှင့် စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | **၆. ၀၀၀** | | | | | | | **၆. ၀၀၀** |
| | ၁ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆. ၀၀၀ | | | | | | | ၆. ၀၀၀ |
| | **ပေါင်း** | | | | **၆. ၀၀၀** | | | | | | | **၆. ၀၀၀** |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၂၂၈. ၅၈၆** | | | **၇,၃၁၀. ၀၀၀** | | | | **၇,၅၃၈. ၅၈၆** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၂၂၈. ၅၈၆ | | | ၇,၃၁၀. ၀၀၀ | | | | ၇,၅၃၈. ၅၈၆ |
| | | **ပေါင်း** | | **၂၂၈. ၅၈၆** | | | **၇,၃၁၀. ၀၀၀** | | | | **၇,၅၃၈. ၅၈၆** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၈၂၀/ရအဖ-၂/၃၃၇/၂၀၁၉/တမ-၁ အရ သဘောတူညီချက်နှင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ကျင်းပပြုလုပ်သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၉) ဆွေးနွေးဆုံးဖြတ်ချက် အပိုဒ် (၄)၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၄၄) တို့အရ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ကွပ်ကဲမှု အောက်ရှိ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့များမှ အောက်ပါအငယ်တန်းအင်ဂျင်နီယာ-၂ (၃) ဦးတို့အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်မှစ၍ ဦးစီးအရာရှိ (နည်းပညာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန် ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ရာထူး၊ ဒေသ |
|---|---|---|---|
| (က) | ဦးစိုးမိုးကျော် | အငယ်တန်းအင်ဂျင်နီယာ-၂ | ဦးစီးအရာရှိ (နည်းပညာ) သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ခ) | ဒေါ်နှင်းသန္တာကျော် | အငယ်တန်းအင်ဂျင်နီယာ-၂ | ဦးစီးအရာရှိ (နည်းပညာ) ကျောက်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ဂ) | ဦးကျော်စွာသိန်း | အငယ်တန်းအင်ဂျင်နီယာ-၂ | ဦးစီးအရာရှိ (နည်းပညာ) တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ |

ညီပု

ပြည်နယ်ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့

# ရခိုင်ပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ

**(၂၀၁၉ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ရခိုင်ပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရခိုင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း**ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမား ငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် မြင်းကောင်ရေ ၀.၂၅ နှင့် အထက် ၅ ကောင်အားနှင့်အောက် အသုံးပြုသည့် အလုပ်သမား (၉) ဦးထက်မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အလုပ်သမား (၃) ဦးနှင့်အထက်ရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများကို ဆိုသည်။

(ဃ) **လုပ်ငန်းရှင်**ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရရှိသူကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အမွေစားအမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင်ဆက်ခံသည့် အဖွဲ့အစည်းတို့လည်း ပါဝင်သည်။

(င) **အား**ဆိုသည်မှာ လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာဖြင့် ဖြစ်ပွားစေသည့်အား သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်ပွားစေသည့်အားကို ဆိုသည်။ (ကာယစွမ်းအားဖြင့် ဖြစ်ပွားစေသည့်အားမပါဝင်)

(စ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရခိုင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို တာဝန်ခံသောဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ဝန်ကြီး**ဆိုသည်မှာ ရခိုင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို တာဝန်ခံသောဝန်ကြီးကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ရခိုင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ဈ) **ပြည်နယ်ဦးစီးမှူး**ဆိုသည်မှာ ရခိုင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးကို ဆိုသည်။

## အခန်း (၂)
## အခြေခံမူများ

၃။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရေးကို အောက်ပါအခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) ပြည်တွင်းထွက် သယံဇာတပစ္စည်းများကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍ စက်မှုလက်မှုကုန်ချောများ ထုတ်လုပ်ရန်၊

(ခ) နိုင်ငံ၏ စီးပွားရေး အခြေခံအင်အားတစ်ရပ်ဖြစ်သည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်စေရန်နှင့် တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍ ပါဝင်မှုအချိုးအစားမြှင့်တင်နိုင်ရန်၊

(ဂ) မြန်မာ့ရိုးရာ လက်မှုအနုပညာများ တိမ်ကောပပျောက်မှုမရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) ဒေသတွင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် နည်းပညာလွှဲပြောင်းသင်တန်းများ ဖွင့်လှစ်ပေးရန်၊

(င) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်တတ်မြောက်စေရန်နှင့် စားသုံးသူများ ဝယ်ယူရရှိစေရန်၊

(စ) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီနည်းပညာများ အသုံးပြု၍ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး ဖော်ဆောင်နိုင်ရန်၊

(ဆ) ပြည်တွင်းသာမက ပြည်ပဈေးကွက်များအတွက်လည်း စံချိန်စံညွှန်းမီပစ္စည်းများ ထုတ်လုပ်ရောင်းချရန်၊

(ဇ) သမဝါယမအသင်းများ ဖွဲ့စည်းရေးအတွက် အထောက်အကူဖြစ်စေရန်၊

(ဈ) အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းများဖြစ်ပေါ်လာစေရန်၊

(ည) ပတ်ဝန်းကျင်ကို ပျက်စီးစေမည့်လုပ်ငန်းများ မပေါ်ပေါက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ဋ) စက်မှုဒေသအချင်းချင်း၊ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်၊

(ဌ) ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## မှတ်ပုံတင်ခြင်း

၄။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် ဤဥပဒေအရ မှတ်ပုံတင်သည့်အခါ ဦးစီးဌာနကသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၅။ ဦးစီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

၆။ ဦးစီးဌာနသည် မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေးနှင့် မှတ်ပုံတင်သက်တမ်းကာလတို့ကို ဝန်ကြီး၏ လမ်းညွှန်မှုကိုခံယူ၍ သတ်မှတ်ပေးရမည်။ ထို့အပြင် ဦးစီးဌာနက သတ်မှတ်ပေးသည့် ကာလအတွင်း မှတ်ပုံတင်အသစ် လဲလှယ်ရန် ပျက်ကွက်ပါက သတ်မှတ်သည့်ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

## အခန်း (၄)
## လုပ်ငန်းရှင်၏ တာဝန်နှင့် ခံစားနိုင်ခွင့်များ

၇။ လုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိလုပ်ကိုင်နေသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ် လဲလှယ်ကြေး၊ ဒဏ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ အကူအညီပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် စစ်ဆေးခြင်းကို ခံယူခြင်း၊

(ဂ) လုပ်ငန်းလွှဲပြောင်းခြင်းနှင့် နေရပ်လိပ်စာပြောင်းရွှေ့ခြင်းတို့ကို ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားခြင်း၊

(ဃ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ဤဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(င) တည်ဆဲဥပဒေများကို လိုက်နာခြင်း၊

(စ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

၈။ လုပ်ငန်းရှင်၏ ခံစားနိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေးမြင့်မားရေးအတွက် ဦးစီးဌာနက သတ်မှတ်ချက်ဖြင့် လွှဲပြောင်းပေးသော နည်းပညာရပ်များကို ရယူခြင်း၊

(ခ) မိမိထုတ်လုပ်သော စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်များသို့ သတ်မှတ်ချက်နှင့် အညီ တင်ပို့ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဂ) ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဖြင့်ရရှိသော နိုင်ငံခြားငွေများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကုန်ကြမ်း၊ စက်နှင့်စက်ကိရိယာ အရန်ပစ္စည်းများ ဝယ်ယူနိုင်ခွင့်ရှိခြင်း၊

(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ ဆွေးနွေးပွဲတက်ရောက်ခြင်း၊ သင်တန်းတက်ရောက်ခြင်း၊

(င) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့် စီးပွားရေးလုပ်ငန်း စာချုပ်များ ချုပ်ဆိုလုပ်ကိုင်ခြင်း၊

(စ) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ချေးငွေများ၊ အထောက်အပံ့များ ရယူခြင်း၊

(ဆ) ဦးစီးဌာနနှင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားအခွင့်အရေးများကို ခံစားခွင့်ရှိခြင်း၊

(ဇ) ဦးစီးဌာနတွင် မှတ်ပုံတင်ပြီးသောပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ပြီး ပြည်တွင်းတင်ဒါခေါ်ယူမှုများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း၊

(ဈ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များစုပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ၊ အရောင်းပြပွဲများ ဆောင်ရွက်နိုင်ခြင်း။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် ( ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၉၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်းအမှတ်/အမည်-၉၄/ ဈေးချို အနောက်ကွင်း၊ ဦးပိုင်အမှတ် (၃၈/၈)၊ **မြေဧရိယာ ၀. ၃၇ ဧက** အား **သာသနာ့တေဇမင်္ဂလာဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ-၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၅/၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ လက်ပန်ဇင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၀၅/လက်ပန်ဇင်)၊ မြေကွက်အမှတ် (F-၄၉၉/၁၂၅၃)၊ **မြေဧရိယာ ၀. ၉၅ ဧက** အား **ရွှေအံတော်ဘုရားတိုးချဲ့သာသနာမြေ** အဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ - ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၆/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (ကွင်းပြင်ပ)၊ ဦးပိုင်အမှတ် (၄၉)၊ **မြေဧရိယာ ၇. ၇၂ ဧက** အား **ဇောတိကာရာမပရိယတ္တိစာသင်တိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၅၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

### ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

အမှတ် ၂၁ ။ ။ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းဆွေ အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားရန် လျှောက်ထားချက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) ခွင့်ခံစားခြင်း၊ နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ

ငြင်းပယ်လိုက်ပြီး နည်းဥပဒေ (၈၇) (၈၉) တို့အရ ငြင်းပယ်ခွင့်ပြုထားသော အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဉာဏ်ထွန်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားမည်ဖြစ်သော ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းဆွေ ၏ အလုပ်ဝတ္တရားများကို ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

ဗိုလ်ဗိုလ်ကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## သစ်တောဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၇၀၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

### ပုဂ္ဂလိကကျွန်းစိုက်ခင်းမြေဧရိယာဧက (၅၀၀) အား ပြန်လည်သိမ်းဆည်းခြင်းကိစ္စ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကင်းမြို့နယ်၊ ၁၄ ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အခန်း (၁၂/ခ) တွင် တည်ရှိသော Perfect Factor Co.,Ltd ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်စိုးစန္ဒာနိုင် [၉/မနမ (နိုင်) ၁၀၂၇၇၀] သို့ တည်ထောင်ခွင့်ပြုထားသော ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ မြယာပင်ကျောကြိုးဝိုင်း၊ အကွက်အမှတ် (၃၈၊ ၄၀၊၄၁) အတွင်း မြေဧရိယာဧက (၅၀၀) အား လုပ်ငန်းရှင်မှ ပြန်လည်အပ်နှံလာသည့်အတွက် ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်လုပ်ကိုင်ခွင့်ရသူက လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခွင့်အရေးများပါ အပိုဒ် (၅) အရ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ ပြန်လည်သိမ်းဆည်းလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

အမှတ် ၄၂၆ ။ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသည့် (၂၉/၂၀၁၉) ကြိမ်မြောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ ပင်မအလုပ်ရုံ နေပြည်တော်မှ လက်ထောက်အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ဝင်း အား ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် အင်ဂျင်နီယာဌာန၊ ရုံးချုပ်တွင် တာဝန်ချထားလိုက်သည်။

ခင်စန်း၊
အထွေထွေမန်နေဂျာ (စီမံရေး)၊
မြန်မာ့သစ်လုပ်ငန်း။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် ( ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**လူစီနိုမြန်မာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**
**(LUCIENO MYANMAR TRADING CO., LTD)** အား
အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၈-၁-၂၀၂၀
ကျင်းပမည့်အချိန် - နံနက် (၉း၀၀) နာရီ
ကျင်းပမည့်နေရာ - အမှတ် (၁၀၈)၊ မြေညီထပ်၊ ၁၅-လမ်း၊ (၇) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၃၉)

**Kyoung Lim Myanmar Company Limited**
**(In Members' Voluntary Liquidation)**

According to the Special General Meeting of the Members of Kyoung Lim Myanmar Company Limited held the Board of Directors Meeting on December 19,2019 when the following "Special Resolutions " were passed;

1. The Shareholders approved to voluntarily liquidate the Company effective as of December 27,2019 and
2. The Shareholders approved to appoint Daw Tint Tint [B.Sc (Zoo)., DA], [NRC 12/Ma Ga Da (N) 074888] to act as the liquidator for winding up the Company.

All creditors of Kyoung Lim Myanmar Company Limited are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, no later than (27.1.2020).

Mr. Han Jung Han
Managing Director

Daw Tint Tint [B.Sc (Zoo)., DA]
Liquidator

**မကောစတီး ကုမ္ပဏီလီမိတက်**

**(MACOSTY CO., LTD)** အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၈-၁-၂၀၂၀

ကျင်းပမည့်အချိန် - နံနက် (၉း၀၀) နာရီ

ကျင်းပမည့်နေရာ - အခန်းအမှတ် (၁၀)၊ မြေညီထပ်၊ လမ်းသစ်လမ်း၊ မော်တင်စျေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၃၉)

**အမ် ဂျေ အယ်(လ်) အင်န် အေ ကေ တီ ပက်ထရိုလီယန် ကုမ္ပဏီလီမိတက်**

**(MJL & AKT PETROLEUM COMPANY LIMITED)**

ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံးတက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အမ်ဂျေအယ် (လ်) အင်န် အေကေတီ ပက်ထရိုလီယန် ကုမ္ပဏီလီမိတက် (MJL & AKT PETROLEUM COMPANY LIMITED)** အား စတင် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ၁၂/မဂတ (နိုင်) ၀၃၆၄၇၉] B.A, CPA, R.A, I.C.M.A, PART II (LONDON) လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

KYAWT MG

B.A.,CPA., R.A., I.C.M.A., PART II (LONDON)

Certified Public Accountant & Auditor

**အန်းနဂရင်းဖန် ကုမ္ပဏီလီမိတက်**

**(ANNAS GREEN FARM COMPANY LIMITED)**

အစုရှင်များ၏ ဆန္ဒအရ နောက်ဆုံးအပြီးသတ် ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

**ANNAS GREEN FARM COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ်အစည်းအဝေးကို (၆-၁-၂၀၂၀) ရက်နေ့ နံနက် (၉း၀၀) နာရီတွင် အမှတ် (၄၇၇/အေ)၊ ဗဟိုလမ်း၊ ကျောက်ရေတွင်း (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ နောက်ဆုံးအပြီးသတ် အစည်းအဝေးကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

KYAWT MG

B.A.,CPA., R.A., I.C.M.A., PART II (LONDON)

Certified Public Accountant & Auditor

**အိုင်ဗွီဗွီအိုင်မြန်မာ ကုမ္ပဏီလီမိတက်**
**(IVVI MYANMAR CO., LTD)** အား
အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၈-၁-၂၀၂၀
ကျင်းပမည့်အချိန် - နံနက် (၉း၀၀) နာရီ
ကျင်းပမည့်နေရာ - အကွက်အမှတ် (၃)၊ အမှတ် (၁၄)၊ ၇၃ လမ်း၊ ၎၀ါလမ်းနှင့် သဇင်လမ်းကြား၊ နယူးအိုးရှန်းအနောက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၃၉)

**အခရာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**
**(VITAL TRADING CO.,LTD) အား**
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အခရာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (VITAL TRADING CO.,LTD)** အား (၂၀. ၁၂. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့်အေး တရားလွှတ်တော်ရှေ့နေအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

SU WAI LWIN
Managing Director
Vital Trading Co.,Ltd

ဒေါ်မြင့်မြင့်အေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၃၉)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
**YE U AUNG YA TA NAR SERVICES CO.,LTD**
အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **YE U AUNG YA TA NAR SERVICES CO.,LTD** အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, CPA, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U Myint Oo
Managing Director
Ye U Aung Ya Ta Nar Services Co.,Ltd

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE U AUNG YA TA NAR SERVICES CO.,LTD (ဖျက်သိမ်းဆဲ)

## Northern Tiger Trading Company Limited

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၄၈ အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

အထွေထွေအထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **Northern Tiger Trading Company Limited** အား (၂၄. ၁၂. ၂၀၁၉) နေ့မှ စတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်မီမီကျော် (B.Com, Q, CPA) အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၂၄. ၁. ၂၀၂၀) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မိုးမိုးသန်း
မန်နေးဂျင်းဒါရိုက်တာ
Northern Tiger Trading Co.,Ltd ၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

မီမီကျော်
(B.Com,Q,CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## THE STRAND TRADTNG Co., Ltd

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ အရ
အပြီးသတ် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၂၇-၁-၂၀၂၀ ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ပြည်လမ်း၊ ၆ မိုင်ခွဲ အမှတ် ၃၃ တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေ အကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

Zaw Htike
Managing Director
The Strand Trading Co.,Ltd

ဦးခင်ဝင်း
[B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၁၇၅ (ပထမထပ်) ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) ၂၀၄၊ ပဒေသရာဇာလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ဖုန်း - ၀၉၅၀၀၈၅၈၃

## MAX DRAGON TRADING CO., LTD

ဖျက်သိမ်းရန် ကြေညာချက်

၁။ **MAX DRAGON TRADING CO., LTD** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၅. ၁၁. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း [၁၂/သလန (နိုင်) ၀၃၃၂၅၉] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်း ထံ ဆက်သွယ် ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

MYINT THEIN
MANAGING DIRECTOR
MAX DRAGON TRADING CO., LTD

ဦးဆန်းထွန်း
(B.Com, CPA, F.B.S.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
MAX DRAGON TRADING CO., LTD (ဖျက်သိမ်းဆဲ)

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၁၉၅၀/၂၇-၁၂-၂၀၁၉။